# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 7 March 2017 (၈၈၅၈)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်၏ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ


စာမျက်နှာ - ၃







# ၂၀၁၇ ခုနှစ် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်ဖိုရမ်ဖွင့်ပွဲကျင်းပ
# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ စကားဝိုင်းဆွေးနွေး

**နေပြည်တော် မတ် ၆**

"ကိုယ့်မှာ အခွင့်အရေးရှိလာတာနဲ့အမျှ တာဝန်ယူရတာကိုလည်း ဂုဏ်ယူရမယ်။ တာဝန်ဆိုတာဟာ မလုပ်မဖြစ်လုပ်ရမယ့် ဝန်ထုပ်ဝန်ပိုးကြီးလို့ မစဉ်းစားဘဲနဲ့ တာဝန်ယူပိုင်ခွင့်ရတာကိုက အခွင့်အရေးပဲ။ နိုင်ငံသားတစ်ယောက်ရဲ့ ရသင့်တဲ့ အခွင့်အရေးတစ်ခုပဲ။ ဒါကြောင့် ကျွန်မတို့ တာဝန်ယူမယ်၊ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ကျွန်မတို့အမျိုးသမီးများ၊ ကျွန်မတို့နိုင်ငံတိုးတက်ရေးအတွက်၊ ကမ္ဘာကြီးတိုးတက်ရေးအတွက် ဦးတည်ပြီးတော့ လုပ်သွားစေချင်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။


စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆





# ကြေးမုံ

## ပြည်သူ့အတွက်ရုပ်သံ

နိုင်ငံတော်အစိုးရသစ် နိုင်ငံ့တာဝန်ယူခဲ့သည်မှာ အချိန်ကာလအားဖြင့် တစ်နှစ်တာကာလနီးပါးသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ အချိန်ကာလ တစ်နှစ်တာဆိုသည်မှာ တိုတောင်းလွန်းသော်လည်း တိုတောင်းသည့်ကာလအတွင်းမှာပင် အစိုးရသစ်၏ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးရှိ လုပ်ငန်းဌာနများ၏ ပြုပြင်ပြောင်းလဲ တိုးတက်ဆောင်ရွက်နိုင်မှုများအပေါ် သုံးသပ်ရှုမြင်ကြည့်ရန်လိုအပ်ပေသည်။

ပြည်ထောင်စုဝန်ကြီးဌာနများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း အစိုးရသစ် တစ်နှစ်တာကာလအတွင်း ပြောင်းလဲတိုးတက်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းဝန်ကြီးဌာနတွင် ဝန်ကြီးရုံးနှင့် လုပ်ငန်းဌာန လေးခုရှိပြီး အဆိုပါ လုပ်ငန်းဌာနများတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှာ ပြည်သူများအတွက် အထူးအရေးပါသော လုပ်ငန်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။

၎င်းလုပ်ငန်းသည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် အသိအမြင်များ များစွာပေးဝေနိုင်ခဲ့ပြီဖြစ်သည်။ ခေတ်ကာလအမျိုးမျိုးကိုဖြတ်သန်းခဲ့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်နှင့်ပြည်သူ ပေါင်းကူးဆက်သွယ်ရာ တံတားတစ်စင်းဟု ဆိုနိုင်ပါသည်။

ခေတ်အဆက်ဆက် ခေတ်နှင့်လျော်ညီစွာ ဖြတ်သန်းတင်ဆက်ပေးခဲ့ပြီး ဒီမိုကရေစီခရီးလမ်းသို့ လျှောက်လှမ်းနေသောအချိန်အခါတွင် ဒီမိုကရေစီစနစ်နှင့်လိုက်လျောညီထွေသည့် ပြုပြင်ပြောင်းလဲထုတ်လွှင့်တင်ဆက်မှုများ ပြုလုပ်လျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း နိုင်ငံတော်၏မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို များစွာဆောင်ရွက်ခဲ့ပေသည်။

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေများ ပြင်ဆင်ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ပုဂ္ဂလိကရုပ်သံလိုင်းများ အသစ်ပေါ်ထွက်ရေးအတွက် ပွင့်လင်းမြင်သာစွာ စီစဉ်ဆောင်ရွက်နေခြင်း၊ ပြည်သူများ၏ စိတ်ဝင်စားမှုကို ဆန်းစစ်ကြည့်ပြီး ပြည်သူများလိုလားချက်အတိုင်း ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုနယ်ပယ်များတွင် သက်ဆိုင်ရာစကားဝိုင်းများ၊ ဆွေးနွေးမှုများပြုလုပ်ကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သဘောထားမတူညီသူများ အတူတကွဆွေးနွေးညှိနှိုင်းနိုင်သည့် ယဉ်ကျေးမှုတစ်ရပ်ကို ပြောင်းလဲဖော်ဆောင်နိုင်ခဲ့သည်။

အရေးကြီးသောသတင်းများ၊ ပြည်သူများအချိန်မီ သိသင့်သိထိုက်သည့်သတင်းများကို အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်ပေးလျက်ရှိပြီး နိုင်ငံ၏အခြေအနေအပေါ် ပညာရှင်များ၏သုံးသပ်ဆွေးနွေးမှုများနှင့် ပြည်သူများ၏လူမှုဘဝအခြေအနေမှန်များကို ထင်ဟပ်ဖော်ပြနိုင်သည်မှာ ပြောင်းလဲမှုတစ်ရပ်ပင်ဖြစ်သည်။ ပြည်သူများအတွက် အလေးထားမှတ်သားဖွယ်မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အသိပညာပေးထုတ်လွှင့်ချက်များပင်ဖြစ်သည်။

အထူးအားဖြင့် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပြည်သူများ စိတ်လက်အပန်းဖြေ အနားယူနိုင်စေရန်တင်ဆက်သည့် အသိပညာဗဟုသုတနှင့် ဖျော်ဖြေရေးအစီအစဉ်များသည် ပြည်သူများအား လွှမ်းခြုံမိသည်မှာ အမှန်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားဘာသာ ၁၁ ဘာသာဖြင့် နေ့စဉ်တင်ဆက်ပေးသော အစီအစဉ်များသည် တိုင်းရင်းသားချစ်ကြည်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုစေသည်။

နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အစဉ်ရှေးရှုသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုများသည် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြည်သူများအား ပိုမိုပေးစွမ်းနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အစိုးရနှင့်ပြည်သူအကြားတွင် ကြားခံပေါင်းကူးတံတားအဖြစ် ဘက်ညီမျှတစွာဖော်ဆောင်နေသော ပြည်သူ့အတွက်မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြားသည် ပြည်သူ့အတွက် ပြန်ကြားပေးရေး၊ ပညာပေးရေး၊ ဖျော်ဖြေပေးရေးအစီအစဉ်များကို ဆက်လက်တိုးမြှင့်ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး စတင်ကျင်းပ



ရန်ကုန် မတ် ၆

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ပထမနေ့ ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စတင်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် ဆရာတော်များက "သာသနဿစ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ"အစချီ နှစ်ဂါထာကိုရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်တော်မူကြပြီး အစည်းအဝေးကျင်းပမည့် တပေါင်းလဆန်း(၉၊၁၀၊၁၁)ရက်၊ မတ်(၆၊၇၊၈)ရက် အစည်းအဝေး အစီအစဉ်ကို အစည်းအဝေးကြီး၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒစရိယဆရာတော်ကြီးများ၏ ဩဝါဒကထာများကို နာယူကြပြီး အစည်းအဝေးသဘာပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍အတည်ပြုချက်ရယူသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက တင်သွင်းလျှောက်ထားသည်။

မွန်းလွဲပိုင်း အစီအစဉ်တွင် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူကြသော နိုင်ငံတော်ဩဝါဒစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်သည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို သက်ဆိုင်ရာဆရာတော်များက ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းပြီး ပထမနေ့ အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများကို အလှူရှင် ဦးသိန်းမောင်၊ ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

## ဦးရာဇ်တော်ဓာတ် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**စစ်တွေ မတ် ၆**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့၌ အစဉ်အလာမပျက်ကျင်းပလျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကာလမှာ ဘုရားအနေကဇာတင် မင်္ဂလာအခမ်းအနား၊ သံဃာ့ဒါနဆွမ်းကျွေးလှူဒါန်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ(အထက်တန်း၊ အငယ်တန်း စိန်ခေါ်ပွဲများ)၊ ရခိုင်ရိုးရာပြိုင်လောင်းပွဲ(ငါးလံမှ ငါးလံနှစ်တောင်၊ ခြောက်လံမှ ခြောက်လံနှစ်တောင်၊ ရှစ်လံမှ ရှစ်လံနှစ်တောင်) ပြိုင်ပွဲများ၊ အဆင့်မြင့်ဇာတ်သဘင်ပွဲများ၊ အခြားပျော်ပွဲရွှင်ပွဲများနှင့် ကလေးများပျော်ပွဲရွှင်ပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်း အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်နှင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)တို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ကျင်းပရာ ဗဟိုအတွင်းရေးမှူး(၄) တိုင်းသာသနာနုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ သုဓမ္မ ပဏ္ဍိဇောတရေ လူမှုထူးချွန်ဒေါက်တာရဲအောင်နှင့် ခရိုင်သာသနာနုဂ္ဂဟ၊ မြို့နယ်သာသနာ့နုဂ္ဂဟနှင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဆုရကလေးများအား ဆုများ၊ ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မီးမီး(လှိုင်)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ဘီးလင်း မတ် ၆**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူး၊ ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူးတို့၏လမ်းညွှန်ကြီးကြပ်မှုဖြင့် တောင်စွန်းနယ်မြေရဲစခန်းမှ ရဲအုပ်ဟန်တင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မတ် ၁ ရက်က ဘီးလင်းမြို့နယ် ဆင်အင်းကျေးရွာအုပ်စု ဆတ်သွားကျေးရွာသို့ သွားရောက်ပြသခဲ့သည်။

အဆိုပါမှုခင်းပညာပေးပြခန်းယာဉ်၌ ပါဝင်သည့် မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများ၊ မှတ်တမ်းဓာတ်ပုံများကို ကျေးရွာပြည်သူများက စိတ်ဝင်တစားလာရောက်ကြည့်ရှုခဲ့ကြပြီး တောင်စွန်းနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၆**

ရန်ကုန်(ရွှေဈေး) ၈၈၉၀၀၀ - ၈၈၉၀၀၀  မန္တလေး(ရွှေဈေး) ၈၈၉၀၀၀ - ၈၈၉၀၀၀

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၈၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀/၇၄၅ ကျပ်၊ | ၇၇၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၉၁ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၁. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၇၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၇၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၆၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၂၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၉. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇. ၇၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၂. ၅၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်၏ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Stephen Groff အား ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အခြေခံအဆောက်အအုံကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ပြည်ပပို့ကုန်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Stephen Groff အား လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအား ဂါရဝပြုတွေ့ဆုံ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအား ဂါရဝပြုတွေ့ဆုံစဉ်။**

(သတင်းစဉ်)

**နေပြည်တော် မတ် ၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် သမ္မတနန်းတော်သို့သွားရောက်၍ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Tran Dai Quang အား ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည်ဖြင့် ဘက်စုံပူးပေါင်းဆောင်ရွက်လိုမှု၊ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာများ၊ အားကစားနှင့်ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည်နှင့်အညီ အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုမှသည် တစ်ကမ္ဘာလုံးဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်လုပ်ဆောင်သွားနေမှု၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအား ယခုထက်ပိုမို၍ အောင်မြင်စေရန်နှင့် မြန်မာ့တပ်မတော် ပိုမိုတိုးတက်အောင်မြင်စေရန် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတကြီးအား အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် အမျိုးသားလွှတ်တော်သို့သွားရောက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Thi Kim Ngan နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

**နေပြည်တော် မတ် ၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး Gen. Ngo Xuan Lich ၏ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ယနေ့နံနက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အမျိုးသားကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။ ယင်းနောက် ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်အကြီးအကဲများနှင့် အပြန်အလှန်မိတ်ဆက်ပေးပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် ကာကွယ်ရေးဝန်ကြီးဌာနအတွင်းရှိ International Talk Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ခေါင်းဆောင်ပိုင်းသာမက အဆင့်အလိုက် အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များစေလွှတ်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများနှင့် ဘာသာစကားသင်တန်းများအပါအဝင် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဆေးဘက်ဆိုင်ရာနှီးနှောဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အားကစားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် Myanmar National Tele & Communications Co.,Ltd.(MNTC) နှင့် Viettel Global Investment JSC တို့အကြား နည်းပညာနှင့် စီမံခန့်ခွဲမှုအထောက်အကူပြု သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ MNTC ၏ Chairman ဦးခင်မောင်စိုးနှင့် Viettel Group ၏ General Director, Maj. Gen. Nguyen Manh Hung တို့က စာချုပ်တွင် အပြန်အလှန်လက်မှတ်ရေးထိုးကြသည်။

ထိုသို့စာချုပ်ချုပ်ဆိုခြင်းအားဖြင့် စတုတ္ထအော်ပရေတာ (Mytel) ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာနှင့် စီမံခန့်ခွဲရေးလုပ်ငန်းရပ်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အပြည့်အဝ လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြစဉ်။**

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်နှင့် ဗီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဟိုချီမင်းဗိမာန်တို့၌ ပန်းခွေချ၍ ဂုဏ်ပြုကြသည်။

မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ အထင်ကရနေရာတစ်ခုဖြစ်သော Hanoi Old Quarters သို့သွားရောက်ပြီး Hoan Kiem ရေကန်အတွင်းရှိ Ngoc Son ရှေးဟောင်းဘုရားကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ ယင်းဘုရားကျောင်းသည် Hoan Kiem ရေကန်အတွင်းရှိ ကျွန်းငယ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ဘုရားကျောင်းအတွင်း အေဒီ ၁၃ ရာစုနှစ်က စစ်ဘုရင်ကြီးတစ်ပါးဖြစ်သည့် Tran Hung Dao ၏ ရုပ်တုအပါအဝင် အခြားစစ်ဘုရင်များ၏ရုပ်တုများ ထုလုပ်ထားရှိသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Hanoi Old Quarters နှင့် Hoan Kiem ရေကန်တို့ကို ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ ဂျီဒီပီတိုးတက်နှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်းလျာထားသတ်မှတ်

**ပေကျင်း မတ် ၆**

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်အတွက် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)တိုးတက်မှုနှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်း လျာထားသတ်မှတ်လိုက်ကြောင်း၊ ကမ္ဘာပေါ်တွင် ဒုတိယစီးပွားရေးအင်အားတည်ရာ တရုတ်နိုင်ငံသည် ယခုနှစ်တွင် အနည်းငယ်မျှ ပိုမိုနှေးကွေးသွားသော ဂျီဒီပီတိုးတက်မှုနှုန်းကို လက်ခံရမည့်အခြေအနေတွင် ရှိနေကြောင်း၊ ထိုစဉ်အတွင်း ဝန်ကြီးချုပ်လီခချန်းက ယခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးတွင် ပိုမိုရှုပ်ထွေးပွေလီသည့် အခက်အခဲများကို တွေ့မြင်ရဖွယ်ရှိသည်ဟု သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။



လက်တွေ့စီးပွားရေးဘဝတွင် ရလဒ်ကောင်းများ ပိုမိုရရှိရေးအတွက် တရုတ်နိုင်ငံက ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြို့တော်ပေကျင်း၌ မတ် ၅ ရက်က ကျင်းပသော အမျိုးသားပြည်သူ့ကွန်ဂရက်၏ နှစ်ပတ်လည်ညီလာခံတွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်အတွက် ဂျီဒီပီတိုးတက်မှုနှုန်းလျာထားချက်ကို ၆ ဒသမ ၅ ရာခိုင်နှုန်းတွင် ရှိနေရန် လျာထားသည်။ ယင်းမှာ ၂၀၁၆ ခုနှစ်အတွက် လျာထားချက်ဘောင်ဖြစ်သော ၆ ဒသမ၅ မှ ၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်နိုင်ကြောင်း အစိုးရအဖွဲ့က အမျိုးသား ပြည်သူ့ကွန်ဂရက်သို့ တင်သွင်းသော လုပ်ငန်းအကောင်အထည်ဖော်မှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ဂျီဒီပီတိုးတက်နှုန်း ၆ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာ ၂၆ နှစ်တာကာလအတွင်း အနှေးကွေးဆုံးဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်း ဦးတည်ချက်ပေါက်မြောက်စေရေးအတွက် ဂျီဒီပီတိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းကို ထိန်းထားနိုင်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် လီက မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

စီးပွားရေးအခြေခံမူများနှင့် လက်တွေ့ဘဝအခြေအနေနှင့်အတူ လျာထားသတ်မှတ်ခြင်းဖြစ်ကြောင်း၊ ဈေးကွက်တည်ငြိမ်မှုရှိစေပြီး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း လီက ပြောကြားသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ရှိနေစေရန်နှင့် ပြည်သူတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် စီးပွားရေးအရ ပုံမှန်တိုးတက်မှုရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း လီက ဆက်လက်ပြောကြားသည်။

**ပီတီအိုင်။**

■

## တယ်လီဖုန်း ကြားဖြတ်ခိုးနားထောင်သည်ဆိုမှု တရားရေးဌာနကပယ်ချရန် အက်ဖ်ဘီအိုင်အကြီးအကဲတိုက်တွန်း

**ဝါရှင်တန် မတ် ၆**

လွန်ခဲ့သည့်နှစ်က သမ္မတရွေးကောက်ပွဲ ကာလအတွင်း ဒေါ်နယ်လ်ထရန့်၏ တယ်လီဖုန်း ဆက်သွယ် ပြောကြားမှုများကို ကြားဖြတ်ခိုးနားထောင်ရန် ထိုစဉ်က သမ္မတဖြစ်သူ ဘာရက်အိုဘားမားက ညွှန်ကြားခဲ့သည်ဆိုသော ထရန့်၏ အခြေအမြစ်မရှိသည့် စွပ်စွဲချက်နှင့် ပတ်သက်၍ တရားရေးဌာနက လူသိထင်ရှားပယ်ချရန် အမေရိကန် ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) ညွှန်ကြားရေးမှူး ဂျိမ်းကိုမေက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲ ကာလအတွင်း ထိုစဉ်ကသမ္မတဖြစ်သူ အိုဘားမားက မိမိ၏တယ်လီဖုန်း ဆက်သွယ်ပြောဆိုချက်များကို ခိုးနားထောင်ရန် ညွှန်ကြားခဲ့ခြင်းသည် ၁၉၇၀ ပြည့်လွန်နှစ်များက ဝါးတားဂိတ်နိုင်ငံရေး အရှုပ်တော်ပုံနှင့် အလားသဏ္ဌာန်တူညီကြောင်း သမ္မတထရန့်က ၎င်း၏ တွစ်တာလူမှုကွန်ရက်စာမျက်နှာမှ တစ်ဆင့် မတ် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။ ဝါးတားဂိတ် အရှုပ်တော်ပုံကြောင့် ထိုစဉ်က ရီပတ်ဘလီကန် သမ္မတရစ်ချတ်နစ်ဆင်မှာ ရာထူးမှ ဆင်းပေးခဲ့ရသည်။

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲ ကာလအတွင်း မိမိ၏ တယ်လီဖုန်း ပြောဆိုချက်များကို အိုဘားမားက ကြားဖြတ် ခိုးနားထောင်ခဲ့ခြင်းမှာ နိုင်ငံရေးလှုံ့ဆော်မှုအရ ဖြစ်နိုင်ဖွယ်ရှိသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်က စုံစမ်းစစ်ဆေးပေးပါရန်လည်း ထရန့်က မေ ၅ ရက်တွင် တောင်းဆိုခဲ့သည်။

သမ္မတ၏ အခွင့်အာဏာကို အသုံးပြု၍ စုံစမ်းထောက်လှမ်းရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို အလွဲအသုံးချခဲ့ခြင်း ရှိ၊ မရှိ ကွန်ဂရက်လွှတ်တော်ရှိ ထောက်လှမ်းရေးကော်မတီများက သုံးသပ်လေ့လာသင့်ကြောင်း အိမ်ဖြူတော်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ထရန့်၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး အဖွဲ့ဝင်အချို့နှင့် အမေရိကန် ပြည်ထောင်စုဆိုင်ရာ ရုရှားသံအမတ်ကြီး ဆာဂေးကစ္စလက်တို့အကြား အဆက်အသွယ်ပြုလုပ်ခဲ့သည်ဆိုသော မီဒီယာသတင်းများ ပေါ်ထွက်လာခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ထရန့်၏စွပ်စွဲချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

**ရိုက်တာ။**

## မြောက်ကိုရီးယားပြဿနာဖြေရှင်းရေး ဂျပန်နှင့် တရုတ် ပူးပေါင်းဆောင်ရွက်မည်

**တိုကျို မတ် ၆**

ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ထိပ်တန်းတာဝန်ရှိသူများသည် မြောက်ကိုရီးယားနိုင်ငံကို ဆန့်ကျင့်ရှုတ်ချသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုတစ်ခုအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် တနင်္လာနေ့က ပဲ့ထိန်းဒုံးကျည် လေးခုပစ်လွှတ်ခဲ့သည်။ ပစ်လွှတ်ခဲ့သည့် ဒုံးကျည်လေးခုအနက် သုံးခုသည် ဂျပန်ပင်လယ်အတွင်းရှိ ဂျပန်နိုင်ငံ၏ စီးပွားရေးဇုန်ထဲ ကျရောက်ခဲ့ဖွယ်ရှိသည်။

တနင်္လာနေ့နှောင်းပိုင်းတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှနှင့် သမုဒ္ဒရာပိုင်းဇုန်ရေးရာ ဗျူရိုအကြီးအကဲ ကန်ဂျီကာနာဆူဂျီသည် တရုတ်နိုင်ငံ၏ မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အထူးသံတမန် ဝူဒဝယ်နှင့် တယ်လီဖုန်း ဆက်သွယ်ပြောဆိုခဲ့သည်။

၎င်းတို့နှစ်ဦးက မြောက်ကိုရီးယားနိုင်ငံ၏ နောက်ထပ်ပြုလုပ်လာနိုင်ဖွယ်ရှိသော ရန်စသည့်အပြုအမူများကို မိမိတို့နှစ်နိုင်ငံ ရှောင်ကြဉ်သွားရန်လိုအပ်ကြောင်း အတည်ပြုခဲ့ကြသည်။ ထို့ပြင် ၎င်းတို့နှစ်ဦးက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များဖြစ်သော နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှု တားမြစ်ပိတ်ပင်ချက်များကို မြောက်ကိုရီးယားနိုင်ငံ လေးစားလိုက်နာရန်လည်း တိုက်တွန်းသွားမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**



## ပဲ့ထိန်းဒုံးကျည်လေးစင်း မြောက်ကိုရီးယားစမ်းသပ်ပစ်ခတ်

**ဆိုးလ် မတ် ၆**

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များက ပူးတွဲစစ်ရေးလေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ပြီးနောက် မတ် ၆ ရက် နံနက်အစောပိုင်းတွင် ဂျပန်ပင်လယ်တွင်းသို့ မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်လေးစင်းကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ (ဂျေစီအက်စ်) က ပြောကြားသည်။

အမျိုးအစားအတည်ပြုနိုင်ခြင်းမရှိသည့် ပဲ့ထိန်းဒုံးကျည်လေးစင်းကို မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်း တုန်ချန်ရီဒေသအနီးမှ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၆ မိနစ်ခန့်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ဒေသအတွင်း သတင်းဌာနများက ဖော်ပြကြသည်။

မြောက်ကိုရီးယားက ပစ်ခတ်စမ်းသပ်သည့် ပဲ့ထိန်းဒုံးကျည်များသည် ဂျပန်ပင်လယ်တွင်း ကီလိုမီတာ ၁၀၀၀ ခန့်အထိ ပျံသန်းရောက်ရှိခဲ့သည်ဟု ဆိုသည်။

မြောက်ကိုရီးယားက ပစ်ခတ်စမ်းသပ်ခဲ့သောဒုံးကျည်များအနက် သုံးစင်းသည် ဂျပန်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန် ရေပြင်ပိုင်နက်အတွင်း ကျရောက်ခဲ့သည်ဟု ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ် ယိုရှီဟိုက်ဒဲဆုဂက ပြောကြားသည်။

ပဲ့ထိန်းဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုနှင့်ပတ်သက်၍ မြောက်ကိုရီးယားက မှတ်ချက်ပြုပြောကြားခြင်းမရှိပေ။

တုန်ချန်ရီဒေသသည် မြောက်ကိုရီးယား၏ အိုဟေးဂြိုဟ်တုလွှတ်တင်ရေးစခန်းတည်ရှိရာဖြစ်ပြီး ယမန်နှစ် ဖေဖော်ဝါရီလအတွင်းက မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးပျံတစ်စင်းကိုပစ်လွှတ်၍ ဂြိုဟ်တုတစ်လုံးကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း စတုတ္ထအကြိမ်မြောက် အဏုမြူစမ်းသပ်ဖောက်ခွဲမှုပြုလုပ်ခဲ့ပြီးနောက် တစ်လအကြာတွင် ဒုံးပျံလွှတ်တင်ခဲ့ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယင်းနိုင်ငံအပေါ် အရေးယူ ဒဏ်ခတ်မှုများချမှတ်ခဲ့သည်။ ပဉ္စမအကြိမ် အဏုမြူစမ်းသပ်ဖောက်ခွဲမှုကို ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း မြောက်ကိုရီးယားနိုင်ငံက ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ။**

## မြောက်ကိုရီးယားနိုင်ငံက မလေးရှားသံအမတ်ကြီးကို နှင်ထုတ်

**ပြုံယမ်း မတ် ၆**

မြောက်ကိုရီးယားနိုင်ငံက မလေးရှားသံအမတ်ကြီးကို နှင်ထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ သံအမတ်ကြီးသည် မလေးရှားနိုင်ငံသို့ ပြန်သွားနှင့်ပြီးဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက မလေးရှားသံအမတ်ကြီး မိုဟာမက် နီဇန် မိုဟာမက်သည် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာသဘောတူညီချက်အရ လက်ခံနိုင်ဖွယ်ရှိသူမဟုတ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက မလေးရှားသံအမတ်ကြီးကို တနင်္ဂနွေနေ့ နံနက် ၁၀ နာရီမှစ၍ ၄၈ နာရီအတွင်း နိုင်ငံတွင်းမှ ထွက်ခွာသွားရန် တောင်းဆိုထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ အဖေတူအမေကွဲ ညီအစ်ကို တော်စပ်သူ ကင်ဂျုံနမ် လုပ်ကြံသတ်ဖြတ်ခံရမှုအပေါ် မလေးရှားအစိုးရနှင့် တုံ့ပြန်အရေးယူမှုများဆောင်ရွက်နေသည်ဟု ယူဆရသည်။ မလေးရှားနိုင်ငံက မြောက်ကိုရီးယားသံအမတ်ကြီး ကန်ချိုလ်ကို နှင်ထုတ်လိုက်သည့်အတွက် တနင်္လာနေ့တွင် မလေးရှားနိုင်ငံမှ ထွက်ခွာသွားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးသည် မလေးရှားအစိုးရ၏ ဆုံးဖြတ်ချက်အရ ဖေဖော်ဝါရီ ၂၀ ရက်တွင် မလေးရှားနိုင်ငံသို့ ယာယီပြန်ရောက်လာခဲ့သည်။ ထိုအချိန်ကတည်းက သံအမတ်ကြီးသည် မလေးရှားနိုင်ငံတွင် ရှိနေခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် သန်း ၄၀၀ သုံးစွဲမည်

**နေပြည်တော် မတ် ၆**

အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် သန်း ၄၀၀ ခွဲဝေသုံးစွဲရေးကိစ္စရပ်အား ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရှမ်းပြည်နယ် အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် သန်း ၄၀၀ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သီးသန့်ရန်ပုံငွေဆိုသည်မှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် မမျှော်လင့်သော ကိစ္စရပ်များနှင့် အရေးပေါ်ကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန် သီးသန့်လျာထားပေးသော အသုံးစရိတ်တစ်ရပ်ဖြစ်ပါကြောင်း၊ သီးသန့်ရန်ပုံငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနတွင် လျာထားရပြီး သုံးစွဲခွင့်ပြုသည့်အခါ သုံးစွဲသည့် ဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ်သို့ လွှဲပြောင်းသုံးစွဲစေပါကြောင်း။

သီးသန့်ရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် **"ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း"** ဟုလည်းကောင်း၊ **"သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည့်"**ဟု လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင်လည်း **"ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုသောအသုံးစရိတ်ဖြစ်ခြင်း"** ဟု ပြဋ္ဌာန်းထားပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် သီးသန့်ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံ လျာထားချက်ရှိသည့်အနက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) အထိ ငွေကျပ် ၅၅ ဒသမ ၉၇၀ ဘီလီယံ ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့်ပေးပို့သော အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများ တွင်ကျယ်စွာ အသုံးပြုနိုင်ရန် UMG Co., Ltd. ထံမှ ဝယ်ယူခဲ့သည့် သောင်တူးစက်တန်ဖိုး ပေးချေရန်ကျန်ငွေကျပ် သန်း ၄၀၀ အား သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကလည်း ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ဒေါက်တာအေးဇံအား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ (ပြင်ဆင်ဖြည့်စွက်ချက်) ကို ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ အစီရင်ခံစာပါ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၁၈၃၆၃ ဒသမ ၁၁၈ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း ချင်းပြည်နယ် ဖလမ်းခရိုင်မှ တံတားနှစ်စင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်မှ တံတားတစ်စင်းတို့သည် ထူးကဲမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတိုက်စားပျက်စီးခဲ့ပါကြောင်း၊ အဆိုပါ တံတားသုံးစင်းအား လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးနှင့် ကုန်စည်စီးဆင်းမှု ကောင်းမွန်စေရေးတို့အတွက် အမြဲတမ်း နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများတည်ဆောက်ရန် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခဲ့ပြီး အဆင့်ဆင့်တင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့ပါသဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း ထူးကဲမိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော တံတားသုံးစင်းအား နှစ်လမ်းသွား သံကွန်ကရစ်တံတားများအဖြစ် ပြန်လည်တည်ဆောက်နိုင်ရေး ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးဒဏ်များအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် သန်း ၁၈၆၀ သုံးစွဲခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပထမဦးစားပေးလုပ်ငန်း ၁၃ ခုတွင် ဧရာဝတီတိုင်းဒေသကြီးတွင် လုပ်ငန်းငါးခု၊ ပဲခူးတိုင်းဒေသကြီးတွင်လုပ်ငန်း တစ်ခု၊ မကွေးတိုင်းဒေသကြီးတွင် လုပ်ငန်းနှစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လုပ်ငန်းသုံးခုနှင့် ရှမ်းပြည်နယ်တွင် လုပ်ငန်းနှစ်ခုတို့ပါဝင်ပြီး စုစုပေါင်းလုပ်ငန်း ၁၃ ခု၏တန်ဖိုးသည် ငွေကျပ် ၉၂၀၄ ဒသမ ၇၀၀ သန်းဖြစ်ပါကြောင်း။

ယင်းဦးစားပေးလုပ်ငန်း ၁၃ ခုကို ကွင်းဆင်းစစ်ဆေးချက်အရ မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်သည့် လုပ်ငန်းများဖြစ်ကြောင်းတွေ့ရှိရပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့် ဧရာဝတီ၊ ပဲခူး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အသီးသီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ကန့်ကွက်ရန်မရှိဟု ပြန်ကြားခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်ရန်နှင့် ကြိုတင်ကာကွယ်တားဆီးနိုင်ရန် ပထမဦးစားပေး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၃ ခုအတွက် ကုန်ကျမည့်ငွေကျပ် ၉၂၀၄ ဒသမ ၇၀၀ သန်းကို ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ရေးအတွက် တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်တွင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ရန်နှင့် ကြိုတင်ကာကွယ်တားဆီးနိုင်ရန် ပထမဦးစားပေး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၃ ခုအတွက် ကုန်ကျမည့် ငွေကျပ် ၉၂၀၄ ဒသမ ၇၀၀ သန်းကို သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲရေးကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးထွန်းထွန်းဟိန်က ဥပဒေဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးအောင်မင်းက ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

အထက်ပါ ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ၊ ရငွေ သုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

**မော်စီ၊ ဝေမွှေးသန့်(သတင်းစဉ်)**

## မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ရိုးရာဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်းသက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရှန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသောစရိုက်လက္ခဏာများ၊ အပြော၊ အဆို၊ အဝတ်၊ အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်ဖိုရမ်ဖွင့်ပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လိုလုပ် စီးပွားရေးဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်မလဲ။ စီးပွားရေးကို ကျွန်မတို့ အားပေးတယ်ဆိုတာဟာ လူသားများရဲ့ အကျိုးစီးပွားကို အားပေးတာပါ။ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုအတွက် အကျိုးစီးပွားကို အားပေးတာမဟုတ်ပါဘူး။ လူသားများအားလုံးရဲ့အကျိုးစီးပွားကို ဦးတည်ပြီးတော့ စီးပွားရေးကို ကျွန်မတို့က အားပေးတာဖြစ်ပါတယ်။

☆ ရွှေဖုံးမှ

“ပြည်သူအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု” ဆောင်ပုဒ်ဖြင့် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Kempinski Hotel ၌ကျင်းပသည့် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်၏ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးသိန်းဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ အမျိုးသမီးများ၏ ကဏ္ဍဆိုသည်မှာ မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီးပါကြောင်း။

**ရင်ပေါင်တန်းလုပ်**

မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ကမ္ဘာကြီး၏ ယဉ်ကျေးမှုအရ အမျိုးသားများသည် အမျိုးသမီးများထက် သမိုင်းအစဉ်အလာအရ ပိုပြီး အခွင့်အလမ်းများခဲ့ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ အမျိုးသမီးများအနေဖြင့် တတ်နိုင်သည့်ဘက်မှ အမျိုးသားများနှင့် တန်းတူ ရင်ပေါင်တန်းပြီး လုပ်စရာများရှိပါကြောင်း၊ မြန်မာ့သမိုင်း၌ စီးပွားရေးဘက်တွင် မြန်မာအမျိုးသမီးများပါဝင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ယနေ့ကျင်းပသည့် အမျိုးသမီးများ ရက်သတ္တပတ်ကို အမျိုးသမီးလုပ်ငန်းရှင်များနှင့် ဆွေးနွေးမှုတွင် နှစ်ဆန်းမှစ၍ သတ်မှတ်ခဲ့သည့် လစဉ် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် စကားဝိုင်း Peace Talk များ၌ ပြည်သူများကြားမှ ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များနှင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆွေးနွေးစကားပြောရန် မူချမှတ်ထားရာ ယခုကျင်းပမည့် Business Talk စီးပွားရေးနှင့်ဆိုင်သည့် စကားဝိုင်းအဖြစ် စီးပွားရေးဘက်မှ ငြိမ်းချမ်းရေးကို မည်သို့ ပံ့ပိုးပေးနိုင်မည်ဆိုသည့်အမြင်ဖြင့် ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

**လူသားအားလုံးအကျိုးဦးတည်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က **“နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လိုလုပ် စီးပွားရေးဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်မလဲ။ စီးပွားရေးကို ကျွန်မတို့ အားပေးတယ်ဆိုတာဟာ လူသားများရဲ့ အကျိုးစီးပွားကို အားပေးတာပါ။ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုအတွက် အကျိုးစီးပွားကို အားပေးတာမဟုတ်ပါဘူး။ လူသားများအားလုံးရဲ့ အကျိုးစီးပွားကို ဦးတည်ပြီးတော့ စီးပွားရေးကို ကျွန်မတို့က အားပေးတာဖြစ်ပါတယ်”**ဟု ပြောကြားသည်။

ထို့ပြင် လူသားများတွင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းရှိရာ ရုပ်ပိုင်းကို မည်သို့မျှ လျစ်လျူရှုထား၍ မရကြောင်း၊ စီးပွားရေးဆိုသည်မှာ ရုပ်ပိုင်းပံ့ပိုးမှုအတွက် အရေးကြီးသကဲ့သို့ စိတ်ပိုင်းပံ့ပိုးမှုအတွက်လည်း လွန်စွာထိရောက်နိုင်သည်ကို သဘောပေါက်ရန်လိုပါကြောင်း၊ ယခု မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို ကြိုးစားရာတွင် မြန်မာနိုင်ငံ၌ အမျိုးသမီးများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ တန်းတူညီတူရှိသည်ဟု ပြောနိုင်ရန်အတွက် စဉ်းစားရမည်ဖြစ်ပါကြောင်း။

**စက္ကူပေါ်တွင်သာရှိ**

ဥပဒေများနှင့် ကြည့်မည်ဆိုပါက အချို့နိုင်ငံများသည် မိမိတို့နိုင်ငံထက်သာလွန်နေသည်ဆိုခြင်းမှာ ငြင်း၍မရပါကြောင်း၊ သို့သော်လည်း ဥပဒေများကိုသာ ကြည့်၍မရပါကြောင်း၊ ဥပဒေ၏ အကျိုးသက်ရောက်မှုများကိုလည်း ကြည့်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများ၏ အခွင့်အရေးများကို စဉ်းစားမည်ဆိုလျှင် တရားဥပဒေစိုးမိုးရေးကိုလည်း အဓိကထားပြီး စဉ်းစားရန် အရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးရေးမရှိဘဲနှင့် အမျိုးသမီးများ တန်းတူညီတူ အခွင့်အရေးရရန် ဥပဒေများနှင့် ပြဋ္ဌာန်းထားသော်လည်း ယင်းဥပဒေများသည် စက္ကူပေါ်တွင်သာ ရှိနေပါက လူ့အသိုင်းအဝိုင်းတွင် အကျိုးသက်ရောက်မှု မရှိနိုင်ပါကြောင်း။

ယခုအခါ ကုလသမဂ္ဂအဖွဲ့အစည်းကြီးနှင့် ပတ်သက်၍ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများစွာ ပါဝင်လှုပ်ရှားနေသည်ကို တွေ့ရှိရပါကြောင်း၊ ယခင်နှစ်က မိမိအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးကြီးသို့ တက်ရောက်ခဲ့ရာတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုအသိုင်းအဝိုင်းနှင့်ဆိုင်သည့် အဖွဲ့အစည်းများစွာ တက်ရောက်ကြသည်ကို တွေ့ရှိခဲ့ပါကြောင်း၊ ယင်းအဖွဲ့အစည်းများသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များတွင် ဩဇာသက်ရောက်မှုရှိသည်ကို တွေ့မြင်ရပါကြောင်း။

**စံနမူနာဖြစ်**

မိမိတို့နိုင်ငံ၏ အမျိုးသမီးများသည် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများတွင် ပါဝင်ကြပြီးလျှင် တာဝန်ယူမှုကိုလည်း အဓိကထားစေလိုပါကြောင်း၊ အချို့အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် ဩဇာရှိသည့်နေရာတွင် အစိုးရထက်ရှေ့ပြေးနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် တာဝန်ယူမှုကို ချန်ထားပြီး လုပ်ပိုင်ခွင့်ကို စဉ်းစားရန်မဖြစ်ပါကြောင်း၊ မိမိတို့ အမျိုးသမီးများသည် ယင်းနေရာတွင် စံနမူနာဖြစ်စေလိုပါကြောင်း၊ မိမိတို့ အမျိုးသမီးများသည် အခွင့်အရေးတောင်းခံလာသည်နှင့် အမျှ တာဝန်ယူရန် သတ္တိရှိသည်ကိုလည်း သက်သေပြရန် အရေးကြီးပါကြောင်း။

**စံနှုန်းနှင့်မကိုက်**

အမျိုးသမီးများအခွင့်အရေးရခြင်းဖြင့် နိုင်ငံတစ်နိုင်ငံ၏ စံနှုန်းစံထားများသည် မြင့်မားလာပါကြောင်း၊ အမျိုးသမီးများသည် မိမိတို့၏ အခွင့်အရေးများကို တောင်းရုံသာမက မိမိတို့၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် စိတ်အားထက်သန်မှုကို မိမိတို့နိုင်ငံက အမျိုးသမီးအနေဖြင့် ပြသစေလိုပါကြောင်း၊ အခွင့်အရေးကိုသာ တောင်းခံပြီး တာဝန်ယူမှု၊ တာဝန်ခံမှုကိုမူ အစိုးရကသာ အားလုံးလုပ်ရန်ဆိုသည်မှာ ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီဟု သုံးသပ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကိစ္စတစ်ခုကို ကွက်ပြီးကြည့်ခြင်းအားဖြင့် ကျွန်မတို့ ရသင့်ရထိုက်တဲ့ တိုးတက်မှုတွေ မရနိုင်ပါဘူး။ အခု ကျွန်မတို့ စီးပွားရေးလူငယ်အမျိုးသမီးများ အသိုင်းအဝိုင်းရောက်နေတာဖြစ်ပါတယ်။ သို့သော်ငြားလည်း စီးပွားရေးအသိုင်းအဝိုင်းအတွက်ပဲ စဉ်းစားလို့မရပါဘူး။ ကျွန်မတို့ ဆွေးနွေးပွဲမှာလည်း ပြောသွားတာတွေရှိမှာပါ။ တချို့စီးပွားရေးလုပ်ငန်းရှင်များလည်း ဘယ်လို ပရဟိတလုပ်ငန်းတွေ စပြီးလုပ်ခဲ့တယ်၊ စီးပွားရေးကနေပြီးတော့ လူမှုရေးကို အထောက်အကူပြုခဲ့တယ်ဆိုတာတွေလည်း ဖြစ်နိုင်ပါတယ်။”

**စစ်မှန်တဲ့စိတ်ဓာတ်**

“စီးပွားရေးလုပ်ငန်းရှင်များဟာ စီးပွားရေးကိုပဲ ကွက်ပြီးကြည့်လို့မရသလို ကျွန်မတို့ရဲ့ နိုင်ငံအတွက်ပဲ ကြည့်လို့မရပါဘူး။ နောက်ဆုံးကျတော့ ကမ္ဘာကြီးအတွက်လည်း ကြည့်ရမယ်။ အခုနေချိန်ခါမှာ ဘယ်လိုမှ ရှောင်ရှားလို့မရပါဘူး။ ကျွန်မတို့နိုင်ငံနဲ့ အခြားပြည်ပနိုင်ငံတွေဟာ ဆက်နွှယ်မှုတွေ အမျိုးမျိုးရှိနေပါတယ်။ ဒီဆက်နွှယ်မှုတွေကို ကျွန်မတို့ကနေပြီးတော့ အသိအမှတ်ပြုပြီးတော့ ဘယ်လိုအကောင်းဆုံးဖြစ်အောင် လုပ်ရမလဲ။ အတ္တဟိတ၊ ပရဟိတ ကိုယ့်အတွက်၊ သူ့အတွက်၊ ကျွန်မတို့ နိုင်ငံအတွက်၊ တခြားနိုင်ငံများအတွက်၊ အဲ့ဒီလို ကျွန်မတို့ ထိထိမိမိလုပ်မှ တကယ့်စစ်မှန်တဲ့စိတ်ဓာတ်ကို ရနိုင်မှာဖြစ်တယ်”ဟုလည်း ပြောကြားခဲ့သည်။

**စိတ်ဓာတ်တော်လှန်ရေး**

ထို့ကြောင့် မိမိတို့ အမျိုးသမီးများသည် မိမိတို့ နိုင်ငံတိုးတက်ရေးကို ပြသလိုသည်ဆိုပါက အမျိုးသမီးများ အခွင့်အရေး တင်ပြလာသည့်ကိစ္စကိုသာ အားသန်ရန်နှင့် မိမိတို့နိုင်ငံတွင် စိတ်ဓာတ်တော်လှန်ရေးကို အောင်မြင်အောင် အမျိုးသမီးများက မည်သို့ပံ့ပိုးပေးနိုင်သည်ဆိုသည့် အမြင်ရှုထောင့်မှကြည့်ပြီး လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ စိတ်ဓာတ်တော်လှန်ရေးတွင် အမျိုးသမီးများသည် ရှေ့တန်းမှ ပါဝင်ခဲ့သည်ဆိုသည့် အစဉ်အလာကို ချမှတ်နိုင်ခဲ့မည်ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင် အမျိုးသမီးများအခွင့်အရေးအတွက် လုပ်ဆောင်နေသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း **“အမျိုးသမီးများ အခွင့်အရေးဆိုသည်မှာ လူသားများ၏ လွတ်လပ်ရေးပင်ဖြစ်သည်”** ဆိုသည်ကို သဘောပေါက်မည်ဟု ထင်မြင်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “လူသားများ တိုးတက်ရေးအတွက် အဓိကကျတဲ့ကိစ္စကတော့ ငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ပြည်တွင်းငြိမ်းချမ်းရေးတင်မကဘူး တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာကလည်း စိတ်ထဲကစတဲ့ ကိစ္စဖြစ်တယ်။”

**ရှင်သန်အောင်ကူညီ**

“ငြိမ်းချမ်းချင်တဲ့စိတ်ရှိမှ ငြိမ်းချမ်းမယ်။ ငြိမ်းချမ်းရေးကို တကယ်မလိုလားဘူးဆိုရင် ပါးစပ်က ဘယ်လိုပဲပြောပြော ငြိမ်းချမ်းရေးရအောင် ကျွန်မတို့ အထောက်



ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း

အကူပြုနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ အမျိုးသမီးများဟာ ငြိမ်းချမ်းရေးရဖို့အတွက် ကျွန်မတို့ နိုင်ငံနဲ့ ကမ္ဘာကြီး ငြိမ်းချမ်းရေးရဖို့အတွက် ဘယ်လို စိတ်ဓာတ်တွေ လိုအပ်သလဲဆိုတာကို သေသေချာချာ စဉ်းစားဆင်ခြင်ပြီးတော့ မိမိတို့လုပ်နေရတဲ့ တာဝန်တွေနဲ့ ဒွန်တွဲပြီးတော့ ဒီလို စိတ်ဓာတ်လေးတွေ ရှင်သန်တိုးတက်အောင် ကူညီပေးစေချင်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးကဏ္ဍမှ ငြိမ်းချမ်းရေးကို မည်သို့ အထောက်အကူပေးနိုင်မည်ဆိုသည်ကို စီးပွားရေးရှုထောင့်မှ မည်သို့လုပ်ဆောင်ရမည်၊ မည်သို့လုပ်နိုင်မည်ဆိုသည်ကို စဉ်းစားဆင်ခြင်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့အခမ်းအနားတွင် အမျိုးသားအချို့ ပါဝင်လာသဖြင့် လွန်စွာ ဝမ်းသာမိပါကြောင်း၊ မိမိအနေဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ပြန်လည်ဖွဲ့စည်းခဲ့ချိန်က အမျိုးသားများ **စာမျက်နှာ ၁၀ သို့ ✻**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Stephen Groff အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ဒုတိယ ဥက္ကဋ္ဌ Mr.Stephen Groff နှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှဲ့ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေး အပါအဝင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေး စသည့် ကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**✻ ကျောဖုံးမှ**

ယခုကြေညာချက် ထုတ်ပြန်သည့် အချိန်အထိ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံးအတွက် အကျိုးမဲ့ အချည်းနှီးဖြစ်စေရုံသာမက တိုက်ခိုက်မှုများ ဖြစ်ပွားရာ ဒေသရှိ ဌာနေမျိုးနွယ်စုများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများကို တိုက်ရိုက်ဆိုးကျိုးသက်ရောက်စေကာ ဒုက္ခပင်လယ်ဝေစေပါသည်။

၅။ သို့ဖြစ်၍ ဒေသခံဌာနေမျိုးနွယ်စုများ သေကျေထိခိုက်စေပြီး အပြစ်မဲ့ပြည်သူများ ဒုက္ခကြုံတွေ့စေသော လက်နက်ကိုင်တိုက်ခိုက်မှုများကို စွန့်လွှတ်၍ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ဦးတည်ကြရန်၊ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူများအားလုံး ခေတ်အဆက်ဆက် မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးခရီးကို တန်းတူရည်တူ စိတ်တူကိုယ်တူဖြင့် အတူတကွ လျှောက်လှမ်းကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

## သက္ကရာဇ် ၁၃၇၈ - ၁၃၇၉ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း ၁ ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်နှင့် နေ့များ

**၁။ မဟာသင်္ကြန်ကျရက်**

- ဇေယတု-မြန်မာသက္ကရာဇ်-၁၃၇၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်
- ရခိုင်သက္ကရာဇ် - ၁၃၇၈ ခုနှစ် တာကူးလပြည့်ကျော် ၃ ရက်
- ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၄ ရက် သောကြာနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် စက် ၄ နာရီ ၅၆ မိနစ် ၂၉ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

**၂။ မဟာသင်္ကြန် အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၈ ခုနှစ် တာကူးလပြည့်ကျော် ၄ ရက်
- ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၅ ရက် စနေနေ့သည် မဟာသင်္ကြန် အကြတ်ရက် ဖြစ်ပါသည်။

**၃။ မဟာသင်္ကြန် အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၈ ခုနှစ် တာကူးလပြည့်ကျော် ၅ ရက်
- ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၆ ရက် တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် နံနက် စက် ၉ နာရီ ၁ မိနစ် ၁၀ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

**၄။ မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၆ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၉ ခုနှစ် တာကူးလပြည့်ကျော် ၆ ရက်
- ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက် တနင်္လာနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်ပါသည်။

**၅။ ရဟန်းတော်များအတွက် ဝါဆို - ဝါကပ် - လ- ရက်များ**

ဤ ၁၃၇၉ ခုနှစ်တွင် လထပ်ရက်ငင် မရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ် တို့မှာ

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၉ ရက် တနင်္ဂနွေနေ့တွင် ပထမပုရိမဝါ ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက် အင်္ဂါနေ့တွင် ကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

# မြန်မာအမျိုးသမီးများ ရက်သတ္တပတ် ဖိုရမ်ကျင်းပ

**နေပြည်တော် မတ် ၆**

**ပြည်သူအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု** ဆောင်ပုဒ်ဖြင့် မြန်မာအမျိုးသမီးများ ရက်သတ္တပတ် ဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Kempinski Hotel ၌ကျင်းပသည်။

အဆိုပါဖိုရမ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့အနေဖြင့် အမျိုးသမီးများနှင့်ပတ်သက်ပြီး ပြောင်းလဲမှုဖော်ဆောင်ရန် မတူညီမှုများ တူအောင် ညှိနှိုင်းခြင်း၊ အကြမ်းဖက်မှုဆန့်ကျင်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးမှုဆက်လက်တိုးတက်ရန် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ အမျိုးသမီးများ၏ ဆောင်ရွက်ချက်များ အောင်မြင်မှုအတွက် ချီးကျူးခြင်း၊ အမျိုးသမီး စွန့်ဦးတီထွင်မှု၊ သုတေသနပြုမှုများကို အားပေးပြီး အမျိုးသမီးပညာသင်ဆုများပေးခြင်း စသည်တို့ကို ရဲရဲဝင့်ဝင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ မစ္စခရစ်စတင်းက မြန်မာနိုင်ငံသမိုင်းတွင် အဓိကအရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုနေရာကို ရောက်ရှိနေပါကြောင်း၊ အခွင့်အလမ်းများသည်လည်း များစွာရှိနေပါကြောင်း၊ အခွင့်အရေးနှင့်အတူ စိန်ခေါ်မှုများလည်း အများကြီးရှိပါကြောင်း။

စိန်ခေါ်မှုများကို ကြည့်ပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများရှိသကဲ့သို့ အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌လည်း စိန်ခေါ်မှုများရှိပါကြောင်း၊ အမျိုးသမီးများအနေဖြင့် ပါလီမန်တွင် ပါဝင်နိုင်ခွင့်များပြားလာခြင်းသည်လည်း အောင်မြင်မှုတစ်ခုဖြစ်ပါကြောင်း၊ ထိုအတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်မှုမရှိပါက အောင်မြင်နိုင်မည်ဟု မိမိ မယုံကြည်ပါကြောင်း၊ အားလုံးအတွက် တူညီသော ဘုံရပ်တည်ချက်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြင့် ငြိမ်းချမ်းရေးရရှိအောင် သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် **ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ တင်ပြခြင်း** ခေါင်းစဉ်ဖြင့် UN Global Compact Network - Myanmar ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အတွင်းရေးမှူး ဒေါက်တာစန်းစန်းအေး၊ ကျား/မ တန်းတူညီမျှရေး ကွန်ရက်အဖွဲ့၏ ပြည်တွင်းအကြံပေး ဒေါ်ပန်စီထွန်းသိန်း၊ ကမ္ဘာ့ဘဏ်မှ ဒေါ်ယုဝေမောင်နှင့် Growth Industry Cluster Department မှ မစ္စတီကိုကူဒိုတို့က ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို အဖွဲ့ငယ်များခွဲ၍ ဆက်လက်ကျင်းပရာ UMFCCI တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က **စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များအား တိုးမြှင့်ဆောင်ရွက်ခြင်း** ခေါင်းစဉ်ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ၏ အကျိုးသက်ရောက်မှု အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် မူဝါဒနှင့် ကုန်ထုတ်ကဏ္ဍ၏ ဦးဆောင်မှုအပိုင်းကို လည်းကောင်း၊ UN Women Myanmar မှ Dr. Jean Dcunha က **အနာဂတ်သည် အမျိုးသမီးဖြစ်သည်** ခေါင်းစဉ်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်အကိုင်ကဏ္ဍတွင် ကျား/မ ကွာဟချက်များကို လျှော့ချခြင်းသည် အဓိကတွန်းအားတစ်ရပ်ဖြစ်ပြီး လူ့အဖွဲ့အစည်းများအတွင်း မညီမျှမှုများအပေါ် ထိရောက်သည့် အကျိုးသက်ရောက်မှုများ ဖြစ်စေခြင်း၊ ထို့အတွက် အမျိုးသမီးများ လုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် လိုအပ်သည့် မူဝါဒနှင့် စီးပွားရေးပုံစံများကို လည်းကောင်း၊ အခရာအမျိုးသမီးအဖွဲ့ တည်ထောင်သူ ဒေါ်ထားထားက **ကျား/မ ကွာဟမှုများအား ချိတ်ဆက်ပေးခြင်း** ခေါင်းစဉ်ဖြင့် လုပ်ငန်းခွင်အတွင်း ကျား/မ အခြေပြုအကြမ်းဖက်မှုအပေါ် အသိပညာပေးခြင်းနှင့် ထိုအခြေအနေအား ယုံကြည်မှုရှိရှိနှင့် ပြတ်သားစွာ ကျော်လွှားခြင်းတို့ကို လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ကျား/မ တန်းတူညီမျှရေးအတွက် ကတိပြုမည့်အချက်များကို ဆွေးနွေးခြင်းနှင့် ကတိပြုလက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကျား/မရေးရာအခြေပြု အကြမ်းဖက်မှုများအား ဆန့်ကျင်သည့် လှုပ်ရှားမှုများကို မိတ်ဆက်ပြသကြသည်။

မိတ်ဆက်ပြသပွဲတွင် လိင်အကြမ်းဖက်မှုအား ဆန့်ကျင်ခြင်းနှင့် လုံခြုံစိတ်ချရသည့် မြို့ပြများပေါ်ထွန်းရေးတို့အတွက် #WhistleForHelp နှင့် #SafeCitiesCampaign တို့ကို အခရာ အမျိုးသမီးအဖွဲ့၊ Action Aid အဖွဲ့များက သရုပ်ပြသကြပြီး ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က နိဂုံးချုပ်စကားပြောကြားသည်။

**(သူရဇော်နှင့်အဖွဲ့)**



# ပြည်သူ့အတွက်တစ်နှစ်တာ ရုပ်သံပြောင်းလဲလာ

မောင်မြင့်မိုးအေး



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံကို တွေ့ရစဉ်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတစ်ဝန်းမှပြည်သူတွေကို လေလှိုင်းမှတစ်ဆင့် အသိအမြင်တွေ ထိထိရောက်ရောက် ပေးဝေနိုင်တဲ့လုပ်ငန်းဟာ ရုပ်မြင်သံကြားလို့ ပြောရမှာဖြစ်ပါတယ်။ အချိန်တိုင်းအချိန်တိုင်း၊ နေ့တိုင်းနေ့တိုင်း၊ အိမ်တိုင်းအိမ်တိုင်း လွယ်လင့်တကူ ကြည့်ရှုသိမြင်ခံစားနိုင်တာမို့ ရုပ်မြင်သံကြားကို ပြည်သူတွေအနေနဲ့ မကြည့်မိတဲ့နေ့ မရှိလောက်ဘူးလို့တောင် တွေးထင်မိပါတယ်။ ကျွန်တော်တို့ ပြည်သူပြည်သားတွေဟာ အခြေခံလူတန်းစားတွေများတာ၊ သင့်တင့်တဲ့ဝင်ငွေရှိတာတွေကြောင့် Pay TV အခပေးရုပ်သံလိုင်းထက် Free to Air အခမဲ့ရုပ်သံလိုင်းကို အားကိုးကြမှာအမှန်ပါပဲ။

မြန်မာ့အသံနဲ့ရုပ်မြင်သံကြားဟာ ပြည်သူတွေအတွက်ဖြစ်တာမို့ Free to Air အခမဲ့ရုပ်သံလိုင်းမှာ တင်ဆက်ပေးနိုင်ဖို့ ပြည်သူတွေကြားအရောက်သွားပြီး ပြည်သူတွေသိရှိလိုတဲ့ သတင်းအချက်တွေကို ရယူပေးလျက်ရှိပါတယ်။ မြန်မာ့အသံနဲ့ရုပ်မြင်သံကြားဟာ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုတဲ့ ဦးတည်ချက်တွေနဲ့ ပြည်သူတွေအတွက် လေလှိုင်းကတစ်ဆင့် နေ့စဉ်ရက်ဆက် အလုပ်အကျွေးပြုလာတာဟာ အခုဆို နှစ်ပေါင်း ၇၀ကျော်တောင်ရှိနေပြီဖြစ်ပါတယ်။ မျက်မှောက်ကာလ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့အချိန်အခါမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ် အောင်၊ ပြည်သူတွေနဲ့ တစ်သားတည်းဖြစ်အောင်၊ နိုင်ငံနဲ့ပြည်သူ အကျိုးစီးပွားဖြစ်ထွန်းအောင် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးနေတာကို တွေ့ရပါတယ်။

ယခုအစိုးရသစ် နိုင်ငံ့တာဝန်ယူပြီး ပထမတစ်နှစ်တာကာလအတွင်းမှာ မြန်မာ့အသံနဲ့ရုပ်မြင်သံကြားအနေနဲ့ ထူးထူးခြားခြားမည်သို့မည်ပုံ ပြုပြင်ပြောင်းလဲခဲ့တယ်ဆိုတာကို ပြည်သူတွေသိရှိသင့်လို့ တစ်ဆင့်ဖောက်သယ်ချ အသိပေးတင်ပြလိုပါတယ်။ နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့တဲ့ ၂၀၁၆ ခုနှစ်မှစပြီး နိုင်ငံတော်ရဲ့ မီဒီယာကဏ္ဍဖွံ့ဖြိုးဖို့ ရုပ်မြင်သံကြားနဲ့အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေတွေ ပြင်ဆင်ရေးဆွဲဖို့၊ PSB အဖြစ်ပြောင်းလဲဖို့ လိုအပ်တဲ့ ဥပဒေတွေရေးဆွဲအကောင်အထည် ဖော်ဖို့၊ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြန်လည်ပြင်ဆင်သုံးသပ်ရေးဆွဲနေတဲ့ ကာလမှာ ပြည်တွင်း မီဒီယာကဏ္ဍဖွံ့ဖြိုး တိုးတက်ဖို့ Multi Channel Playout System ရဲ့ DVB-T2 စနစ်နဲ့ထုတ်လွှင့်နေတဲ့ ရုပ်သံလိုင်းတွေအနက် ထပ်မံဆောင်ရွက်မယ့် ရုပ်သံလိုင်းသစ်ငါးလိုင်းမှာ ပုဂ္ဂလိကမီဒီယာလုပ်ငန်း ဆောင်ရွက်လိုသူတွေကို Digital Free To Air စနစ်နဲ့ ရုပ်သံလိုင်း ငါးလိုင်း ဆောင်ရွက်နိုင်ဖို့ ပွင့်လင်းမြင်သာစွာ စီစဉ်နေပါတယ်။

ပြည်သူ့အကျိုးအတွက် ထုတ်ဖော်တင်ပြရာမှာ မီဒီယာသမားပီသစွာ ကျွမ်းကျင်ပိုင်နိုင်မှုရှိရေးဟာ အရေးကြီးတာကြောင့် ကျွမ်းကျင်မှုပညာပေးအစီအစဉ်တွေနဲ့ ရိုက်ကူးထုတ်လုပ်မှု၊ တည်းဖြတ်မှု၊ အနုပညာဖန်တီးမှုဆိုင်ရာ သင်တန်းတွေ၊ နိုင်ငံခြားသားပညာရှင်တွေနဲ့ပို့ချပေးတာတွေ၊ ပြည်ပလေ့လာရေး၊ သင်တန်း၊ ပညာသင်၊ ဆွေးနွေးပွဲ စတာတွေနဲ့စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင်ပေးနေပါတယ်။ ထုတ်လွှင့်ပေးနေတဲ့ အစီအစဉ်တွေအပေါ် ပြည်သူတွေရဲ့စိတ်ဝင်စားမှုနဲ့ ပရိသတ်တွေရဲ့ ဆွဲဆောင်နိုင်မှုကို ဆန်းစစ်ကြည့်တဲ့အခါ ဖျော်ဖြေရေးကဏ္ဍဘက်ကို ပိုမိုစိတ်ဝင်စားတာတွေ့ရလို့ အသွင်သစ်နဲ့ ထုတ်လွှင့်နိုင်ဖို့ ပြန်ကြားပေးရန်ကို ၄၅ ရာခိုင်နှုန်း၊ ပညာပေးရန်ကို ၂၀ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရန်ကို ၃၅ ရာခိုင်နှုန်း ပြောင်းလဲခဲ့ပါတယ်။

အစိုးရသစ်ရဲ့ ပထမတစ်နှစ်တာကာလအတွင်း ပြန်ကြားပေးရန်ကဏ္ဍမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းတွေအပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှာ ဆွေးနွေးပြောကြားမှုတွေ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့လူငယ်တွေရဲ့စကားဝိုင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တိုင်းရင်းသားတွေရဲ့ ငြိမ်းချမ်းရေးစကားဝိုင်းတွေကို တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ထို့အတူနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီးလုပ်ငန်း ရှင်များစကားဝိုင်း (Business Talk)နဲ့ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ အမျိုးသမီးလှုပ်ရှားမှုဆိုင်ရာ ရက်သတ္တပတ် အခမ်းအနားကို တိုက်ရိုက် (Live) ထုတ်လွှင့်ခဲ့ပါတယ်။ ဒါဟာ ဒီမိုကရေစီအနှစ်သာရ တစ်ခုဖြစ်တဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နဲ့ သဘောထားမတူညီသူတွေကို ညှိနှိုင်းဆွေးနွေးတဲ့ ယဉ်ကျေးမှုတစ်ရပ် ကျင့်သုံးခွင့်၊ မီဒီယာ လွတ်လပ်ခွင့်နဲ့ မီဒီယာဖွံ့ဖြိုးတိုးတက်မှုတွေကို အထောက် အကူပြုစေခဲ့ပါတယ်။

ယခင်က နာရီစဉ်အလိုက် သတင်းတွေထုတ်လွှင့်ရာကနေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ပြီး သတင်းချိန်တွေ ပိုမိုကျစ်လျစ်စေဖို့ တစ်နေ့သတင်းချိန် ၁၃ ချိန် ထုတ်လွှင့်ရာမှ တစ်နေ့ ရှစ်ကြိမ်သာ ထုတ်လွှင့်ပါတယ်။ အရေးကြီးသတင်းတွေ၊ ပြည်သူတွေအချိန်မီသိသင့်သိထိုက်တဲ့ သတင်းတွေကို Breaking News, Update News တွေအဖြစ် ထုတ်လွှင့်လျက်ရှိပါတယ်။ နိုင်ငံရဲ့ အခြေအနေအရပ်ရပ်အပေါ် ပညာရှင်တွေရဲ့ ဆွေးနွေးသုံးသပ်မှုတွေကို ဖော်ပြနေတဲ့ Debate အစီအစဉ်တွေကိုလည်း တင်ဆက်ပြသလျက်ရှိပါတယ်။ အလားတူ သာမန်ပြည်သူတွေရဲ့ ခံစားချက်တွေကို ဖော်ထုတ်တင်ပြနိုင်တဲ့ အစီအစဉ်တွေကိုလည်း ထည့်သွင်းထုတ်လွှင့်နိုင်ခဲ့တာကြောင့် ပြည်သူ့အသံဖော်ထုတ်နိုင်မယ့်နေရာတွေအဖြစ် ပြည်သူ့အကျိုးကို ရပ်တည်ဖော်ဆောင်လျက်ရှိပါတယ်။ စားဝတ်နေရေးအတွက် ရုန်းကန်နေကြတဲ့ အခြေခံလူတန်းစားတွေရဲ့ တစ်နေ့တာဘဝတွေကိုလည်း ရိုက်ကူးတင်ဆက်ပေးပါတယ်။ ဒါ့အပြင် လူငယ်တွေအတွက် အတွေးအခေါ်တွေ ပြောင်းလဲဆန်းသစ်လာစေဖို့ လူမှုရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Search for Common Ground (SFCG)နဲ့ ပူးပေါင်းပြီး ရေဒီယိုအစီအစဉ်သစ် Talk Show ကိုလည်း ထုတ်လွှင့်နိုင်ခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြဆိုတဲ့ Stock Exchange ငွေကြေးဈေးကွက်အပါအဝင် စီးပွားရေးဈေးကွက်အခြေအနေတွေကို တင်ပြပေးနေသလို တတ်သိပညာရှင်တွေကိုဖိတ်ခေါ်ပြီး အပြန်အလှန်ဆွေးနွေးခြင်းများကိုလည်း တင်ဆက်ပေးလျက်ရှိပါတယ်။ ပညာပေးရန်ကဏ္ဍအနေနဲ့လည်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးထုတ်လွှင့်ချက်တွေ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပေးချက်တွေအပြင် ကလေးငယ်တွေကို ပြုစုစောင့်ရှောက်မှုတွေ၊ အဝေးသင်ပညာရေးနဲ့ တက္ကသိုလ်ဝင်စာမေးပွဲအတွက် အထောက်အကူပြု အစီအစဉ်တွေကို တင်ဆက်ပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်နေကြတဲ့ တောင်သူတွေ အသိပညာတိုးတက်ဖို့ Australian Broadcasting Coporation (ABC)က ပညာရှင်တွေနဲ့ ပူးပေါင်းအစီအစဉ်တွေ ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့အသံ(ရေဒီယို)ကလည်း ရေဒီယိုဇာတ်လမ်းတွဲတွေ၊ ဇာတ်လမ်းပမာနားဆင်စရာ၊ ရေဒီယိုမဂ္ဂဇင်း၊ လူငယ်ပန်းဥယျာဉ်၊ မေတို့ရေးရာသိမှတ်စရာ အစီအစဉ်တွေအပြင် မသန်စွမ်းသူများအားလူ့အဖွဲ့အစည်းအတွင်းမှ ခွဲခြားဆက်ဆံမှုမရှိစေရေးနဲ့ စိတ်အားငယ်မှုမရှိစေဖို့ မသန်စွမ်းသူများနေ့ဆွေးနွေးခန်းနဲ့ တေးသီချင်းတွေကို ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့နဲ့ပူးပေါင်းပြီး မညိုးပန်းတို့ရဲ့ဒိုင်ယာရီ အစီအစဉ်ကိုလည်း အပတ်စဉ်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ ဒါကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဌာနက ကြီးမှူးကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားမှာ ၂၀၁၆ ခုနှစ်အတွက်မသန်စွမ်းမှုဆိုင်ရာ မီဒီယာဆုကို မြန်မာ့အသံက ဆွတ်ခူးရရှိခဲ့ပါတယ်။

စာမျက်နှာ ၉ သို့ »»

**အစိုးရသစ် တစ်နှစ်တာသက်တမ်းကာလအတွင်း အသံလွှင့်ဌာနခွဲမှဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲထုတ်လွှင့်မှုများ**

| စဉ် | ထုတ်လွှင့်သည့်အစီအစဉ် | စတင်ထုတ်လွှင့်သည့်ရက် | ထုတ်လွှင့်သည့်ဘာသာ | ပုံမှန်ထုတ်လွှင့်သည့်အချိန် |
|---|---|---|---|---|
| ၁ | တိုင်းရင်းသားအစီအစဉ် (၆) ဘာသာ ဗျူရိုများသို့ စေလွှတ်၍ သတင်းရယူနိုင်ခဲ့ခြင်း။ | ၁-၇-၂၀၁၆ | ကယန်း၊ ဂေခို၊ ဂေဘား၊ကိုးကန့်၊ ပအိုဝ်း၊ ဓနု | |
| ၂ | ရက်(၁၀၀)စီမံချက်အရ တိုင်းရင်းသား အစီအစဉ်မှ မူးယစ်ဆေးဝါး ဇာတ်လမ်းများကိုထုတ်လုပ်ခဲ့ပါသည်။ | ၁-၈-၂၀၁၆ | ကချင် | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၂၃း၀၀)နာရီ |
| | | | အရှေ့ပိုးကရင်၊ ဝ | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၉း၀၀)နာရီ |
| | | | ကယန်း | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၄း၀၀)နာရီ |
| | | | ဂေခို၊ ရှမ်း | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၅း၀၀)နာရီ |
| | | | ဂေဘား၊ ချင်း(လိုင်ဇိုး) | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၆း၀၀)နာရီ |
| | | | အနောက်ပိုး ကရင်၊ ရခိုင် | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၈း၀၀)နာရီ |
| | | | မွန် ၊ချင်း(ချိုး) | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၁၇း၀၀)နာရီ |
| | | | စကောကရင်၊ ကိုးကန့် | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၂၀း၀၀)နာရီ |
| | | | ကယား၊ ပအိုဝ်း | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၂၁း၀၀)နာရီ |
| | | | ဓနု | တစ်လ(၂)ကြိမ် တနင်္ဂနွေနေ့ (၂၂း၀၀)နာရီ |
| ၃ | တိုင်းရင်းသား အစီအစဉ် (၁၇) ဘာသာကို ယခင် (၁)ဘာသာလျှင် (၁) နာရီနှုန်း၊ တစ်နေ့ နှစ်ကြိမ် ထုတ်လွှင့်ခဲ့ရာမှ ယခုအခါ တစ်နေ့ တစ်ကြိမ်ကို (၁) နာရီခွဲသို့ ပြောင်းလဲထုတ်လွှင့်ခဲ့ပါသည်။ | ၁၅-၂-၂၀၁၇ | တိုင်းရင်းသား (၁၇)ဘာသာ | နံနက် (၀၆း၀၀)နာရီမှ ည (၂၀း၃၀)နာရီထိ |

»» စာမျက်နှာ ၈ မှ

ပြည်သူတွေရဲ့ စိတ်လက်အပန်းဖြေမှုကို ပေးစွမ်းနိုင်ဖို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဟာ တေးသီချင်းအသစ်တွေ ရိုက်ကူးထုတ်လုပ်ခြင်း၊ နိုင်ငံတော်အခမ်းအနားတွေမှာ ပါဝင်ဖျော်ဖြေတင်ဆက်ခြင်းတို့အပြင် နိုင်ငံတော်သံစုံ တီးဝိုင်းမှာ နိုင်ငံခြားသားပညာရှင်တွေနဲ့ ပူးပေါင်းပြီး နိုင်ငံ တကာအဆင့် တေးဂီတဖျော်ဖြေပွဲတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းမှာ ဖြစ်ပျက်နေတဲ့ သတင်းဖြစ်ရပ် မျိုးစုံကို MRTV သတင်းထောက်တွေ ကိုယ်တိုင်ဖြစ်ပွား ရာကို အရောက်သွားလို့ သတင်းရယူရိုက်ကူးပြီး အချိန်နဲ့ တစ်ပြေးညီနီးပါး သတင်းပို့ တင်ဆက်နိုင်အောင် ကြိုးပမ်း ခဲ့ကြတာကြောင့် ပြီးခဲ့တဲ့တစ်နှစ်တာကာလအတွင်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးသတင်းဌာနခွဲတွေအပြင် တိုင်းရင်းသား(၁၁)ဘာသာရဲ့ နယ်သတင်းဌာနခွဲ(၁၁)ခုက ပေးပို့တဲ့ ဒေသသတင်းတွေကိုပါ သတင်းပေးပို့တဲ့စနစ်တွေ၊ ဆက်ကြောင်းတွေကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ရဲ့ ပကတိအခြေအနေဖြစ်ရပ်တွေကို ထင်ဟပ်ဖော်ပြနေတဲ့ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းအနေနဲ့ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တွေနဲ့ ၎င်းတို့ရဲ့ ဒေသအစားအစာတွေအပြင် ပျောက်ကွယ်လုနီးပါး ရိုးရာယဉ်ကျေးမှုအသုံးအနှုန်းတွေ၊ ဝေါဟာရတွေကို ပရိသတ်တွေ သိရှိစေနိုင်ဖို့ ထိမိတဲ့ဖန်တီးထုတ်လွှင့်မှုတွေနဲ့ ထုတ်လွှင့်လျက်ရှိပါတယ်။

ယနေ့ခေတ်ကာလမှာ အင်တာနက်ဆက်သွယ်ရေးကို လူတိုင်းလွယ်လင့်တကူ အသုံးပြုလာနိုင်တာနဲ့အညီ MRTV ရဲ့ Website နဲ့ Facebook တွေမှာလည်း သတင်းအစီအစဉ်တွေကို အချိန်ကိုက် လွှင့်တင်ထားတာကြောင့် ပရိသတ်တွေအနေနဲ့ အချိန်တိုအတွင်း သိရှိနိုင်ကြပြီဖြစ်ပါတယ်။ MITV Channel အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ ပြည်သူတွေအတွက်သာမက နိုင်ငံတကာမှာရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေ အမိမြေကို လွမ်းဆွတ်တမ်းတနေချိန်တွေမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အစီအစဉ်တွေ၊ ရှုခင်းအလှအပတွေ၊ ရိုးရာဓလေ့တွေကို မြင်တွေ့ကျေနပ်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်ဘာသာနဲ့ ထုတ်လွှင့်ပေးပါတယ်။ မြန်မာ့သတင်းမှန်တွေကို ကမ္ဘာက သိရှိအောင် Online ကတစ်ဆင့် ပိုမိုတိုးချဲ့ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဟာ PSB လို့ခေါ်တဲ့ အများပြည်သူ ဝန်ဆောင်မှု ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းအဖြစ် ကူးပြောင်း ဆောင်ရွက်လျက်ရှိပါတယ်။ PSB အဖြစ်ပြောင်းလဲဖို့အတွက် လိုအပ်တဲ့ ဥပဒေတွေ ရေးဆွဲခြင်းအပြင် မကြာမီ ပြုလုပ်တော့မယ့် Analogue Switch off လုပ်ငန်းစဉ် အတွက် Digital DVB T2 ထပ်ဆင့်လွှင့်စက်တွေ တပ်ဆင်ခြင်းနဲ့ FM Radio လွှင့်စက်တွေ တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ Digital ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းသို့ အသွင်ကူးပြောင်းခြင်း နည်းတူ ရေဒီယိုထုတ်လွှင့်မှုကိုလည်း Analogue စနစ်မှ Digital စနစ်သို့ ကူးပြောင်းထုတ်လွှင့်ဖို့ ရှေ့ပြေးစီမံကိန်းအဖြစ် ရန်ကုန်မြို့မှာ 750 W Digital Audio Broadcasting (DAB+) တပ်ဆင်ထုတ်လွှင့်နိုင်ဖို့ စီစဉ်နေပါတယ်။




နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ဘောလုံးပွဲများ၊ အခြားတိုက်ရိုက်ထုတ်လွှင့်မှုများအတွက် အသုံးပြုသော မော်တော်ယာဉ်ကို တွေ့ရစဉ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဟာ ပရိသတ်တွေကို အမြဲတစေအလေးထား ဆောင်ရွက်လျက်ရှိတာကြောင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တွေကို အစဉ်တစိုက်စွဲမြဲစွာ နားသောတဆင်လျက်ရှိကြတဲ့ သောတရှင်တွေကို စုစည်းပြီး မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club)ကို ဖွဲ့စည်းခဲ့ရာ အခုအခါ အနယ်နယ်အရပ်ရပ်မှာ အဖွဲ့ဝင်ပေါင်း ၅၈၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲကို ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၊ မွန်ပြည်နယ် မုဒုံမြို့နဲ့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွေမှာ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါတယ်။ ဒါဟာမြန်မာ့အသံဝန်ထမ်းတွေနဲ့ ဒေသခံ သောတရှင်တွေ တိုက်ရိုက်ထိတွေ့ခွင့်ရပြီး ဝေဖန်အကြံပြုချက်တွေကိုလည်း တစ်ပါတည်းစုဆောင်းရယူနိုင်ခဲ့တဲ့အတွက် ပြုပြင်ပြောင်းလဲမှုတွေမှာပါ လိုအပ်သလို အသုံးပြုနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံတည်ထောင်တဲ့အခါမှာ မှန်ကန်တိကျဘက်မျှတဲ့ မီဒီယာကဏ္ဍဟာ အုတ်တစ်ချပ် သဲတစ်ပွင့်ပါဝင်သင့်ပါတယ်။ နိုင်ငံပိုင်မီဒီယာဖြစ်တဲ့အတွက် အစိုးရဌာနအသီးသီးရဲ့ ထုတ်ပြန်ချက်တွေ၊ လုပ်ငန်းတွေကို မျှဝေအသိပေးနေသလို တစ်ဖက်မှာလည်း ပြည်သူတွေရဲ့လိုအပ်ချက်တွေကို တင်ပြနိုင်တဲ့ ကြားခံပေါင်းကူးတံတားအဖြစ်လည်း ရပ်တည်နေပါတယ်။ ဒါကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဟာ ဘက်ညီမျှတဲ့ သတင်း အချက်အလက်တွေနဲ့ အစိုးရနှင့်ပြည်သူအကြား ထိရောက်တဲ့ ကြားခံအစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။ ။

**အစိုးရသစ် တစ်နှစ်တာ သက်တမ်းကာလအတွင်း အသံလွှင့်ဌာနခွဲမှ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲထုတ်လွှင့်မှုများ**

| စဉ် | ထုတ်လွှင့်သည့် အစီအစဉ် | စတင် ထုတ်လွှင့်သည့်ရက် | ပုံမှန်ထုတ်လွှင့်သည့်အချိန် |
|---|---|---|---|
| ၁ | မင်္ဂလာညနေခင်း | ၁၅-၅-၂၀၁၆ | နေ့စဉ် (၁၆း၀၀) နာရီ မှ (၁၈း၀၀) နာရီ |
| ၂ | ရွှေလမ်းငွေလမ်း ညွှန်လိုက်မယ် | ၁၅-၅-၂၀၁၆ | နေ့စဉ် (၀၆း၀၀) နာရီ နှင့် (၁၇း၀၀) နာရီ |
| ၃ | သီချင်းချစ်သူ | ၁၅-၅-၂၀၁၆ | နေ့စဉ် (၁၆း၄၀) နာရီ |
| ၄ | ရေဒီယိုဉာဏ်စမ်း ပဟေဠိ | ၁၅-၅-၂၀၁၆ | တစ်ပတ်(၁)ကြိမ် တနင်္ဂနွေနေ့ (၁၆း၁၅)နာရီ |
| ၅ | ဘဝကြားကဘဝများ | ၈-၆-၂၀၁၆ | တစ်ပတ်(၂) ကြိမ် ဗုဒ္ဓဟူးနေ့ (၀၈း၁၅) နာရီ၊ သောကြာနေ့ (၂၁း၀၅) နာရီ |
| ၆ | လေ့လာစရာစုံလင် ရန်ကုန်တစ်ခွင် | ၈-၇-၂၀၁၆ | တစ်ပတ် (၂) ကြိမ် သောကြာနေ့ (၁၅း၁၅) နာရီ၊ စနေနေ့ (၀၇း၄၅) နာရီ |
| ၇ | ထာဝရလှပမြန်မာ့ဂီတ | ၅-၇-၂၀၁၆ | တစ်ပတ် (၂) ကြိမ် အင်္ဂါနေ့ (၁၉း၁၅)၊ နာရီ၊ စနေနေ့ (၁၄း၂၀)နာရီ |
| ၈ | မြန်မာ့ရုပ်ရှင်ဗီဒီယို မိတ်ဆက် | ၁၂-၇-၂၀၁၆ | တစ်ပတ် (၂) ကြိမ် အင်္ဂါနေ့ (၁၈း၁၅) နာရီ၊ သောကြာနေ့ (၀၈း၄၅)နာရီ |
| ၉ | သွေးချင်းတို့ရဲ့ တေးသံသာ | ၁၅-၈-၂၀၁၆ | နေ့စဉ် တနင်္လာနေ့ (၁၄း၀၀) နာရီ |
| ၁၀ | နှလုံးသားထဲက တေးသံ | ၂၀-၈-၂၀၁၆ | တစ်ပတ်(၂)ကြိမ် စနေနေ့ (၀၈း ၄၅) နာရီ၊ တနင်္ဂနွေနေ့ (၁၅း၄၅)နာရီ |
| ၁၁ | Journey to the ASEAN | ၄-၁-၂၀၁၇ | တစ်ပတ် (၂) ကြိမ် ဗုဒ္ဓဟူးနေ့(၁၁း၁၅) နာရီ၊ သောကြာနေ့ (၁၉း၁၅)နာရီ |
| ၁၂ | Wonderful ASEAN | ၁၁-၁-၂၀၁၇ | တစ်ပတ် (၂) ကြိမ် ဗုဒ္ဓဟူးနေ့ (၁၁း၁၅) နာရီ၊ သောကြာနေ့ (၁၉း၁၅)နာရီ |
| ၁၃ | တွေးကြခေါ်ကြ ပြောင်းလဲကြ | ၂၁-၂-၂၀၁၇ | တစ်ပတ် (၂) ကြိမ် စနေနေ့ (၁၇း၃၅) နာရီ၊ တနင်္ဂနွေနေ့ (၀၈း၃၅) နာရီ |
| ၁၄ | လူငယ့်အားမာန် အာဆီယံ | ၂၇-၂-၂၀၁၇ | တစ်ပတ် (၂) ကြိမ် တနင်္လာနေ့(၁၃း၁၅) နာရီ၊ ကြာသပတေးနေ့ (၁၀း၄၅)နာရီ |
| ၁၅ | သံသာချိုအေး အာဆီယံတေး | ၂၇-၂-၂၀၁၇ | တစ်ပတ် (၂) ကြိမ် တနင်္လာနေ့ (၁၃း၁၅) နာရီ၊ ကြာသပတေးနေ့ (၁၀း၄၅)နာရီ |
| ၁၆ | မြို့ပြရင်ခုန်သံ (City Beat) အစီအစဉ် | ၁-၁၀-၂၀၁၆ | တစ်ပတ် (၄) ကြိမ် (၀၉း၁၀)နာရီ |
| ၁၇ | အံ့ဖွယ်အာဆီယံ (Wonderful ASEAN) | ၇-၁-၂၀၁၇ | အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ (၁၃း၄၀) နာရီ |
| ၁၈ | အာဆီယံခရီးစဉ် (ASEAN Journey) | ၁၄-၁-၂၀၁၇ | အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ (၁၃း၄၀)နာရီ |
| ၁၉ | အထူးဟောပြောချက် (Special Talks) | ၁-၄-၂၀၁၆ | နေ့အလိုက် (၀၉း၁၀)နာရီ |
| ၂၀ | ပြည်နယ်နေ့အလိုက် အထူး ဟောပြောချက်များ | ၁-၄-၂၀၁၆ | နေ့အလိုက် (၀၉း၁၀)နာရီ |
| ၂၁ | နိုင်ငံခြားအသံလွှင့်ဌာနများ နှင့် အစီအစဉ်များ (PRD, NHK, VOA) | ၁-၄-၂၀၁၆ | တစ်ပတ် (၄) ကြိမ်၊ နေ့အလိုက် (၀၉း၁၀)နာရီ၊ (၁၃း၄၀)နာရီ၊ (၂၂း၁၀)နာရီ |
| ၂၂ | Voice of ASEAN - Beyond Boundaries (VOA-BB) အစီအစဉ်များ | ၂၆ -၁၀-၂၀၁၆ | တစ်ပတ် (၄) ကြိမ် အပတ်စဉ် စနေနေ့ည (၂၂း၁၀)နာရီ |
| ၂၃ | လူငယ့်အားမာန်အာဆီယံ အစီအစဉ် | ၃၀-၁-၂၀၁၇ | တစ်လ တစ်ကြိမ် |
| ၂၄ | သံသာချိုအေး အာဆီယံတေး | ၃၀-၁-၂၀၁၇ | တစ်လ တစ်ကြိမ် |
| ၂၅ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း အစီအစဉ် | ၆-၅-၂၀၁၆ | တစ်ပတ် (၂) ကြိမ် စနေနေ့ (၁၂း၀၀)နာရီနှင့် (၁၉း၀၀)နာရီ |
| ၂၆ | Online ပေါ်က သတင်းများ အစီအစဉ် | ၇-၅-၂၀၁၆ | အပတ်စဉ် တနင်္ဂနွေနေ့ (၀၇း၃၀)နာရီ နှင့် (၁၈း၃၀)နာရီ |
| ၂၇ | မျက်မှောက်ရေးရာသတင်း အစီအစဉ် | ၇-၅-၂၀၁၆ | အပတ်စဉ် စနေနေ့ (၀၆း၄၅) နာရီနှင့် တနင်္ဂနွေနေ့ (၁၅း၀၀)နာရီ |

※ စာမျက်နှာ ၆ မှ

တစ်ယောက်မျှမပါဝင်သဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက် စောင့်ရှောက်ရေးဆိုသည်မှာ အမျိုးသားများနှင့် မသက်ဆိုင်ဘူးလားဟု ဆွေးနွေးခဲ့ကြောင်း၊ ယခုအခါတွင် အမျိုးသားများ ပါဝင်လာသည်ကို တွေ့ရှိရကြောင်း၊ အမျိုးသမီးများအတွက် အမျိုးသားများက တာဝန်ယူရသကဲ့သို့ အမျိုးသားများအတွက်လည်း အမျိုးသမီးများက တာဝန်ယူရပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ခင်ပွန်းများ၊ မိမိတို့၏ သားသမီးများ၊ တူ၊ တူမများကိုလည်း အမျိုးသမီးများက စောင့်ရှောက်သကဲ့သို့ သွန်သင်ဆုံးမကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ယနေ့ပွဲသည် အမျိုးသမီးများ ရက်သတ္တပတ်၏ ဖွင့်ပွဲဖြစ်ပါကြောင်း၊ ယခုကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး လုပ်ကိုင်ဆောင်ရွက်နေရသည့် ကိစ္စများ၊ စီးပွားရေးလုပ်ငန်းခွင်များအပြင် ဘက်စုံကဏ္ဍစုံမှ အားလုံးတန်းတူ တစ်ဖက်တစ်လမ်းမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်နေကြသည့် မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသည့်အနေဖြင့် အမျိုးသမီးများသာမက လေးစားယုံကြည်ပြီး တန်းတူဆက်ဆံနေသည့် အမျိုးသားများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များအနက် ပဉ္စမမြောက်ပန်းတိုင်ဖြစ်သည့် ကျား-မ တန်းတူညီမျှရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး အသိပညာပေးခြင်း၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ခြင်းတို့ ဆောင်ရွက်ပေးသွားနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် ဖိုရမ်သည် ပြည်သူတစ်ရပ်လုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ရန် မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် မည်သို့ပါဝင်ကြမည်ဆိုသည်ကို ဆက်လက်ဆွေးနွေးကြပြီး မိမိပတ်ဝန်းကျင်၊ အဖွဲ့အစည်းနှင့် လူ့ဘောင်တစ်ရပ်လုံးတွင် တန်းတူညီမျှမှုများကို အားလုံးဝိုင်းဝန်း အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ၏ စကားဝိုင်း (Business Talk)ကို ဆက်လက်ကျင်းပရာ စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှ ဒေါ်ခင်နှင်းစိုး၊ ဒေါ်ဝင်းဝင်းတင့်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်အိဖြိုးဟန်၊ ဒေါ်ယဉ်မျိုးစု၊ ဒေါက်တာဒေါ်ဌေးဌေးကြည်၊ ဒေါ်တင့်တင့်လွင်၊ ဒေါ်ဖြူအိသိမ်းနှင့် ဒေါ်ချိုလဲ့အောင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

**(သတင်းစဉ်)**

## မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲ ဆုနှင်းသဘင်ကျင်းပ

**လားရှိုး မတ် ၆**

(၃၂)ကြိမ်မြောက် လားရှိုးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာမေး/စာပြန်ပွဲတော်၏ ဆုနှင်းသဘင်အခမ်းအနားကို မတ် ၄ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ ကန်မိန်းပရိယတ္တိ စာသင်တိုက်ကြီး၌ကျင်းပသည်။

ဆုနှင်းသဘင်အခမ်းအနားသို့ လားရှိုးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပုညနန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် နာယကဆရာတော်များ၊ ကြီးကြပ်ဆရာတော်များနှင့် စာဖြေသာမဏေများ စုစုပေါင်း ၇၂၂ ပါး ကြွရောက်တော်မူပြီး သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ထူးချွန်စွာအောင်မြင်တော်မူကြသော သာမဏေများနှင့် စာဖြေသာမဏေများအား သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်လတ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက အောင်လက်မှတ်နှင့် သက်န်းများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ ကျင်းပခဲ့သော (၃၂)ကြိမ်မြောက် လားရှိုးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာမေး/စာပြန်ပွဲတော်ကြီးတွင် လားရှိုးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သာမဏေ ၅၃၁ ပါးဝင်ရောက်ဖြေဆိုပြီး စာဖြေအတန်းလေးတန်း၌ စုစုပေါင်း အပါး ၃၅၀ အောင်မြင်တော်မူခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

## မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး(ယာယီ)ရုံးသစ်ဖွင့်

**မော်လမြိုင် မတ် ၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံးအား မတ် ၁ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းပဲတန်းရပ် ဦးဇိနဘုရားလမ်း ရုံးကြီးဝင်း(ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအောက်ထပ်)၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ(ယာယီ) ရုံးသစ်ဖွင့်ပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လက်ထောက် အတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ(ယာယီ)ရုံးသည် ဝန်ကြီးဌာနမှဖွင့်လှစ်မည့် ပြည်နယ်၊ တိုင်းရုံးများအနက် ပထမဆုံးဖွင့်လှစ်သော ပြည်နယ်ရုံးဖြစ်ပြီး အလားတူ ပြည်နယ်၊ တိုင်းရုံးများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၃၀၇)**

## တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာများ အခမဲ့ခွဲစိတ်ကုသပေး

**တာချီလိတ် မတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မီးလောင်ဒဏ်ရာ၊ အဆီအကျိတ်နှင့် ခြေပူးလက်ပူးရှိသူများအား ဂျာမနီနိုင်ငံမှ ဆရာဝန်များနှင့် မြန်မာဆရာဝန်အဖွဲ့တို့ပူးပေါင်း၍ အခမဲ့ခွဲစိတ်ကုသပေးခြင်းကို မတ် ၅ ရက်က စတင်ကုသဆောင်ရွက်ပေးနေကြောင်း သိရသည်။



အခမဲ့ခွဲစိတ် ကုသပေးရာတွင် ဂျာမနီနိုင်ငံမှ Dr. Nureddin Alamuti ဦးဆောင်သော ဆရာဝန်အဖွဲ့နှင့် မြန်မာဆရာဝန်အဖွဲ့တို့က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အဆီအကျိတ်ရှိသူ ခုနစ်ဦးအား စတင်ခွဲစိတ်ကုသပေးလျက်ရှိသည်။ ယင်းသို့ ခွဲစိတ်ကုသရာတွင် ခရိုင်ကုသရေးဦးစီးမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပေးလျက်ရှိသည်။

အဆိုပါအခမဲ့ခွဲစိတ်ကုသမှုခံယူရန် အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင် ၈၀ ခန့် စာရင်းပေးထားပြီး မတ် ၅ ရက်မှ ၁၄ ရက်အထိ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း နှစ်ပတ်လည်စည်းဝေးပွဲ မန္တလေး၌ ကျင်းပ

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း နှစ်ပတ်လည်နှင့် အသင်းသားစုံညီအစည်းအဝေးကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ မင်္ဂလာမန္တလေးရှိ နိုဗယ်မင်္ဂလာဟိုတယ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကိုဖတ်ကြားခြင်း၊ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခြင်းများပြုလုပ်ပြီး မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ၂၀၁၅-၂၀၁၆ ခုနှစ် ပထမသက်တမ်း ဒုတိယမြောက်အသင်းသားစုံညီအစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။**(အောက်ပုံ)**

**(၀၀၂)**




## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကြံခင်း မတ် ၆**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကမ်းပါးပြို၍ပြောင်းရွှေ့ရသည့် နေအိမ်များအတွက် အိမ်ရာအကွက်ဖိုးငွေလှူဒါန်းခြင်းကို မတ် ၄ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကြံခင်းမြို့နယ် ပက်မခမ်းအုပ်စု သဲကော-မျောက်ချောကုန်းလမ်းတွင် Pipe Culvert သုံးခုတည်ဆောက်ခြင်း၊ ကြံတောကျေးရွာအုပ်စု အောက်ပတော်-တိုက်ကြီးလမ်းချောင်း ကျောက်ခင်းခြင်းလုပ်ငန်း၊ အုတ်တွင်းကျေးရွာအုပ်စု ကညင်ချောင်တာလမ်းဆုံ Box Culvert တည်ဆောက်ခြင်းလုပ်ငန်း၊ သရက်ခုံကျေးရွာတံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ပညာရေးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အုတ်တွင်းကျေးရွာအုပ်စု အထက်ပန်းတော် အမကကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ စမ်းကြီးကျေးရွာ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ ရေနံတောင်ကျေးရွာအုပ်စု ရေနံတောင်-သိမ်ကုန်းလမ်း သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ကဒူးခုံ-အေးချမ်းမာလာလမ်း သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရေနံတောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကမ်းပါးပြို၍ ပြောင်းရွှေ့ရသည့် နေအိမ်ရှစ်လုံးအတွက် ငွေကျပ် လေးသိန်း ပေးအပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ကြံခင်းမြို့နယ် ဘက်ရဲမြို့ စုပေါင်းရုံးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြံခင်း(ပြန်/ဆက်)**

ညစ်ညမ်းမှုကင်းဝေးစေရေး ဓာတုပိုးသတ်ဆေးသုံးစွဲမှု တားဆီးပေး

# MNDAA လက်နက်ကိုင်အဖွဲ့များ လောက်ကိုင်မြို့အား ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပြည်သူများ သေဆုံးဒဏ်ရာရ

**နေပြည်တော် မတ် ၆**

MNDAA လက်နက်ကိုင်အဖွဲ့များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လောက်ကိုင်မြို့ကို ယနေ့နံနက် ၂ နာရီခန့်တွင် အရှေ့ဘက်မှ ဝင်ရောက်၍ ပြည်သူများနေထိုင်သည့် အဆောက်အအုံများ၊ တပ်စခန်းများနှင့် ရဲစခန်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ပြည်သူများစွာ ထိခိုက်သေဆုံးဒဏ်ရာရရှိခဲ့ကြပြီး လူနေအဆောက်အအုံများ၊ ဟိုတယ်များနှင့်ကားများ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

MNDAA လက်နက်ကိုင်အဖွဲ့အင်အား ၃၀ ခန့်သည် ရဲဝတ်စုံများ ဝတ်ဆင်အယောင်ဆောင်ကာ လောက်ကိုင်မြို့ ရန်လုံကျိုင်းရဲစခန်းအား နံနက် ၂ နာရီတွင် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်လျက်ရှိကြောင်း၊ ၎င်းနေရာသို့ တပ်မတော်နှင့် နယ်ခြားစောင့်တပ်မှ စစ်ကူစစ်ကြောင်းများ သွားရောက်ပူးပေါင်းလျက်ရှိကြောင်း သိရသည်။

ထို့အတူ MNDAA လက်နက်ကိုင်အင်အား ၅၀ ခန့်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အဖွဲ့ဝင် ဦးဝေဆန်း၏ နေအိမ်အား ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ရာ နံနက် ၅ နာရီခန့်တွင် တိုက်ပွဲပြီးဆုံးခဲ့ပြီး ပြန်လည်ဆုတ်ခွာသွားကြောင်း၊ နံနက် ၂ နာရီခွဲခန့်ကလည်း လောက်ကိုင်မြို့ရှိ ကျင်းတင်ဟိုတယ်အား ဝင်ရောက်ပစ်ခတ်ပြီး ယင်းဟိုတယ်ရှိ မော်တော်ယာဉ် လေးစီးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထို့ပြင် ဖူလီလိုက်ဟိုတယ် ငွေသိမ်းကောင်တာအား လုယက်ပြီး နံနက် ၅ နာရီ ၁၀ မိနစ်ခန့်တွင် နှစ်နိုင်ငံနယ်စပ် ဘီပီ-၁၂၇ ဘက်သို့ ဆုတ်ခွာသွားရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

MNDAA လက်နက်ကိုင်အဖွဲ့သည် လောက်ကိုင်မြို့အား ဝင်ရောက်တိုက်ခိုက်ချိန်နှင့် တစ်ပြိုင်တည်း နှစ်နိုင်ငံနယ်စပ် ဘီပီ-၁၂၅ နှင့် ဘီပီ-၁၂၇ အကြားရှိ တပ်မတော်စခန်းများအား အရှေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်မှုကြောင့် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်းလည်း သိရသည်။

အဆိုပါ MNDAA လက်နက်ကိုင်အဖွဲ့များ၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အမက (လောင်အဲချီ)မှ မူလတန်းပြ ဆရာမ ဒေါ်ပြာမို့ အပါအဝင် ပြည်သူများစွာ ထိခိုက်ပြီး သေဆုံးဒဏ်ရာရခဲ့ကြောင်း၊ ထို့အပြင် ကိုးကန့်ယာဉ်ထိန်းရဲ ငါးဦး၊ ပြည်သူ ငါးဦး သေဆုံးခဲ့ကြောင်းနှင့် ကိုးကန့်ယာဉ်ထိန်းရဲ လေးဦးအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကနဦးသတင်းများအရ သိရသည်။

ယင်း MNDAA လက်နက်ကိုင်အဖွဲ့များနှင့်အတူ အခြားလက်နက်ကိုင် အဖွဲ့များလည်း ပူးပေါင်းပါဝင်ကြောင်း၊ MNDAA လက်နက်ကိုင်အဖွဲ့ထံမှ မီးရှို့ထားသည့် အလောင်း ၂၀ နှင့် လက်နက် ၁၀ လက်ခန့်ကို လုံခြုံရေးတပ်များက သိမ်းဆည်းရရှိထားကြောင်းနှင့် တပ်မတော်မှ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



လောက်ကိုင်မြို့အား ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို တွေ့ရစဉ်။



## ဗန်းမောက်မြို့နယ်၌ ဖမ်းမိရရှိသောဝက်ဝံပေါက် နှစ်ကောင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ ပေးအပ်

**ဗန်းမောက် မတ် ၆**

ဗန်းမောက်မြို့နယ်၌ ဖမ်းမိရရှိသောဝက်ဝံပေါက် နှစ်ကောင်ကို မတ် ၅ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော် ဖေဖော်ဝါရီလကုန်ပိုင်းက ဗန်းမောက်မြို့နယ် အနောက်ခြမ်းဘက်မှာ ဝက်ဝံပေါက်စလေးနှစ်ကောင် ဖမ်းမိထားတယ်လို့ သတင်းရတဲ့အတွက် တရုတ်ပြည်ကို ရောင်းစားမခံရရေးအတွက် ကိုသန်းဌေး (ဇီးကုန်း)ထံ ဖုန်းဆက်သတင်းပေး အကြံဉာဏ်ရယူခဲ့ရာ ကိုသန်းဌေးက တိုင်းဒေသကြီးအစိုးရထံ အပ်နှံသင့်ကြောင်း၊ တောထဲပြန်လွှတ်ရန်မှာ ငယ်သေးကြောင်း အကြံပြုခဲ့တဲ့အတွက် မတ် ၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်သစ်တောဦးစီးမှူးတို့နှင့်အတူ မင်းကုန်းအုပ်စုအုပ်ချုပ်ရေးအဖွဲ့မှစီစဉ်ပေးသည့်အတိုင်း ကျောက်ဆည်ကျောင်းဆရာတော် ဦးအာသဖကို သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။ ထို့နောက် ဆရာတော်က အသက် နှစ်လခန့်အရွယ်ရှိ ဝက်ဝံပေါက်လေး အထီးနှစ်ကောင်အား ကျွန်တော်တို့အဖွဲ့ကို ပေးအပ်ခဲ့ပါတယ်။ မတ် ၄ ရက်မှာ မုံရွာမြို့သို့ သယ်ဆောင်လာခဲ့ပြီး မတ် ၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ အပ်နှံခဲ့ပါတယ်" ဟု ဗန်းမောက်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညီညီဟန်က ပြောသည်။

အဆိုပါ ဝက်ဝံပေါက်လေး နှစ်ကောင်ကို ဝန်ကြီးချုပ်မှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းသစ်တောညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ချစ်လင်း (အင်းတော်)**
**ဓာတ်ပုံ ဦးညီညီဟန်**

## ဘူးသီးတောင်မြို့နယ်၌ လူတစ်ဦး ဓားဒဏ်ရာများဖြင့်သေဆုံး

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ရပ်ကွက် (၁)အနီး ချောင်းစပ်၌ မတ် ၅ ရက် ညနေ ၆ နာရီခွဲက လူတစ်ဦး ဓားဒဏ်ရာများဖြင့်သေဆုံးနေကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါဓားဒဏ်ရာများဖြင့် သေဆုံးနေသူမှာ ဘူးသီးတောင်မြို့နယ် ဆင်အိုးပြင်ကျေးရွာနေ ဇာမာတူဆိန်း (၃၂)နှစ်ဖြစ်ပြီး ၎င်း၏ရင်ဘတ်တွင် ထိုးသွင်းဒဏ်ရာ၊ ဦးခေါင်းနောက်စေ့၊ နောက်ကျော၊ ဝဲနားရွက်၊ ပေါင်နှင့် ညာလက်သူကြွယ်တို့တွင် ပြတ်ရှဒဏ်ရာများ တွေ့ရှိခဲ့သဖြင့် သေဆုံးသူအား ဘူးသီးတောင်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းသေဆုံးမှုနှင့်ပတ်သက်၍ တောင်ဘဇာနယ်မြေရဲစခန်း၌ အမှုဖွင့်ပြီး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**❖ ၂၀၁၇ မှ**

"ဒီနှစ် သင်္ကြန်အကြိုနေ့ အရုဏ်တက်မှာ သံဃာတော်တွေကို ဆွမ်းကပ်မယ်။ ဘုံဆွမ်းလောင်းမယ်။ အရင်နှစ်တွေလို ကျောင်းသား ကျောင်းသူတွေမခေါ်တော့ဘဲ မန်းသင်္ကြန်ပုံရိပ်ဖြစ်တဲ့ မြို့မအလှပြယာဉ်နဲ့အတူ ရေကစားကြသူတွေနဲ့ ဖွင့်မယ်။"ဟု ၎င်းကပြောသည်။

ယခင်နှစ် မန္တလေးမြို့တော်သင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်ဖွင့်ပွဲကို အကြိုနေ့ ညပိုင်းတွင် မြို့မအလှပြယာဉ်နှင့်အတူ ကျောင်းသူများ၏အကအလှများဖြင့် ဖွင့်လှစ်ပေးခဲ့သော်လည်း ယခုနှစ်တွင် အကြိုနေ့နံနက်ပိုင်း၌ သင်္ကြန်ဖွင့်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာသင်္ကြန်နှင့် ခေတ်သင်္ကြန်အဖြစ် ထူးခြားစွာပုံဖော်မည်ဖြစ်၍ ကျုံးတောင်ဘက်မှလွဲ၍ ကျန်သည့်ကျုံးမျက်နှာသုံးဖက်တွင် တစ်ဖက်လျှင် ရေကစားမဏ္ဍပ် ရှစ်ခုစီကို လေလံစနစ်ဖြင့် နေရာချထားပေးမည်ဖြစ်ပြီး (၂၆) လမ်း ကျုံးတောင်ဘက်လမ်းတွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နန်းမြို့သူ ရေကစားမဏ္ဍပ်တို့ နှစ်ခုသာ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**○ မကွေးမှ**

ကျွန်တော်တို့က ဒီရာသီမှာ ပြည်တွင်းပြိုင်ပွဲနှစ်ခုအပါအဝင် ပြိုင်ပွဲသုံးခုအတွက် ပြင်ဆင်နေရတာပါ။ ပြိုင်ပွဲတိုင်းကို အာရုံစိုက်ပြီး ယှဉ်ပြိုင်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

ဂျိုဟိုးဒါရူးလ်အသင်း နည်းပြချုပ် ဘင်ဂျာမင်မိုရာက "ပထမပွဲမှာ အနိုင်ရခဲ့ပေမယ့် လိုအပ်ချက်တွေ ရှိပါသေးတယ်။ ပထမပွဲထက် ပိုကောင်းလာအောင် ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့က အုပ်စုပထမရရှိဖို့ ရည်ရွယ်ထားတာကြောင့် ပွဲတိုင်းကို အနိုင်ရအောင် ပြင်ဆင်သွားမှာပါ။ အုပ်စုပထမရဖို့အတွက် အိမ်ကွင်းရော အဝေးကွင်း ပွဲစဉ်တွေပါ အရေးကြီးပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့ရဲ့ ရာသီဥတုက ပူပြင်းပါတယ်။ ညနေ ၃ နာရီခွဲမှာ ကစားရမှာဆိုတော့ အနည်းနဲ့အများတော့ သက်ရောက်မှုရှိနိုင်ပါတယ်။ ကျွန်တော်တို့အသင်းမှာ မလေးရှား လက်ရွေးစင်ကစားသမားတွေရော လူငယ်လက်ရွေးစင်ကစားသမားတွေပါ အများကြီးပါလာပါတယ်။ မကွေးအသင်းရဲ့ ကစားပုံကို လေ့လာထားပြီး နောက်တန်းကစားပုံလည်း ကောင်းပါတယ်။ တိုက်စစ်မှူး ဆယ်လာကတော့ သတိထားရမယ့် ကစားသမားပါ။ မကွေးအသင်းက ကျွန်တော်တို့အသင်းကို အခက်တွေ့အောင် လုပ်နိုင်ပါလိမ့်မယ်"ဟု ပြောကြားသည်။ မကွေးအသင်းသည် အုပ်စု (F) တွင် ဂျိုဟိုးဒါရူးလ်(မလေးရှား)၊ ဂလိုဘယ်(ဖိလစ်ပိုင်)၊ အန်ကော(ကမ္ဘောဒီးယား)တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပထမပွဲတွင် ဂလိုဘယ်အသင်းကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

**(ရှိုင်းထက်ဇော်)**

## AFC Women's Football Day 2017 မတ် ၈ ရက်တွင် ကျင်းပမည်

**ရန်ကုန် မတ် ၆**

အာရှဘောလုံးအဖွဲ့ချုပ် (AFC) က သတ်မှတ်ထားသော AFC Women's Football Day 2017 အခမ်းအနားကို မတ် ၈ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မတ် ၈ ရက်တွင် ကျရောက်သည့် AFC Women's Football Day ကို ဆင်နွှဲခြင်းဖြစ်ပြီး အသက်ငါးနှစ်မှ ၁၆ နှစ်ကြားရှိ လူငယ်အမျိုးသမီး ကစားသမားများကို အမျိုးသမီးနည်းပြများက ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးမည်ဖြစ်သည်။ ထို့ပြင် AFC Women's Football Day အထိမ်းအမှတ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အမျိုးသမီးလိဂ် ညွှန့်ပေါင်းအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



မြန်မာအမျိုးသမီးအသင်းကို ထိုင်းနှင့်ခြေစမ်းပွဲမကစားမီ တွေ့ရစဉ်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလဆန်းပိုင်းတွင် ယှဉ်ပြိုင်ရမည့် ၂၀၁၈ အာရှဖလား ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး နယ်သာလန်နိုင်ငံသား ရော်ဂျာက ကိုင်တွယ်လျက်ရှိကာ ကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းလက်ရွေးစင်အသင်းနှင့် မတ် ၁ ရက်က ခြေစမ်းပွဲကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-စိုးညွန့်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၁၂ စီး၊ သွင်းကုန် အစီး ၈၆၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၆ စီး၊ သွင်းကုန် ၂၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၇ သန်းခန့်)နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၀၃ သန်းခန့်) စုစုပေါင်း ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၆၀၃ သန်းခန့်) သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၄ ရက်တွင် မူဆယ်မှ မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်ယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အေးခဲဘဲသား ၆၇၂ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၅၂ သန်းခန့်)ကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး မတ် ၅ ရက်တွင် အဆိုပါ အေးခဲဘဲသားများကို အများပြည်သူ စားသုံးရန်မသင့်သည့်အတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စခန်းဝင်းပြင်ပတွင် စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**







# မောင်တောမြို့အနီး နတ်မြစ်အတွင်း မသင်္ကာဖွယ်စက်လှေတစ်စင်းနှင့် လူ ၂၈ ဦး ဖမ်းဆီးရမိ

**မောင်တော မတ် ၆**

ရခိုင်ပြည်နယ် မောင်တောမြို့အနီး နတ်မြစ်အတွင်း မတ် ၅ ရက် ညပိုင်းက မသင်္ကာဖွယ် စက်လှေတစ်စင်းနှင့်အတူ လူ ၂၈ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်ခြားစောင့်ရဲတပ်ဖွဲ့သည် မောင်တောမြို့နယ် သရေကုန်တန်းကျေးရွာအုပ်စု တုံးချောင်းနှင့် နွားမျက်တောင်ချောင်းအနောက်တောင်ဘက် တစ်မိုင်ခန့်ရှိ နတ်မြစ်အတွင်း ရေယာဉ်ဖြင့် ကင်းလှည့်နေစဉ် မတ် ၅ ရက် ည ၉ နာရီခွဲခန့်က မသင်္ကာဖွယ် ခိုးဝင်စက်လှေတစ်စင်းတွေ့ရှိသဖြင့် ဖမ်းဆီးရာ ယင်းစက်လှေပေါ်မှ တစ်ဖက်နိုင်ငံသို့ တရားမဝင်ထွက်ခွာမည့် အမျိုးသား ၂၅ ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၂၈ ဦးကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးရမိသူများအား ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့မရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# တိုက်ကြီးမြို့နယ်၌ တောဆင်ရိုင်းတစ်ကောင်သေဆုံး

**တိုက်ကြီး မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် အုန်နွဲပင်ကျေးရွာအနီး တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းဘေး ဝါးမျိုးတစ်ရာစိုက်ကွင်းအနီးတွင် တောဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၇ နာရီခန့်တွင် ဝါးမျိုးတစ်ရာစိုက်ကွင်းမှ ကွင်းလုပ်သား၏သတင်းပို့ချက်အရ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သက်နှင့် တောအုပ်၊ တောခေါင်းများ၊ တိုက်ကြီးမြို့နယ် စခန်းမှူး ဒုရဲမှူးသိန်းအေး၊ ရဲအုပ်မျိုးခိုင်၊ ဒုရဲအုပ်မင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ ရဲအုပ်ဝင်းအောင်၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ သစ်ထုတ်လုပ်ရေးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့သည်။



သေဆုံးသော ဆင်သည် တောဆင်ရိုင်း တစ်ကောင်ဖြစ်ပြီး GPS တပ်ဆင်ထားသော ဆင်ထီးတစ်ကောင်ဖြစ်ကြောင်း သိရသည်။ ဆင်အမျိုးအစားမှာ "ဟန်" ခေါ် အစွယ်ရှည်မပေါက်ဘဲ ဆင်မများကဲ့သို့ သစ်ခွံထိုးရန်မျှလောက်သာ အစွယ်တိုပေါက်သော ဆင်အမျိုးအစားဖြစ်ပြီး အမြင့် ၁၀ ပေ၊ လုံးပတ် ၁၅ ပေ၊ အသက် ၃၅ နှစ်ကျော် ၄၀ နှစ်ခန့်ဖြစ်ကြောင်း သိရသည်။

"ဆင်ကြီးသေဆုံးတာက ဆင်ရဲ့ညာဘက် ချစ်ခုံရိုးထိပ်မှာ အနာဟောင်းတစ်ခုတွေ့တယ်။ အနာရင်းပြီး အတွင်းဘက်လှိုက်စားနေတာ တွေ့ရတယ်။ ခန္ဓာကိုယ်ထဲကို ပြည်တွေနဲ့ တံငါရည်တွေ ဝင်နေတယ်။ ဒါကြောင့် သွေးအဆိပ်ဖြစ်ပြီး ဒဏ်မခံနိုင်လို့ သေတာဖြစ်နိုင်ပါတယ်။ ရှေ့လက်ညာဘက် လက်ပြင်မှာလည်း အနာတစ်ခု တွေ့ရတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်ကရထားတဲ့ ဒဏ်ရာလို့ ယူဆရပါတယ်။ တစ်ကောင်နဲ့တစ်ကောင် တိုက်ခိုက်လို့ဖြစ်ဖြစ်၊ အခြားပြင်ပထိခိုက်မှုတစ်ခုခုကြောင့်ဖြစ်ဖြစ် ဒဏ်ရာရတာလည်း ဖြစ်နိုင်ပါတယ်"ဟု မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်ဆေးကုလက်ထောက် ဦးဖြိုးသူအောင်က ပြောသည်။

အဆိုပါဆင်သည် လွန်ခဲ့သော တစ်ပတ်လောက်ကတည်းက အုန်နွဲပင်ရွာတစ်ဝိုက် ရောက်ရှိနေတာဖြစ်ပြီး လွန်ခဲ့သည့်ညက ဆင်အုပ်ရောက်လာပြီး လှည်းတစ်စီးကို ဖျက်ဆီးသွားခဲ့ကြောင်း ကျေးရွာသားတစ်ဦးက ပြောသည်။

"ကျွန်တော်က စိုက်ကွင်းချိုင့်ထဲမှာ ဆင်တစ်ကောင် အိပ်နေတာထင်လို့ ကြောက်ပြီးထွက်ပြေးနေတာ။ မနက်မိုးလင်းမှ ထပ်တွေ့တော့ သေနေတာ ဖြစ်နိုင်တယ်ထင်လို့ သတင်းပို့လိုက်တာပါ" ဟု စိုက်ကွင်းလုပ်သားက ပြောသည်။

"ဆင်က အသတ်ခံရတာတော့ မဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ဒီဆင်က အစွယ်မှ မပါဘဲကိုး၊ ဆင်သတ်တဲ့သူတွေက အစွယ်လိုချင်လို့ သတ်တာကများတယ်"ဟု ရွာသားတစ်ဦးက ပြောသည်။

အဆိုပါဆင်သေကို သစ်တောဦးစီးဌာနက သက်ဆိုင်ရာက ခွင့်ပြုချက်ရလျှင် မြေမြှုပ်၍ဖြစ်စေ မီးရှို့၍ဖြစ်စေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# မြဝတီမြို့တွင် ရွှေဆိုင်ဝန်ထမ်းတစ်ဦး ပြန်ပေးဆွဲခံရမှုဖြစ်ပွား

**မြဝတီ မတ် ၆**

ကရင်ပြည်နယ် မြဝတီဘုရင့်နောင်ဈေးကြီးအတွင်း မောင်တင်စိန်ရွှေဆိုင်တွင် အရောင်းဝန်ထမ်းလုပ်ကိုင်နေသူအား နယ်ခြားစောင့်ဝတ်စုံဝတ်ဆင်ထားသူ လက်နက်ကိုင်တစ်စုက လာရောက်ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်ဈေးကြီးအတွင်းရှိ မောင်တင်စိန်ရွှေဆိုင်တွင် မတ် ၆ ရက် မွန်းလွဲပိုင်းက အရောင်းဝန်ထမ်း မထက်ထက်ဇော်ဖြိုးအား နယ်ခြားစောင့်တပ်ယူနီဖောင်းဝတ်ဆင်ထားသော လက်နက်ကိုင်လူတစ်စု ရောက်ရှိလာပြီး လက်နက်ဖြင့် ခြိမ်းခြောက်ရိုက်နှက်ကာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အခင်းဖြစ်စဉ်သိရသည်နှင့်တစ်ပြိုင်နက် ရှေ့တန်းအမှတ်(၃၁၀)ခြေမြန်တပ်ရင်းမှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးသန်းဝင်းနိုင် ဦးစီးသောအဖွဲ့၊ အမှတ်(၁) စစ်ဘက်ရေးရာလုံခြုံရေးတပ်စုမှ တပ်ကြပ်ကြီးလင်းလင်းဦး ဦးစီးအဖွဲ့၊ နယ်ခြားစောင့်တပ်နယ်(၃)မှ ဒေးဗစ်ဦးစီးအဖွဲ့၊ နယ်ခြားစောင့်တပ်နယ်(၄)မှ စောဟဲ ဦးစီးအဖွဲ့၊ မြဝတီမြို့မရဲစခန်းမှ ခေတ္တနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်နိုင်စိုး ဦးစီးအဖွဲ့နှင့် အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းတို့ပါပူးပေါင်းအဖွဲ့တို့ဖြင့် ပြန်ပေးဆွဲအဖွဲ့အား ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရသည်။

**(တင်ဝင်းလှိုင်)**




# ပြင်ဦးလွင်နှင့် ကလောမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၆**

မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များသည် မတ် ၅ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) ၁၄-ထုံးဘိုခြံလမ်းသွယ်နေ ချစ်စိန်(ခ)ချီစိပ်လင့်၏ နေအိမ်ကိုရှာဖွေရာ ညှော်ခန်းစားပွဲပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၈၀နှင့် ငွေကျပ် လေးသိန်းတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့အဝင် လွိုင်ကော်-အောင်ပန်း-ကလောသွားကားလမ်း မာတင်ချော်လဲ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဆိုင်ကယ်မောင်းနှင်လာသူ ကျော်စိန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

**(ကြေးမုံ)**

# ချန် ပီ ယံ လိဂ် သ တင်း များ





## အာဆင်နယ်နှင့် ဘာစီလိုနာတို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်ရောက်ရန် မဖြစ်နိုင်တော့ဟု ယူအီးအက်ဖ်အေလေ့လာမှု စစ်တမ်းက ဖော်ပြ

ချန်ပီယံလိဂ် ပထမအကျော့တွင် ရှုံးပွဲကြုံခဲ့ရသည့်အသင်းများ၏ ရလဒ်များနှင့် နောက်ခံအကြောင်းတရားများကို အခြေခံ၍ ပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ရပ်တွင် အာဆင်နယ်အသင်းက ကွာတားဖိုင်နယ် တက်ရောက်နိုင်ခြေ ၁ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိတော့ပြီး ဘာစီလိုနာက အခွင့်အရေးလုံးဝမရှိတော့ဟု ဖော်ပြခဲ့ကြောင်း သိရသည်။ ယူအီးအက်ဖ်အေ(ဥရောပဘောလုံးအဖွဲ့ချုပ်)သည် ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်အစရှိသဖြင့် ရှုံးထွက်ပွဲစဉ် ပထမအကျော့ရလဒ်များကို အခြေခံ၍ နောက်တစ်ဆင့်တက်ရောက်နိုင်မှု ရှိ၊ မရှိဆိုသည်ကို လေ့လာမှုပြုခဲ့ခြင်းဖြစ်သည်။

ယင်းလေ့လာမှုအရ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ရန် အကောင်းဆုံးအလားအလာပိုင်ဆိုင်ထားသည့် အသင်းများအဖြစ် ပီအက်စ်ဂျီ၊ ဂျူဗင်တပ်၊ အက်သလက်တီကို၊ ဘိုင်ယန်မြူးနစ်အသင်းတို့ သတ်မှတ်ခံထားရသည်။ ဂျူဗင်တပ်အသင်းက ပေါ်တိုအသင်းကို အဝေးကွင်းတွင် နှစ်ဂိုးပြတ်၊ အက်သလက်တီကိုက ဂျာမန်မြေတွင် လေဗာကူဆင်အသင်းကို လေးဂိုး-နှစ်ဂိုးရလဒ်တို့ဖြင့် အနိုင်ကစားနိုင်ခြင်းကြောင့် ယခုကဲ့သို့ သတ်မှတ်ခံရခြင်းဖြစ်သည်။ နာပိုလီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သည့် ရီးယဲလ်က ၇၇ ဒသမ ၂ ရာခိုင်နှုန်း၊ မိုနာကိုအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည့် မန်စီးတီးက ၆၀ ရာခိုင်နှုန်းနှင့် လက်စတာအသင်းကို အိမ်ကွင်းတွင်နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ဆီဗီလာအသင်းက ၅၁ ဒသမ ၁ ရာခိုင်နှုန်း၊ ဒေါ့မွန်အသင်းကို အိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ဘင်ဖီကာအသင်းက ၅၀ ရာခိုင်နှုန်းဖြင့် ကွာတားအဆင့်တက်ရောက်နိုင်ခြေရှိနေသည်။

ချန်ပီယံလိဂ်ပွဲစဉ်များတွင် ပထမအကျော့ အနိုင်ရရှိသည့် အသင်းများက နောက်တစ်ဆင့်တက်ရောက်နိုင်မှု ၅၉ ဒသမ ၆ ရာခိုင်နှုန်းအထိရှိကြောင်းလည်း အဆိုပါ လေ့လာမှုကပင် ဆက်လက်ဖော်ပြသည်။ ယင်းထုတ်ပြန်မှုအရ ဘာစီလိုနာအသင်းကသာ သုည ရာခိုင်နှုန်းအဖြစ် သတ်မှတ်ခံခဲ့ရပြီး အာဆင်နယ်က ၁ ဒသမ ၂၊ ပေါ်တိုက ၂ ဒသမ ၇ နှင့် လေဗာကူဆင်က ၃ ဒသမ ၄ တို့ဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်မှု ရာခိုင်နှုန်းအနည်းဆုံး အသင်းများအဖြစ် သတ်မှတ်ခံခဲ့ရသည်။

## ဒဏ်ရာကြောင့် ဘင်ဖီကာနှင့်ပွဲတွင် ဒေါ့မွန်အတွက် မာကိုရူးစ် ဝင်ရောက်ကစားနိုင်မည်မဟုတ်

ဒေါ့မွန်အသင်းကွင်းလယ်လူ မာကိုရူးစ်သည် လေဗာကူဆင်အသင်းနှင့် ပွဲစဉ်တွင် ရရှိခဲ့သည့် တံကောက်ကြောဒဏ်ရာကြောင့် ဘင်ဖီကာအသင်းအား ရင်ဆိုင်ရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း ဒေါ့မွန်နည်းပြ တူချယ်လ်က အတည်ပြုပြောကြားခဲ့သည်။ ရူးမှာ ဒဏ်ရာပြဿနာ မကြာခဏကြုံတွေ့နေရသည့် ကစားသမားဖြစ်ကာ ဘွန်ဒက်စ်လီဂါပွဲစဉ် ၂၃ ပွဲ



တွင်လည်း ၁၁ ပွဲသာ ဝင်ရောက်ကစားပေးနိုင်ခဲ့သည်။ ဒေါ့မွန်မှာ ပထမအကျော့ကစားစဉ်က ဘင်ဖီကာအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသဖြင့် ယခုအိမ်ကွင်းတွင် ကစားရမည့် ပွဲစဉ်တွင် နိုင်ပွဲရယူရန် အရေးတကြီး လိုအပ်နေခြင်းဖြစ်သည်။

တူချယ်လ်က "လာမယ့် ဗုဒ္ဓဟူးနေ့မှာ ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာ ရူးစ် ပါဝင်လာနိုင်မှာ မဟုတ်ပါဘူး။ ဒါက သတင်းဆိုးတစ်ခုပါ။ သူဟာ သူပါဝင်ကစားခဲ့တဲ့ ပွဲစဉ်တွေတိုင်း မြင့်မားတဲ့ အဆင့်တစ်ရပ် ပြသနိုင်ခဲ့တာချည်းပဲဖြစ်ပါတယ်။ နိုင်ပွဲရယူဖို့ မဖြစ်မနေ ကြိုးပမ်းရမယ့် အချိန်မှာ သူ့ကို ဆုံးရှုံးရမယ်ဆိုတော့ ကျွန်တော်တို့ အသင်းအတွက် ကြီးမားတဲ့ ထိုးနှက်ချက်ပါ" ဟု ဆိုခဲ့သည်။

## အာဆင်နယ်ကို အင်ပြည့်အားပြည့်ရင်ဆိုင်မယ့် ဘိုင်ယန်

ဘိုင်ယန်အသင်းက အာဆင်နယ်အသင်းကို ချန်ပီယံလိဂ် ပထမအကျော့ ဂိုးပြတ်အနိုင်ရထားသော်လည်း ဒုတိယအကျော့တွင်လည်း အကောင်းဆုံး လူအခင်းအကျင်းဖြင့်သာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဘိုင်ယန်တောင်ပံတိုက်စစ်မှူး ရီဘာရီက ကိုလုံးအသင်းကိုအနိုင်ရရှိသည့် ပွဲစဉ်အပြီးတွင် ပြောကြားလိုက်သည်။ ဘိုင်ယန်အသင်းက အာဆင်နယ်ဘက်ကို ပထမအကျော့ပွဲစဉ်တွင်လည်း ဂိုးဒါဇင်ဝက်နီးပါး သွင်းယူခဲ့ပြီး ဂိုးပြတ်ခြေပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့ရာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ရန် အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ဒုတိယအကျော့တွင် ဘိုင်ယန်အရန်အင်အားဖြင့်ပင် အာဆင်နယ်ကို ရင်ဆိုင်နိုင်သည်ဟူသော သုံးသပ်မှုများရှိနေခြင်းကို ရီဘာရီက ပယ်ချခဲ့ခြင်းဖြစ်သည်။



အာဆင်နယ်ကိုရင်ဆိုင်မည့် ပွဲစဉ်တွင် ဒဏ်ရာပြဿနာ ကြုံတွေ့နေရသော ဘိုတန်နှင့် ဖျားနေသည့် ဆန်းချက်စ်တို့ နှစ်ဦးမှလွဲ၍ ကျန်ကစားသမားအားလုံး ပါဝင်ရန် ရှိနေသည်။ ဘိုင်ယန်သည် ဘွန်ဒက်စ်လီဂါ အမှတ်ပေးဇယားကိုလည်း ခုနစ်မှတ်ဖြတ်ကာ ဦးဆောင်နေပြီး လာမည့်အပတ်တွင် ဖရန့်ဖတ်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်သည်။

## အန္တရာယ်ပိုရှိသော ဘာစီလိုနာအဖြစ်ရောက်ရှိသွားမည်ကို ပီအက်စ်ဂျီနည်းပြ အမ်မရီစိုးရိမ်ပူပန်နေ



ရာသီကုန် ဘာစီလိုနာမှ ထွက်ခွာမည်ဟု ကြေညာခဲ့သော နည်းပြ အင်းနရစ်ကြောင့် ပိုမိုအန္တရာယ်ပေးနိုင်သည့်အသင်းအဖြစ် ဘာစီလိုနာရောက်ရှိသွားမည်ကို မိမိအလွန်ပင် စိုးရိမ်မိကြောင်း ပီအက်စ်ဂျီနည်းပြ အမ်မရီက သူ၏စိုးရိမ်မှုကို မီဒီယာများသို့ ဖွင့်ဟပြောကြားလိုက်သည်။ ဘာကာနည်းပြ အင်းနရစ်က အနားယူရန် လိုအပ်သဖြင့် ရာသီကုန်တွင် ဘာစီလိုနာမှ ထွက်ခွာတော့မည်ဟု ယခု ရက်သတ္တပတ်အစောပိုင်းက ကြေညာခဲ့သည်။ ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအသင်းကို လေးဂိုးပြတ် အရေးနိမ့်ခဲ့သည့်ပွဲစဉ်အပြီး ရက်သတ္တပတ်ကျော်မှာပင် အနားယူမည့် အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

အမ်မရီက ပထမအကျော့ပွဲစဉ်က ခြေစွမ်းအတိုင်း ကစားနိုင်ရန် ခက်ခဲသလို အင်းနရစ် အနားယူမည့် အစီအစဉ်ကြောင့် ဘာစီလိုနာအသင်းသည် ရာသီကုန်တွင် မြင့်မားသည့်အောင်မြင်မှု ဖော်ဆောင်နိုင်ရေး ကြိုးပမ်းမည်ဖြစ်သဖြင့် ပိုမိုအန္တရာယ်ရှိသည့် အသင်းဖြစ်လာမည်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းသားများကို သတိပေးပြောကြားခဲ့သည်။ ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့ပြီးနောက် လီဂါနက်စ်၊ အက်သလက်တီကို၊ စပို့တင်းဂီဂျွန်နှင့် ဆယ်လ်တာဗီဂိုတို့ အားလုံးကို အနိုင်ကစားထားပြီး လာလီဂါအမှတ်ပေးဇယားကိုပါ ဦးဆောင်ခွင့်ရရှိခဲ့သည်။

## လိဂ်ပွဲ ၁၀၀ တွင် ၇၉ ပွဲအထိ အနိုင်ရရှိအောင် ဦးဆောင်ပေးနိုင်သည့် မှတ်တမ်းတစ်ရပ် ကွန်တီ ရရှိခဲ့

ချယ်လ်ဆီးအသင်းက ဆန်းဒါးလန်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် နည်းပြကွန်တီက ချယ်လ်ဆီးနှင့် ဂျူဗင်တပ်အသင်းများကို ကိုင်တွယ်ခဲ့သည့် နောက်ဆုံးလိဂ်ပွဲ(၁၀၀)တွင် ၇၉ ပွဲအထိ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြဖြစ်လာခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ဂျူဗင်တပ်အသင်းကို ကွန်တီ ကိုင်တွယ်ခဲ့သည့် ပထမဦးဆုံးရာသီဖြစ်သည့် ၂၀၁၁-၁၂ ရာသီတွင် ရှုံးပွဲမရှိမှတ်တမ်းတစ်ရပ် ရရှိခဲ့ပြီး ၄၃ ပွဲဆက် ရှုံးပွဲမရှိခဲ့ပေ။

သို့သော် အဆိုပါရာသီတွင် သရေရလဒ် ၁၅ ပွဲအထိ ထွက်ပေါ်ခဲ့သောကြောင့် ရမှတ်လေးမှတ်ဖြတ်၍သာ စီးရီးအေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ နောက်ရာသီများတွင် ရလဒ်ပိုင်း တဖြည်းဖြည်း တိုးတက်လာခဲ့ပြီး ဒုတိယရာသီတွင် ကိုးမှတ်ဖြတ်ကာ စကူးဒက်တိုဖလားဆွတ်ခူးခဲ့သလို တတိယရာသီတွင် လိဂ်ပွဲစဉ်နှစ်ပွဲရှုံးပွဲကြုံခဲ့ရသော်လည်း နိုင်ပွဲ ၃၃ ပွဲအထိ စံချိန်တင်ရယူနိုင်ခဲ့သည်။

ချယ်လ်ဆီးကို ပြောင်းလဲကိုင်တွယ်ရာတွင်လည်း ယခုထိ ပွဲစဉ် ၂၄ ပွဲအပြီး သုံးပွဲရှုံး၊ နှစ်ပွဲသရေ၊ ၁၉ ပွဲအထိ အနိုင်ရအောင် စွမ်းဆောင်ခဲ့သဖြင့် နောက်ဆုံးကိုင်တွယ်ခဲ့သည့် လိဂ်ပွဲ(၁၀၀)တွင် ၇၉ ပွဲအထိ အနိုင်ရအောင် ဖန်တီးပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်အသင်းကို ကွန်တီကိုင်တွယ်ခဲ့သည့် ပထမရာသီကိုပါ ထည့်သွင်းတွက်ချက်လျှင်လည်း စုစုပေါင်း ၁၃၈ ပွဲတွင် ၁၀၂ ပွဲအထိ အနိုင်ရလဒ်ဖန်တီးပေးထားသောကြောင့် အံ့ဖွယ်အကောင်းဆုံးစံချိန်ဟုပင် သတ်မှတ်နိုင်သည်။ ကွန်တီအနေဖြင့် လက်ကျန်ပရီမီယာလိဂ် ၁၄ ပွဲတွင် ၁၁ ပွဲအနိုင်ရရှိအောင် စွမ်းဆောင်နိုင်လျှင်ပင် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီက မော်ရင်ဟို တင်ထားသည့် ပရီမီယာလိဂ် ၂၉ ပွဲ အနိုင်ရလဒ် စံချိန်ကို ချိုးဖျက်နိုင်မည်ဖြစ်သည်။



## ဟယ်ရီကိန်းနဲ့ အယ်လီတို့ အောင်ပွဲခံမှုကို ယခုနှစ်ရာသီ အဆိုးဆုံးအောင်ပွဲခံမှုအဖြစ် ဝေဖန်ခံနေရ

စပါးက အဲဗာတန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိတဲ့ပွဲမှာ ဟယ်ရီကိန်းနဲ့ ဒယ်လီအယ်လီတို့ နှစ်ဦးဟာ လက်ဆွဲကာ ကလေးဆန်ဆန်ပုံစံနဲ့ အောင်ပွဲခံခဲ့ကြတဲ့အတွက် ယခုနှစ်ဘောလုံးရာသီရဲ့ အဆိုးဆုံးသော အောင်ပွဲခံမှုရယ်လို့ ဝေဖန်မှုတွေ ထွက်လာပါတယ်။ အွန်လိုင်းစာမျက်နှာထက်မှာ ဒီအောင်ပွဲခံမှုကို ဗီဒီယိုဖိုင်တွေပြန်ပြပြီး ဝေဖန်တာမျိုး၊ ကာတွန်းရုပ်ဖန်တီးပြီး လှောင်ပြောင်တာမျိုးတွေ ပြုလုပ်နေကြသလို ကခုန်အောင်ပွဲခံလို့ ဝေဖန်ခံခဲ့ရတဲ့ မန်ယူတိုက်စစ်အတွဲ လင်းဂတ်နဲ့ ပေါ့ဘာတို့နှစ်ဦးရဲ့ အောင်ပွဲခံပုံထက်တောင် ဆိုးရွားတယ်ဆိုတဲ့ ဝေဖန်မှုတွေလည်း ရှိနေပါတယ်။

အချို့က ဒီလို အောင်ပွဲခံမှုကြောင့် လှပတဲ့သွင်းဂိုးတစ်ဂိုးရဲ့ အနှစ်သာရတောင် ပျက်သွားခဲ့တယ်လို့ ဝေဖန်ခဲ့ကြပါတယ်။ ဒီလို ဝေဖန်မှုတွေရှိနေပေမယ့် တစ်ဖက်မှာလည်း ကိန်းရဲ့အဆိုးသတ်ပိုင်း ကောင်းမွန်မှုအပေါ် ချီးကျူးမှုတွေလည်း ရှိနေပြီး ကိန်းဟာ ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူး ငါးဦးထဲက တစ်ဦးဖြစ်တယ်။ ပရီမီယာလိဂ်အကောင်းဆုံးတိုက်စစ်မှူးဖြစ်တယ်ဆိုတဲ့ ချီးကျူးမှုတွေလည်း ရှိနေပါတယ်။

မေလဲ့သင်း
စုစည်းသည်

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှ အဆက်)**

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊
(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊
(၆) နိုင်ငံ့ဝန်ထမ်းအငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ကရုဏာကြေး။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-
(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊
(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန် စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ အခန်း (၇) တွင် ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)
## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့်နှုန်းထားများ

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-
(က) ယစ်မျိုးခွန်၊
(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊
(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊
(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊
(င) တံဆိပ်ခေါင်းခွန်၊
(စ) မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊
(ဆ) အကောက်ခွန်၊
(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊
(ဈ) ရေခွန်၊
(ည) တာတမံခွန်၊
(ဋ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊
(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)
(ဍ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊
(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊
(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊
(တ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊
(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊
(ဒ) ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး။

၃၄။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-
(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-
(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။
(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ပြည်ပမှ တင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ် လုပ်ငန်းခွန် ပေးဆောင်ရမည်။
(၃) ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။
(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန် ထမ်းဆောင်ရမည်။

## အခန်း(၉)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-
(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊
(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့်ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။
(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အထက်ပုဒ်မခွဲ (က) ပါလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။
(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါအသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့် အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ဇယား(၁)

**2017 –2018 b@ma&;ESf**
**jynfxmifkt cEftaumufsm;aumufcHrfllvsmx;cuf**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၂၇၁၂၆၆၆. ၈၈၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀. ၃၁၁ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁၇၅၂၄၄၃. ၂၃၂ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၅၀၀၀. ၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၄၇၃၅၆. ၂၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊ | ၁၇၀၅၈၀. ၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၄၇၆၈၉. ၃၁၂ |
| | ၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၆၄၀. ၀၀၀ |
| | ၈ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၇၁၇. ၈၄၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၆၈၇၂၉၉. ၉၃၁ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၃၈၂၀၀၀. ၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၂၃၈၂၀၀၀. ၀၀၀ |
| ၃ | | | **အကောက်ခွန်** | **၄၉၀၀၀၀. ၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၄၉၀၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၈၉၆၃၄၂. ၀၀၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁. ၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၉၅. ၁၁၈ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂၂၉၆. ၇၇၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၃. ၈၅၅ |
| | ၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁၅၀၃. ၈၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၂၇၈၆၂၃. ၀၈၆ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်ရတနာခွန်၊ | ၂၇၁၄၃. ၅၄၂ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၅၇၆၂၄၈. ၀၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ။ | ၁၀၄၂၆. ၃၂၀ |
| | | | **စုစုပေါင်း** | **၆၄၈၁၀၀၈. ၈၉၀** |

# မြို့သစ်စီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ကိုရီးယားနိုင်ငံအခြေစိုက်ကုမ္ပဏီလာရောက်တွေ့ဆုံဆွေးနွေး



**ပဲခူး မတ် ၆**

မြို့သစ်စီမံကိန်းတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ဖေဖော်ဝါရီလနောက်ဆုံး ပတ်က ကိုရီးယားနိုင်ငံအခြေစိုက် KOICA မှ Project Manager Mr.Koo Jeong Hyun ဦးဆောင် သောအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လာရောက်တွေ့ဆုံ ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲတွင် Mr.Koo Jeong Hyun က ပဲခူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးမြို့သစ် စီမံကိန်းလျာထားချက်၊ သယ်ယူပို့ဆောင်ရေးနှင့် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် စီမံကိန်းများ အလိုက် လျာထားဆောင်ရွက်သင့်သည့်အချက် အလက်များ၊ ပဲခူးမြို့အတွင်းရေကြီးရေလျှံမှုကာ ကွယ်နိုင်ရန် ပဲခူးမြစ်ရေဖြောင့်တန်းစွာစီးဆင်းနိုင် ရေးအတွက် မြစ်ကြောင်းအားဖြောင့်ပေးခြင်း၊ သောင်ခုံများတူးဖော်ခြင်း၊ သဘော်ဆိပ်ကမ်းတစ်ခု ဖြစ်ပေါ်လာအောင် ပဲခူးမြစ်ပေါ်တွင်တည်ဆောက် ပေးခြင်းနှင့် မြို့သစ်စီမံကိန်းတစ်ခုအဖြစ် အကောင် အထည်ဖော်ဆောင်ရွက်ပေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ Power Point ဖြင့် အသေးစိတ် ရှင်းလင်းပြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူး တိုင်းဒေသကြီးအား နေ့စဉ်ဖြတ်သန်း နေသော အပြည်ပြည်ဆိုင်ရာလေယာဉ်ပေါင်း ၇၀၀ ကျော်ရှိကြောင်း၊ ထို့ကြောင့် ပဲခူးမြို့တွင်တည် ဆောက်တော့မည့် ဟံသာဝတီလေဆိပ်သည် နိုင်ငံ တကာသို့ ပျံသန်းသွားလာသည့်လေယာဉ်များ ရပ်နားရာအဓိက Gate Way တစ်ခုဖြစ်လာနိုင် ကြောင်း၊ လေဆိပ်နှင့်အတူ ထပ်မံဖွံ့ဖြိုးတိုးတက်လာ မည့် စက်မှုဇုန်များ၊ ဟိုတယ်ဇုန်များ၊ စီးပွားရေး ဆိုင်ရာအဆောက်အအုံများ၊ အဆင့်မြင့်မြို့ပြအိမ် ရာများတည်ဆောက်နိုင်ရန် မြေနေရာအား လျာ ထားသတ်မှတ်ရာတွင် သေချာစဉ်းစားဆောင်ရွက် နေရကြောင်း၊ သီလဝါဆိပ်ကမ်း-ခရမ်း-ပဲခူးအဆင့် မြင့် High Way လမ်းမကြီးများသည် ပဲခူးဒေသ သို့ဝင်ရောက်မည်ဖြစ်၍ အဓိကကုန်းတွင်းထွက် ပေါက်တစ်ခုလည်းဖြစ်လာနိုင်ကြောင်း၊ လက်ရှိပဲခူး မြို့၏ ကျုံးရိုးအား ပြန်လည်အဆင့်မြှင့်တင်ပြီး ထိန်း သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဲခူးမြို့၏ သမိုင်း၊ယဉ်ကျေးမှုတို့ကို အခြေပြုပြီး မြို့ဟောင်း အား နိုင်ငံခြားခရီးသွားများအတွက် ရည်ရွယ် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မြို့သစ်စီမံကိန်း အား ခုတင် ၅၀၀ ဆေးရုံရှိသော ကလိကျေးရွာအနီး ပတ်ဝန်းကျင်တွင် အကောင်အထည်ဖော်ရန် လျာ ထားကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ သယံ ဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံ၊ အစိုးရအဖွဲ့အတွင်း ရေးမှူး ဦးတိုးဝင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တာမွေမြို့နယ်အတွင်း သန့်ရှင်းရေးလုပ်ငန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေး

**တာမွေ မတ် ၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခေတ္တဒုတိယဌာနမှူး (တာမွေမြို့နယ်အတွင်း သန့်ရှင်းရေး လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းစစ်ဆေးရေးအဖွဲ့) ခေါင်းဆောင် ဦးဇော်ဝင်းနိုင်သည် မတ် ၁ ရက် နံနက်ပိုင်းက တောင်ပိုင်း ခရိုင်၊ မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် ခရိုင်မှူးများနှင့်အတူ တာမွေမြို့နယ်စည် ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ကာ တာမွေမြို့နယ်အတွင်း သန့်ရှင်းရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက် နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးကြသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးသိန်းမြင့်က "မြို့နယ်သန့်ရှင်းသာယာလှပပြီး လူနေမှုစနစ်တိုးတက်ဖို့ဆိုတာ သန့်ရှင်းရေးလုပ်ငန်းတွေနဲ့ ဆက်စပ်မှုရှိပါတယ်။ သန့်ရှင်းရေးကောင်းမှ လူမှု ဘဝတိုးတက်လာမှာပါ။ ဌာနဆိုင်ရာတွေနဲ့ မိဘပြည်သူတွေ ပူးပေါင်းဆောင် ရွက်မှလည်း အောင်မြင်မှာပါ။ တက်ရောက်လာကြတဲ့ ဌာနဆိုင်ရာနဲ့ ရပ်ကွက် ၂၀ မှ အုပ်ချုပ်ရေးမှူးတွေပူးပေါင်းပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကူညီ ပေးစေလိုပါတယ်" ဟု ပြောသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ တောင်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ခရိုင်ခွဲမှူးဦးမြင့်ဝင်း၊ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် တာမွေ၊ ဗဟန်း၊ ကမာရွတ်မြို့နယ်တို့မှ သန့်ရှင်းရေး တာဝန်ခံများ၊ ရပ်ကွက် ၂၀ မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက် ခဲ့ကြသည်။

**(၁၉၇)**



## ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေး

**ပြည်ကြီးမဏ္ဍိုင် မတ် ၆**

တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ၁၂ မိုင်ခန့်ဝေးကွာသော ချောင်းကဖက်အုပ်စု ထင်းမယ်ကျေးရွာတွင် မတ် ၄ ရက် နံနက် ၈ နာရီခွဲ က ကျေးရွာပိုင် NGO အဆောက်အအုံ၌ ဒေသခံ ပြည်သူများအား အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စည်ပင်သာ ယာရေးအဖွဲ့ နယ်မြေမီးသတ်စခန်းနှင့် ပြည်ကြီး မဏ္ဍိုင်မြို့ နယ်မြေရဲစခန်းတို့မှ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း က စာဖတ်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့တာဝန်ခံ ဦးမျိုးအောင်က ကျေးရွာသန့်ရှင်း သာယာလှပရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့ နယ် မီးသတ်စခန်းတာဝန်ခံ မီးသတ်ဦးစီးမှူး ဦးအောင်နိုင်လင်းက မီးဘေးလုံခြုံရေးအသိပညာ ပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲစခန်းမှ ရဲအုပ်ဇော်မျိုးဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအသိပညာ ပေးခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသော ဒေသခံ ပြည်သူများအား လက်ကမ်းစာစောင်များ၊ အရေး ပေါ်ခေါ်ဆိုနိုင်သည့် ဖုန်းနံပါတ်များ ဖြန့်ဝေခြင်း၊ စာစောင်များလှူဒါန်းပေးခြင်း၊ စာအုပ်များငှားရမ်း ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပညာပေးဆွေးနွေးပွဲသို့ ချောင်းကဖက်ကျေးရွာ၊ ထင်းမယ်ကျေးရွာတို့မှ ဒေသခံကရင်တိုင်းရင်းသား ၄၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်ကြီးမဏ္ဍိုင်(ပြန်/ဆက်)**

## ငြိမ်းချမ်းရေးဆိုင်ရာနှင့် ဥပဒေဆိုင်ရာများအား အသိပညာပေးဟောပြော

**ကျွန်းစု မတ် ၆**

ကျွန်းစုမြို့နယ် ကျွဲခရံကျေးရွာအုပ်စု ယမုံကျေးရွာတွင် မြန်မာနိုင်ငံရှေ့နေများကွန်ရက် (မြိတ်) မှ ကြီးမှူး၍ ငြိမ်းချမ်းရေးဆိုင်ရာများနှင့် ဥပဒေဆိုင်ရာများအား အသိ ပညာပေးဟောပြောပွဲကို မတ် ၅ ရက် နံနက် ၉ နာရီခွဲက ယင်း ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်ခဲ့ သည်။ တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee-JMC ) မှ ဒုဥက္ကဋ္ဌ(၁) KNU မြိတ်-ထားဝယ်ခရိုင်အုပ်ချုပ်ရေးအဖွဲ့ တရားရေးတာဝန်ခံ ဖဒိုစောဘီးလယ်၊ ဒုဥက္ကဋ္ဌ(၂) မြိတ်ခရိုင် ရှေ့နေများကွန်ရက် အဖွဲ့ဒုဥက္ကဋ္ဌ ဦးစရောဝင်းနှင့် မြိတ်ခရိုင်နှင့် ကျွန်းစုမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများက လာရောက်ဆွေးနွေးဟောပြောခဲ့ကြရာ ကျွဲခရံကျေးရွာ အုပ်စုအတွင်းရှိ သဇင်ကျေးရွာ၊ ယမုံကျေးရွာ၊ ပဲ့တိုင်ကျေးရွာ၊ သယ်န်းရှောင်ကျေးရွာ၊ ဘုရားထွက်ကျေးရွာ၊ ဆင်အိုင်ကျေး ရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေ့ဦးစွာ (JMC) မှ ဒုဥက္ကဋ္ဌ(၂) မြိတ်ခရိုင် ရှေ့နေများကွန် ရက်အဖွဲ့ ဒုဥက္ကဋ္ဌ ဦးစရောဝင်းက အဖွင့်အမှာစကားပြော ကြားခဲ့ပြီး (JMC) မှ ဒုဥက္ကဋ္ဌ (၁) KNU မြိတ်-ထားဝယ်ခရိုင် အုပ်ချုပ်ရေးအဖွဲ့ တရားရေးတာဝန်ခံ ဖဒိုစောဘီးလယ်က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေး သဘောတူစာချုပ် ( Nationwide Ceasefire Agreement – NCA ) အကြောင်းနှင့် ငြိမ်းချမ်းရေးဆောင် ရွက်မှုကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ၊ (JMC) ၏ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် (JMC) မှ ဒုဥက္ကဋ္ဌ(၂) ဦးစရောဝင်းက (JMC) ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ကို ဆွေးနွေးခဲ့ပြီး မြိတ်ခရိုင် ရှေ့နေများကွန်ရက်အဖွဲ့ အတွင်း ရေးမှူး ဦးစိုးကြည်က တရားစီရင်ရေးဆိုင်ရာသိကောင်း စရာများ၊ မြိတ်မြို့မူးယစ်တပ်ဖွဲ့စုတာဝန်ခံ ဒုရဲမှူး မျိုးသန့်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဆွေးနွေးခဲ့သည်။

ယင်းနောက် မြိတ်မြို့လူကုန်ကူးမှုတားဆီးကာကွယ်ရေး တပ်စုမှ ရဲအုပ်အောင်ကျော်မြင့်က လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများ၊ မြိတ်မြို့ယာဉ်ထိန်းတပ်စုတာဝန်ခံ ဒုရဲမှူးနေဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရန်အချက်များနှင့် ရှောင်ရန်၊ ဆောင်ရန်အချက်များ ကို ဆွေးနွေး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ဂေဟထိန်းသိမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဦးပိုအင်က ဆွေးနွေးခဲ့ပြီး ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းအောင် က မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များ၊ သက်ငယ်မုဒိမ်းမှု ဖြစ်ပွားခြင်းဆိုင်ရာများနှင့် ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကျွန်းစု(ပြန်/ဆက်)**



## ကော့သောင်းမြို့ခံရေလုပ်သားများပင်လယ်ရေခူများ လှိုင်လှိုင်ပေါ်၍ ဝင်ငွေကောင်း

**ကော့သောင်း မတ် ၆**

ပင်လယ်ဝန်းရံလျက်ရှိသည့် ကော့သောင်းမြို့ တွင် မတ်လဆန်းပိုင်းမှစ၍ ( Jerryfish) ခေါ် ပင်လယ်ရေခူများ မြို့နှင့်မနီးမဝေး ပါချန်မြစ်ဝ အက်ဒမန်ပင်လယ်ရေပြင်တစ်ဝိုက် လှိုင်လှိုင်ပေါ်နေကြပြီဖြစ်ရာ မြို့ခံရေလုပ် သားများ ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

ပင်လယ်ရေခူ (Jellyfish) များသည် မြန်မာ့ပင်လယ်ပြင်တွင် ပင်လယ်ရေစီးကြောင်းပြောင်းလဲလာမှု ကြောင့် ပင်လယ်ရေမျက်နှာပြင်ထက်သို့ တက်လာကြခြင်းဖြစ်ပြီး ပုံမှန်မဟုတ်ဘဲ တစ်နှစ်အတွင်း တစ်ကြိမ်မက ပေါ်လာလေ့ရှိကြောင်း၊ နေသာသည့်နေ့များမှလွဲလျှင် မိုးအုံ့သည့်နေ့များတွင် ပင်လယ်ရေခူများပေါ်လာလေ့ မရှိကြောင်း၊ ပင်လယ်ပြင်အတွင်း သဘာဝအလျောက်ပေါ်ပေါက်လာသည့် ပင်လယ်ရေခူ (Jellyfish) များအား လှေငယ်လေးများဖြင့် လိုက်လံခပ်ယူ စုဆောင်း၍ ဒေသခံရေထွက်ပစ္စည်း ဝယ်ယူစုဆောင်းခွင့်လုပ်ငန်း လိုင်စင်ရယူထားသည့် အသေးစားရေလုပ်ငန်းရှင် အဝယ်ဒိုင်များသို့ လာရောက်ရောင်းချခြင်းဖြစ်ပြီး ပြုပြင် ပြီးသား ပင်လယ်ရေခူ (Jellyfish) ကုန်ချောများအား အိမ်နီးချင်းထိုင်းနိုင်ငံ ဈေးကွက်မှတစ်ဆင့် အမေရိက နှင့် ဥရောပနိုင်ငံဈေးကွက်များအထိ ရောင်းဝယ်ကြကြောင်း သိရသည်။

ရေခူ (Jellyfish) အစိုတစ်လုံးလျှင် ထိုင်းဘတ်ငွေ လေးဘတ်မှငါးဘတ် မြန်မာကျပ်ငွေ ၂၀၀၀ ကျပ် အထိ ရောင်းချရရှိကြပြီး ရေခူခပ်လှေငယ်တစ်စင်းလျှင် လုပ်သားသုံးဦး လုပ်အားဖြင့် တစ်နေ့လျှင် ရေခူအလုံးရေ ၆၀၀ မှ ၈၀၀ အထိ ခပ်ယူရရှိရာ လုပ်သားတစ်ဦးတစ်နေ့ဝင်ငွေ ကျပ် ၁၀၀၀၀၀ ကျော်အထိ ရကြ သဖြင့် မြို့ခံရေလုပ်သားမိသားစုများ ဝင်ငွေတိုး၍ မိသားစုစားဝတ်နေရေး အထိုက်အလျောက် အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း-IPRD)**

# မန္တလေး–လားရှိုး ရထားလမ်းပေါ်ရှိဂုတ်ထိပ်တံတားကြီးသို့လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မန္တလေး မတ် ၆**

မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ နာမည်ကျော် ဂုတ်ထိပ်တံတားကြီးတွင် စနေ၊ တနင်္ဂနွေနှင့် အခါကြီးရက်ကြီးများတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"တံတားကြီးသို့ ပြင်ဦးလွင်နှင့် မန္တလေးမြို့တို့မှ မီးရထားဖြင့်ဖြစ်စေ၊ ကားလမ်းမှဖြစ်စေ နေ့ချင်းပြန် လာရောက်လေ့လာလည်ပတ်နိုင်သာ နေရာတစ်ခု ဖြစ်ပါတယ်။ အခုအခါမှာတော့ ပြည်ပကမ္ဘာလှည့်ခရီးသွားများသာမက ပြည်တွင်းမှ စိတ်ဝင်တစား လာရောက်လေ့လာလည်ပတ်သူ များပြားလာပါတယ်။ နေ့စဉ်လာရောက်လည်ပတ်သူများရှိပေမယ့် စနေ၊ တနင်္ဂနွေနဲ့အခါကြီးရက်ကြီးများတွင် လာရောက် လည်ပတ်သူဦးရေ အယောက် ၂၀၀ ကျော်ရှိပါတယ်။ လာရောက်လည်ပတ်သူများအတွက် တံတားကြီးနဲ့ တောတောင်ရှုခင်းအလှကို ကြည့်ရှုခံစားနိုင်ရန် နေရာများပြုလုပ်ပေးထားပါတယ်။ အပန်းဖြေအနားယူစားသောက်ရန် ဆိုင်ခန်းများလည်း ဖွင့်လှစ်ထားရှိပါတယ်။

ယခင်ကတော့ တံတားပေါ်သို့ လာရောက်လည်ပတ်သူများကို တက်ရောက်လေ့လာ ကြည့်ရှုသွားလာနိုင်ရန် ခွင့်ပြုခဲ့ပါတယ်။ အခုတော့ လုံခြုံရေးအရ တံတားပေါ်သို့ ခြေကျင်လျှောက်ပြီး လေ့လာခွင့်မပြုတော့ပါဘူး။ တံတားပေါ်သို့ မီးရထားတစ်မျိုးသာ သွားလာနိုင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

အဆိုပါ ဂုတ်ထိပ်တံတားကြီးသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် နောင်ချိုဘူတာနှင့် ၇ မိုင်အကွာ မိုင်တိုင် ၄၆၃/၀၉ တွင် တည်ရှိပြီး နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့၏ နယ်နိမိတ်သတ်မှတ်ထားရာနေရာလည်း ဖြစ်သည်။ ထိုဂုတ်ထိပ်အနီးတွင် သစ်ပင်ချုံနွယ်များ ထူထပ်များပြားစွာ ပေါက်ရောက်လျက်ရှိပြီး အလွန်မတ်စောက်သော လျှိုကြီးများလည်းရှိသည်။ ဂုတ်ထိပ်တံတားကြီးသည် အခြားတံတားများနည်းတူ မြစ်ချောင်းများကို ကျော်ဖြတ်ဖောက်လုပ်သော တံတားမဟုတ်ဘဲ အလွန်မတ်စောက်သော လျှိုကြီးနှစ်ခုကို ဆက်သွယ်ဖောက်လုပ်ထားသော တံတားတစ်ခုဖြစ်သည်။

ဂုတ်ထိပ်တံတားကြီးကို လန်ဒန်ရှိ ဆာအေအမ်ရင်းဒဲလ်အင်ကုမ္ပဏီမှ ပုံစံရေးဆွဲ၍ အမေရိကန်ပြည်ထောင်စု ပင်ဆီဗေးလ်နီးယားနှင့် မာရီလင်းတံတားတည်ဆောက်ရေးကုမ္ပဏီက ၁၉၀၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး အရှည်ပေ ၂၂၆၀ ရှည်လျားကာ ပေ ၁၁၀၀ မြင့်သောကြောင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားအဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

**အောင်ဖြိုးကျော်**



# သထုံမြို့နယ်၌တန် (၆၀) ကျ အဆင့်မြင့်ဆန်စက် ဖွင့်

**သထုံ မတ် ၆**

မွန်ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်အတွက် သထုံမြို့နယ် အောင်းစိုင်ကျေးရွာအနီးရှိရွှေဦးဝေကုမ္ပဏီလီမိတက်၏ တန် (၆၀) ကျ အဆင့်မြင့်ဆန်စက် ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက်က အဆိုပါဆန်စက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီဆန်စက်က နိုင်ငံခြား Export အဆင့်အထိ ကြိတ်ခွဲနိုင်တဲ့ တန် (၆၀) အဆင့်မြင့်ဆန်စက်ပါ။ လက်ရှိမှာတော့ မွန်၊ ကရင်၊ တနင်္သာရီဒေသတွေမှာ အကြီးဆုံးနဲ့ အဆင့်အမြင့်ဆုံးပေါ့။ ဒီလိုစက်ကြီးရှိလာတော့ တောင်သူတွေရဲ့ စပါးတွေအတွက် ဈေးကွက်လွယ်ပြီး အချိန်နဲ့တစ်ပြေးညီ ကြိတ်ခွဲနိုင်မယ်။ အဆင့်မြင့်တဲ့ဆန်တွေကို ထုတ်လုပ်သုံးစွဲနိုင်မယ်။ အခုဆိုရင် ရန်ကုန်၊ မြိတ်၊ မြဝတီတို့ကို တန်ဖိုးမြင့်ထုတ်ကုန်အနေနဲ့ တင်ပို့နေပါပြီ" ဟု ရွှေဦးဝေကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးခိုင်ဦးက ရှင်းလင်းပြောကြားသည်။



အဆင့်မြင့်ဆန်စက်အား ပြည်နယ်စိုက်ပျိုးရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းငွေ၊ ပြည်နယ်ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်နှင့် ရွှေဦးဝေကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါ်မြမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရွှေဦးဝေကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးခိုင်ဦးက အဆင့်မြင့်ဆန်စက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ရွှေဦးဝေကုမ္ပဏီလီမိတက်အနေဖြင့် သထုံမြို့နယ်အတွင်း ၂၀၁၃ ခုနှစ်မှစတင်ကာ ဒေသနှင့်ကိုက်ညီသည့် မျိုးစပါးများထုတ်လုပ်နိုင်ရန်အတွက် ဇကကွက်များဖော်ဆောင်ကာ ပေါ်ဆန်းရင်နှင့် ရွှေဘိုဘေးကြားပေါ်ဆန်းမွေးမျိုးစပါးများကို ထုတ်လုပ်ဖြန့်ဖြူးခဲ့ပြီး တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ကြိတ်ခွဲထုတ်လုပ်နိုင်ရန်အတွက် လိုအပ်နေသည့် အဆင့်မြင့်ဆန်စက်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## အထက်တန်းကျောင်း(ခွဲ)နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်

**ပဲခူး မတ် ၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မတ် ၅ ရက် နံနက် ၇ နာရီခွဲက နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ခရမ်းစံပြကျေးရွာ ဓမ္မမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေရောစန၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက အမွှေးနံ့သာရည်များပက်ဖျန်းကာ ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုသည်။

ကျောင်းဆောင်သစ်ကို စုစုပေါင်းငွေကျပ်သိန်း ၁၆၀၀ ဖြင့် အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ Steel Structure နှစ်ထပ်ကျောင်းဆောင်အပြင် ဂါလန် ၇၀၀၀ ဆံ့ ရေလှောင်ကန်နှစ်လုံး၊ သုံးခန်းတွဲအိမ်သာတစ်လုံးနှင့် ကျောင်းသား၊ ကျောင်းသူများအသုံးပြုရန် ငါးခန်းတွဲအိမ်သာနှစ်လုံးတို့အား တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

**လှိုင်းဘွဲ့ မတ် ၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ စည်ပင်သာယာရေးဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းကို မတ် ၅ ရက် နံနက် ၉ နာရီက အဆိုပါဈေးရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမောင်ညွန့်ကွပ်ကဲသော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးများဖြင့် အသုံးပြုပြသခြင်း၊ မီးသတ်ဆေးဘူးများစစ်ဆေးခြင်းတို့ကို လက်တွေ့ပြသဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကန်ကြီးဖျားကန်ကြီး ပြုပြင်တည်ဆောက်ပြီးစီး၍ ဒေသခံများ ရေဖူလုံစွာသုံးစွဲနိုင်မည်

**ဆင်ပေါင်ဝဲ မတ် ၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာအနီး(နယား) ချောင်းပေါ်တွင်တည်ရှိသည့် ကန်ကြီးဖျားသောက်သုံးရေကန်ကြီး ပြုပြင်တည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံများ ရေဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကန်ကြီးဖျား သောက်သုံးရေကန်သည် မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာအနီး (နယား) ချောင်းပေါ်တွင်တည်ရှိကာ ၁၉၀၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တတိယအကြိမ် မိုးကြီးခြင်းနှင့် မိုးရေတိုက်စားခြင်းတို့ကြောင့် အကြိမ်ကြိမ်ကျိုးပေါက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုအခက်အခဲများကို ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ သိရှိပြီး ကွင်းဆင်းတိုင်းတာကာ တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာနမှတစ်ဆင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာငွေ ကျပ် ၄၅ သန်းဖြင့် ကန်တူးဖော်ခြင်း၊ ရေပိုလွှဲပြုပြင်ခြင်း၊ ရေပိုလွှဲအသစ်တည်ဆောက်ခြင်း၊ နယားချောင်းရေကျော်တံတားတည်ဆောက်ခြင်း၊ ကန်ပေါင်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ယခုအခါ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျောက်ဆောင်စမ်းကျေးရွာဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေ အခက်အခဲမရှိ ဖူလုံစွာ အသုံးပြုနိုင်တော့မည် ဖြစ်သည်။

ကန်ကြီးဖျားရေကန်ကြီး ပြုပြင်တည်ဆောက်ရာတွင် အလျား ပေ ၁၇၀၀၊ ပျမ်းမျှအမြင့် ၂၃ ပေရှိပြီး ရေဆင်းဧရိယာ စတုရန်းသုံးမိုင်ကျယ်ဝန်းကာ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၃၆ လက်မခန့်ရရှိခဲ့ကြောင်း၊ ထို့ပြင် နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၁၅၂ ဧကပေ ခန့်မှန်းရှိပြီး ကန်၏ ရေလှောင်ပမာဏမှာ ၃၄ ဒသမ ၅ ဧကပေခန့်ရှိကြောင်း သိရသည်။ တည်ဆောက်ပေးနိုင်ခဲ့ခြင်းသည် ကျေးရွာရှိ လူ၊ ကျွဲ၊ နွား၊ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်မည့်အပြင် ကိုးပင်-ဆင်ပေါင်ဝဲ၊ က. ပ. စ(၈)တို့နှင့် ဆက်သွယ်ထားသည့် ကားလမ်းမကြီး၏ နယားချောင်းရေကျော်တံတားအား ရေတိုက်စားပျက်စီးမှု၊ ကန်၏အောက်ဘက် ချောင်းနံဘေးတွင် တည်ရှိသော စည်ပင်လှကျေးရွာအား ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိတော့မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်က ပြောသည်။



"ကျွန်တော်တို့ရဲ့ ကန်ကြီးဖျားရေကန်ကို ယခုနှစ်မိုးဦးမကျမီ အစိုးရအဖွဲ့ရဲ့ပံ့ပိုးမှု ဆည်မြောင်းဦးစီးဌာနရဲ့ စေတနာထား ဆောင်ရွက်ပေးမှုတွေကြောင့် ကျေးရွာမှာရှိတဲ့ အိမ်ခြေ ၉၅၀၊ လူဦးရေ ၅၅၀၀နှင့် ကျွဲ၊ နွားအကောင်ရေ ၃၀၀၀ ကျော်ခန့်အား သောက်သုံးရေ ဖူလုံစွာပေးစွမ်းနိုင်တော့မှာဖြစ်တဲ့အတွက် ရွာဦးကျောင်းဆရာတော်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများက တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆည်မြောင်းဦးဌာနကို အထူးကျေးဇူးတင်လျက်ရှိနေကြပါတယ်"ဟု ကန်ကြီးဖျားကန်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**



# iHeartRadio Music Awards ဆုပေးပွဲတွင် ကတ်တီပါရီ ပါဝင်ဖျော်ဖြေ

တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "iHeartRadio Music Awards"ဆုပေးပွဲကို ပြီးခဲ့တဲ့ မတ် ၅ ရက်က အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့ရာ အဆိုပါဆုပေးပွဲမှာ ပေါ့ပ်တေးသံရှင် ကတ်တီပါရီ ပါဝင်ဖျော်ဖြေခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဆုပေးပွဲမှာ ကတ်တီပါရီက သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Chained to the Rhythm" နဲ့ သီဆိုဖျော်ဖြေခဲ့ပါတယ်။ အဆိုပါတေးသီချင်းဟာ ကတ်တီပါရီရဲ့ စတုတ္ထမြောက်စတူဒီယိုတေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်လည်းဖြစ်ပါတယ်။ ယင်းတေးသီချင်းကို ဆုပေးပွဲညမှာ သီဆိုဖျော်ဖြေခဲ့ရာမှာတော့ ကတ်တီပါရီက သူ့ရဲ့ဖျော်ဖြေတင်ဆက်မှုအဖြစ် ယောကျ်ားလေးကလေးငယ်လေးတွေကို သူနဲ့အတူကပြစေခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယခုလို (၄)ကြိမ်မြောက် "iHeartRadio Music Awards" ဆုပေးပွဲအဖွင့်မှာ ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ခြင်းဟာ ကတ်တီပါရီအနေနဲ့ သူနဲ့ ချစ်သူတွေအဖြစ် တစ်နှစ်ကျော်ကြာလက်တွဲလာခဲ့တဲ့ မင်းသား အော်လန်ဒိုဘလွန်းနဲ့ လမ်းခွဲခဲ့ပြီးတဲ့နောက် ပထမဆုံးအကြိမ်ပရိသတ်အများကို ဖျော်ဖြေတင်ဆက်ခဲ့တာလည်း ဖြစ်ပါတယ်။

ကတ်တီပါရီအပြင် အခြားသောနာမည်ကျော်ဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ နော့ဆိုင်းရပ်စ်၊ အက်ဒ်ရှီရန်၊ သောမတ်စ်ရက်ထ်၊ ဆွမ်မန်းဒက်စ်နဲ့ ဘစ်ဂ်စီရန်တို့လည်း အဆိုပါဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း သိရပါတယ်။

ယခုနှစ်ဆုပေးပွဲမှာ တစ်နှစ်တာအတွက် အကောင်းဆုံးတေးသီချင်းဆုကို ဂျက်စတင်တင်းဘားလိတ်ခ်ရဲ့ "Can't Stop the Feeling" တေးသီချင်းကဆွတ်ခူးသွားခဲ့ပြီး အကောင်းဆုံးရော့ခ်တေးသီချင်းဆုအတွက် "Bang Bang"တေးသီချင်းနဲ့ ဂရင်းဒေးရော့ခ် တေးဂီတအဖွဲ့က ဆွတ်ခူးသွားနိုင်ခဲ့တာ ဖြစ်ပါတယ်။

# ချိုင်ဇာနဲ့ ဆူလီတို့ လမ်းခွဲ ပြတ်စဲကြပြီ

ကိုရီးယားနာမည်ကျော် စုံတွဲတွေထဲက တစ်တွဲဖြစ်တဲ့ ရက်ပ်အဆိုတော် ချိုင်ဇာနဲ့ ဆူလီတို့ နှစ်ဦး လမ်းခွဲပြတ်စဲလိုက်ပြီလို့ အက်စ်အမ်အင်တာတိန်းမန့်က အတည်ပြုပေးခဲ့ပါတယ်။ နှစ်နှစ်နဲ့ ခုနစ်လကြာ အတူနေထိုင်ခဲ့ကြပြီးနောက် သူတို့နှစ်ဦးဇာတ်လမ်းတစ်ခန်းရပ်သွားခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း





စတင်လက်တွဲခဲ့ပြီး ကိုရီးယားရဲ့ အနုပညာရပ်ဝန်းအတွင်း ပရိသတ်အာရုံစိုက်မှု ရယူနိုင်တဲ့ စုံတွဲလည်းဖြစ်ပါတယ်။ ချိုင်ဇာက အသက်(၃၇)နှစ်ရှိပြီဖြစ်ပြီး ဆူလီကတော့ ၂၃ နှစ်အရွယ်သာ ရှိသေးတာကြောင့် သူတို့နှစ်ဦးကြား အသက်အရွယ်ကွာခြားမှုဟာ ယခုလို လမ်းခွဲမှုကို ဦးတည်စေတဲ့ အဓိကအကြောင်းရင်းဖြစ်ခဲ့ပါတယ်။ ချိုင်ဇာက ဆူလီဟာ ရင့်ကျက်မှု အားနည်းသူလို့ ထင်မြင်တာကြောင့်လည်း သူတို့နှစ်ဦးကြား ဆက်ဆံရေးတွေကို အေးခဲစေခဲ့တယ်လို့ အတွင်းသိတွေက ဆိုပါတယ်။ ဆူလီဟာ သရုပ်ဆောင်ပိုင်း၊ လူမှုဆက်ဆံရေးပိုင်းမှာ လိုအပ်မှုတွေ အများကြီးရှိနေတယ်လို့ ချိုင်ဇာက ထင်မြင်ပေမယ့် ဒီအားနည်းချက်ကို ပြုပြင်ပေးနိုင်မှု မရှိခဲ့ပါဘူး။ အစောပိုင်းက လက်ထပ်ဖို့စီစဉ်ခဲ့ကြပေမယ့် နောက်ပိုင်းမှာတော့ အဆင်မပြေမှုတွေကြား ညှိနှိုင်းဖို့ ကြိုးစားရင်း လမ်းခွဲမှုဆီ ဦးတည်သွားခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ **(မေလှဲ့သင်း)**


Adriana M. Barraza/WENN


/FameFlynet Pict

# လက်ထပ်ပြီးဖြစ်ကြောင်း အဒဲလ်ထုတ်ဖော်ပြောကြား

ဗြိတိန်ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့အဒဲလ်ဟာ သူနဲ့အတူနေချစ်သူ စိုင်မွန်ကော်နက်စကီနဲ့ လတ်တလောမှာတော့ လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Hello"တေးသီချင်းရဲ့တေးသံရှင်အဒဲလ်က သူနဲ့ စိုင်မွန်ကော်နက်စကီတို့ လက်ထပ်ခဲ့ပြီးဖြစ်တယ်လို့ ကောလာဟလတွေပေါ်ထွက်လာခဲ့ပြီးနောက် ပြီးခဲ့တဲ့ မတ် ၅ ရက်က ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ "Live 2016" နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေအနက် တစ်ခုဖြစ်တဲ့ ဩစတြေးလျနိုင်ငံ ဘရစ်ဘိန်းမှာ ကျင်းပခဲ့တဲ့ဖျော်ဖြေပွဲမှာတော့ အဒဲလ်က သူဟာ လက်ထပ်ပြီးသား အမျိုးသမီးတစ်ဦးဖြစ်လာခဲ့ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

လတ်တလောမှာ အသက် (၂၈)နှစ်ရှိပြီဖြစ်တဲ့ အဒဲလ်နဲ့ အသက်(၄၂)နှစ်အရွယ် စီပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ စိုင်မွန်ကော်နက်စကီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်းက စတင်ပြီးချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာဖြစ်ပါတယ်။ အဲဒီနောက် စေ့စပ်ခဲ့ကြပြီး လတ်တလောမှာတော့ အသက်လေးနှစ်အရွယ် သားလေးတစ်ဦးဖြစ်တဲ့ အန်ဂျလိုကိုလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ သူတို့နှစ်ဦးလက်ထပ်ခဲ့ပြီးဖြစ်ကြောင်း ကောလာဟလတွေဟာ ယခုနှစ်နှစ်စပိုင်းကတည်းက ပေါ်ထွက်နေခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့တဲ့ ဂရမ်မီဆုပေးပွဲကြီးမှာလည်း အဒဲလ်အနေနဲ့လက်ထပ်လက်စွပ်ဝတ်ဆင်ခဲ့တာကြောင့် ချစ်သူနဲ့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း ဝေဖန်ခဲ့ကြပေမယ့် လတ်တလောအချိန်မှသာ အဒဲလ်က သူတို့နှစ်ဦးရဲ့အကြောင်းကို ပထမဆုံးအကြိမ် တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါပေမယ့် အဒဲလ်က သူတို့နှစ်ဦးရဲ့ လက်ထပ်ဖြစ်ခဲ့ပုံနဲ့ ပတ်သက်ပြီး အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘူးလို့လည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

# "Radio Disney Music Awards" ဆန်ခါတင်စာရင်းကိုဦးဆောင်နေတဲ့ ဂျက်စတင်ဘီဘာ

ယခုနှစ်အတွက် ရည်ရွယ်ပြုလုပ်သွားမယ့် တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ " Radio Disney Music Awards"ရဲ့ ဆုဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာမှာတော့ ပေါ့ပ်အဆိုတော်ဂျက်စတင်ဘီဘာက ဆုနေရာအများဆုံးအတွက်အမည်စာရင်းဖော်ပြခြင်းခံထားရကာ အဆိုပါဆုဆန်ခါတင်စာရင်းကိုဦးဆောင်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်စတင်ဘီဘာက အဆိုပါဆုဆန်ခါတင်စာရင်းမှာ ဆုပေါင်းခြောက်ဆုအတွက် လျာထားခံထားရတာဖြစ်ပြီး ဂျက်စတင်ဘီဘာရဲ့နောက် ဒုတိယမြောက်ဆုအများဆုံးအတွက်လျာထားခံထားရတဲ့တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာရဲ့ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်နဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ မက်ဟန်ထရိန်နာတို့ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးကတော့ ဆုပေါင်းငါးဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံထားရတာ ဖြစ်ပါတယ်။

ဒ့ါအပြင် အခြားသောဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ ဘရူနိုမားစ်၊ သယ်ချိန်းစမုတ်ခ်ကာစ်၊ လေဒီဂါဂါ၊ ဂျက်စတင်တင်းဘားလိတ်ခ်၊ ရီဟားနား၊ အရီရန်နာဂရန်ဒီ၊ ဆွမ်မန်းဒက်စ်၊ တေလာဆွစ်၊ ဇေမာလိခ်အစရှိတဲ့တေးသံရှင်တွေလည်း အဆိုပါဆန်ခါတင်စာရင်းမှာ ပါဝင်နေကြောင်းလည်း သိရပါတယ်။ ယခုနှစ်ရဲ့ မျက်နှာသစ်အနုပညာရှင်ဆုအတွက် ဆန်ခါတင်စာရင်းမှာတော့ ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်ရဲ့ ညီမဖြစ်သူ နော့ဆိုင်းရပ်စ်လည်း ပါဝင်နေတာတွေ့ရပါတယ်။



အဆိုပါဆုပေးပွဲကြီးအတွက် ဆုရအနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကို ရွေးချယ်ဖို့ရာ ပရိသတ်တွေက မဲပေးကြရမှာဖြစ်ပြီး လတ်တလောအချိန်မှစတင်ကာ လာမယ့် ဧပြီ ၉ ရက်အထိ ကြိုက်နှစ်သက်ရာကို ရွေးချယ်မဲပေးနိုင်မှာဖြစ်ပါတယ်။ ဆုပေးပွဲအခမ်းအနားကိုတော့ လာမယ့် ဧပြီ ၂၉ ရက်မှာ အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မြို့မှာရှိတဲ့ မိုက်ခရိုဆော့ဖ်သီရေတာမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါဆုပေးပွဲအခမ်းအနားကို လာမယ့် ဧပြီ ၃၀ ရက်မှာ ဒစ်စနေရုပ်သံလိုင်းကနေလည်း ထုတ်လွှင့်ပြသသွားရန် စီစဉ်ထားကြောင်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

**ပြည်တွင်းရေးရာ**

# ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းစည်းဝေး

**ပဲခူး မတ် ၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမ၌ မတ် ၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ ဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အရည်အသွေးစစ်ဆေးခြင်း အားနည်းချက်များကြောင့် အဆောက်အအုံများ၊ လမ်း၊ တံတားများ စံချိန်စံညွှန်းမမီခြင်းတို့ဖြစ်ပေါ်နေရကြောင်း၊ ထို့ကြောင့် တင်ဒါစနစ် စတင်ခေါ်ယူရာတွင် သတ်မှတ်စံချိန်စံညွှန်းများ၊ အဆောက်အအုံဒီဇိုင်းများ အသုံးပြုမည့် ပစ္စည်းအရည်အသွေးသတ်မှတ်ချက်များ စသည်တို့ပါဝင်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူရမည်ဖြစ်ကြောင်း၊ ပညာရှင်များအဖွဲ့က သတ်မှတ်ချက်များအတိုင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရမည်ဖြစ်ပြီး ကန်ထရိုက်တာများက စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး အနေဖြင့် Bago Region Building Construction Authority (BRBCA) (ပဲခူးတိုင်းဒေသကြီးတည်ဆောက်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့) ဖွဲ့စည်းရန်လိုအပ်သဖြင့် ယခုအစည်းအဝေးအား ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် စင်ကာပူနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းပညာရှင် ဦးအောင်ကျော်သိုက် (အင်ဂျင်နီယာ)က စင်ကာပူနိုင်ငံတွင် လက်ခံကျင့်သုံးနေသည့် တည်ဆောက်ရေးဥပဒေများအား မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေစွာ ပြန်လည်ပြင်ဆင်ထားသည့် အခြေအနေများကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အောက်တွင် Bago Region Building Counstruction Authority (BRBCA) (ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့) ထားရှိသွားမည်ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ BRBCA တွင် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်သုံးဦး၊ ပုဂ္ဂလိကလုပ်ငန်းရှင်နှစ်ဦး၊ ပြည်တွင်း၊ ပြည်ပ တည်ဆောက်ရေးလုပ်ငန်းအတွေ့အကြုံရှိသူ သုံးဦး၊ ပြည်တွင်း၊ ပြည်ပ အသိပညာရှင် နှစ်ဦး၊ ရပ်မိရပ်ဖ ဂုဏ်သမာဓိရှိသူ နှစ်ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းနိုင်ရေး အကြမ်းဖျင်းလျာထားပါကြောင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီအတွက် လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းတာဝန်များအား တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့သည်။



ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ပဲခူးတိုင်းဒေသကြီးတွင် တင်ဒါစနစ်နဲ့ပတ်သက်ပြီး အဆောက်အအုံဆောက်လုပ်ရာမှာ ဌာနဆိုင်ရာများအနေဖြင့် အားနည်းချက်များရှိပါကြောင်း၊ ယခင်က နိုင်ငံပိုင်အဆောက်အအုံများအား အိုးအိမ်ဦးစီးဌာနမှ ဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် Bago Region Building Counstruction Authority (BRBCA) (ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့) ဖွဲ့စည်းခြင်းသည် အမှန်တကယ် လိုအပ်မှုရှိပါကြောင်း၊ BRBCA ဖွဲ့စည်းနိုင်ရန်အတွက် ဥပဒေချုပ်ထံ ဥပဒေအကြံဉာဏ်ရယူပြီး ဥပဒေမူကြမ်းရေးဆွဲကာ လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန် လိုအပ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

BRBCA အောက်တွင် အကြံပေးပညာရှင်များအဖွဲ့ပါဝင်ပြီး ၎င်းအဖွဲ့မှ ဒီဇိုင်းများ၊ အရည်အသွေးသတ်မှတ်ချက်များ ဆောင်ရွက်ရန်၊ အကြံပေးပညာရှင်များ၏ သတ်မှတ်ချက်များအတိုင်း ကန်ထရိုက်တာများ လုပ်ငန်းဆောင်ရွက်ခြင်းရှိ-မရှိ စစ်ဆေးရေးအဖွဲ့ (QC) မှ ထပ်မံစစ်ဆေးရန်ဖြစ်ကြောင်းနှင့် BRBCA အတည်ပြုဖွဲ့စည်းနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲအား ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ စင်ကာပူနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းပညာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## နောက်ဖေးလမ်းကြားများအမှိုက်များ ထုတ်ယူရှင်းလင်း



**ဗဟန်း မတ် ၆**

ဗဟန်းမြို့နယ် ရပ်ကွက်များ၌ နောက်ဖေးလမ်းကြားများအား သန့်ရှင်းသပ်ရပ်စေရေးအတွက် အမှိုက်ထုတ်ယူစွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"မတ် ၁ ရက်မှာ ဆရာစံမြောက်/အနောက် ကိုစတင်ဆောင်ရွက်နေပါတယ်။ ဒီရပ်ကွက်မှာနောက်ဖေးလမ်းကြား ၁၇ ကြားရှိပြီး ကျောင်းလမ်းနဲ့ ဇဝနတိက္ခလမ်း၊ ဇဝနတိက္ခလမ်းနဲ့ တင့်ဆန်းလမ်း၊ နိဗ္ဗာန်ကျောင်းလမ်းနဲ့ ဦးချစ်မောင်လမ်း နောက်ဖေးလမ်းကြားတွေကို အမှိုက်ထုတ်ပေးနေပါတယ်။ ဆက်စပ်လုပ်ငန်းအနေနဲ့ ရေနုတ်မြောင်းတွေ၊ တိုက်နံရံတွယ်ကပ်သစ်ပင်တွေကို ရှင်းလင်းတာပါ။ နောက်ဖေးလမ်းကြားကျူးတွေကိုလည်း မေတ္တာရပ်ခံဖျက်သိမ်းစေပါတယ်" ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ပြောသည်။

ရပ်ကွက်အလိုက် အမှိုက်ထုတ်ယူစွန့်ပစ်ပေးခြင်းလုပ်ငန်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ပြီး မတ် ၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော် ဗဟန်းမြို့နယ်မဲဆန္ဒနယ်အမှတ် ၁ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်၊ မဲဆန္ဒနယ်အမှတ် ၂ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းထွဋ်၊ အနောက်ပိုင်းခရိုင်သန့်ရှင်းရေးဌာန ခရိုင်မှူး ဦးအောင်ထိုက်၊ ဗဟန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးမျိုးသူနိုင်တို့က လာရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ **မောင်မောင်**

## ကြက်ငှက်တုပ်ကွေးကာကွယ်တားဆီးရေး မွေးမြူရေးခြံများသို့ ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်တွင်းရှိ တိရစ္ဆာန်မွေးမြူရေးခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် မတ် ၂ ရက် မှ ၄ ရက် အထိမွေးမြူရေးခြံများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို ကန်ကြီးထောင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာတင်မောင်လတ်ကဦးဆောင်၍ ဒုဦးစီးမှူးများနှင့်အတူ မြို့နယ်တွင်းရှိကြက်ခြံများ၊ ဘဲခြံများနှင့် ဝက်မွေးမြူရေးခြံများသို့ လိုက်လံစစ်ဆေးကာ အသိပညာပေးဆွေးနွေးခြင်း၊ ဇီဝလုံခြုံမှုအတွက်မွေးမြူရေးခြံများအား ပိုးသတ်ဆေးများဖျန်းခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးပိုစတာများအား လူစည်ကားရာနေရာများတွင် ကပ်ခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်တရားလွှတ်တော်၌ အစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်း

**စစ်တွေ မတ် ၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ အတွေ့အကြုံများအား ထပ်ဆင့်ရှင်းလင်းပွဲကို ရခိုင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ မတ် ၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် ပြည်နယ်တရား လွှတ်တော်တရားသူကြီး ဦးသိန်းအောင်နှင့် ဒေါ်စန်းစန်းရီတို့က တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုးက တရားရုံး၏ရုံးလုပ်ငန်း ကိစ္စရပ်များလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ်တရားသူကြီးများက တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားရေးဦးစီးမှူးတို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ရှင်းလင်းပွဲသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ ခရိုင်နှင့်မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**တနင်္သာရီ မတ် ၆**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်း (အ. ထ. က-တနင်္သာရီ) စာစစ်ဌာန၌ စာမေးပွဲဖြေဆိုကြမည့် တက္ကသိုလ်ဝင်ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်ရန်နှင့် မီးဘေးအန္တရာယ်ကင်းရှင်း၍ မီးလောင်မှု၊ မီးလန့်မှု မရှိစေရေးအတွက်ပူးပေါင်းအဖွဲ့က မတ် ၄ ရက် နံနက် ၉ နာရီက စီစဉ်မှုများ ဆောင်ရွက်ပေးခဲ့ကြ သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လွင်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က စာမေးပွဲဖြေဆိုရန် ပြင်ဆင်ထားရှိသည့် စာဖြေခန်းများအတွင်း-အပြင်၊ ပတ်ဝန်းကျင်၌ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးကြရာ အ. ထ. က တနင်္သာရီကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းက လိုက်လံရှင်းလင်းပြသပေးသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် မီးသတ်ဆေးဘူးများကောင်း၊ မကောင်းနှင့် ရေဖြည့်ကန်အတွင်း ရေသိုလှောင်ထားရှိမှုတို့ကိုလည်း စစ်ဆေးခဲ့ကြကြောင်း၊ အခြားစာစစ်ဌာနများသို့လည်း ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ ယင်းအပြင် ပညာရေးဌာနမှလည်း တက္ကသိုလ်ဝင်စာစစ်ဌာနများသို့ အရေးပေါ်မီးဘေးကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး ၁၀ ဘူးစီ ကြိုတင်ခွဲဝေချထားပေးပြီးဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



ykef;wmifrdU,f;twyf;uif;&rS;ciffrmifvwf;Dqmif rtcif;uqif;a&;? vLUuf;rlw;qEdif;a&;? ,m0fpn;ur;vr;pn;ur;f ,m0ftEA ,uif;&Sa&; toyh may;jcif;wl;Uwf&uf ykef;wmifp;a&Grtcif;yn may; ,m0f;zifh vdlfvyjyochumifo0onf **ကျော်စိုးမိုး**

## ပန်းချီပညာသင်တန်းဖွင့်လှစ်

**အလုံ မတ် ၆**

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် မတ် ၃ ရက် ညနေ ၃ နာရီက အခြေခံပန်းချီပညာသင်တန်းကို အခမ်း ဖွင့်လှစ်ခဲ့ရာ မြို့နယ်အတွင်းရှိ စတုတ္ထတန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ ၂၄ ဦး တက်ရောက်ကြသည်။ အခြေခံပန်းချီပညာသင်ကြားခြင်းဖြင့် ပန်းချီအနုပညာကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများအတွက် အခြေခံပန်းချီပညာ ရရှိခြင်း၊ ပညာသင်ကြားရာတွင် အထောက်အပံ့များရရှိခြင်း၊ ဖြတ်ထိုးဉာဏ်ကောင်းခြင်း စသောအကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်းသိရသည်။ **လှလေးစိန်(ရွှေလုံမြေ)**

# ၂၀၃၀ အမီ ကမ္ဘာကြီးကိုပြောင်းလဲဖို့ အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်မှုကို မြှင့်တင်စို့

မောင်သောင်းဝင်း (တမန်ဟောင်း)

နှစ်စဉ်မတ်လ ၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဖြစ်သည်။ ထိုနေ့၏ မူလရည်မှန်းချက်သည် ကျား၊ မ တန်းတူညီမျှမှုအခွင့်အလမ်း အပြည့်အဝရရှိရေး ဖြစ်သည်။ နိုင်ငံရေးနယ်ပယ်မှသည် လူမှုရေးနယ်ပယ်အထိ အောင်မြင်မှုရရှိခဲ့ကြသည့် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများကို အသိအမှတ်ပြုသောနေ့လည်းဖြစ်သည်။ ထိုနေ့ကို ၁၉၀၀ ပြည့်လွန်နှစ်များကတည်းက စတင်ကျင်းပလာခဲ့ခြင်းဖြစ်သည်။ ၁၉၁၀ ခုနှစ်တွင် ဂျာမနီနိုင်ငံရှိ ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်သည့် Clara Zetkin က အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ (International Women's Day) သတ်မှတ်ရန် စိတ်ကူးကို စတင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

**အမျိုးသမီးများအတွက် နေ့တစ်နေ့**

အမျိုးသမီးများ၏တောင်းဆိုမှုများကို တင်ပြနိုင်ရန် ကမ္ဘာ့နိုင်ငံအားလုံးတွင် အမျိုးသမီးများအတွက် နှစ်စဉ်နေ့တစ်နေ့ ကျင်းပပေးသင့်သည်ဟု Zetkin က အကြံပြုခဲ့သည်။ ထိုညီလာခံတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အမျိုးသမီး ၁၀၀ ကျော်က သူ၏အကြံပြုချက်ကို တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။ ထို့ကြောင့် ၁၉၁၁ ခုနှစ် မတ် ၁၉ ရက်တွင် ဩစတြေးလျ၊ ဒိန်းမတ်၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့၌ ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို စတင်ကျင်းပနိုင်ခဲ့သည်။

နှစ်စဉ် မတ်လ ၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကျင်းပရန် ၁၉၁၃ ခုနှစ်၌ ဆုံးဖြတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် မတ် ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားများ ကျင်းပလာနိုင်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၇၅ ခုနှစ်ရောက်ရှိမှသာလျှင် ထိုနေ့ကို အသိအမှတ်ပြုနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ အခမ်းအနားအတွက် နှစ်စဉ် ခေါင်းစဉ် (Theme) ချမှတ်ပေးလေ့ရှိသည်။ ၂၀၁၇ ခုနှစ်အတွက် ခေါင်းစဉ်သည် "၂၀၃၀ အမီ ကမ္ဘာကြီးကိုပြောင်းလဲဖို့ အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်မှုကို မြှင့်တင်စို့" "Women in the Changing, World of Work : Planet 50-50 by 2030" ဖြစ်သည်။

ဆိုခဲ့ပါခေါင်းစဉ်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ၂၀၃၀ မျှော်မှန်းချက်ကို မည်သို့မည်ပုံ အရှိန်အဟုန်မြှင့်တင်နိုင်ရေး သုံးသပ်နိုင်ရန်ဖြစ်သည်။ လက်ရှိအချိန်အထိ အမျိုးသမီးများသည် စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် အမျိုးသားများလောက် အခွင့်အလမ်းမရရှိသေးပေ။ အမျိုးသမီးများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းသည် အမျိုးသားများအောက်တွင် နိမ့်ကျနေဆဲဖြစ်ကြောင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှုန်းသည် မြင့်မားနေဆဲဖြစ်သည်ဟု ကမ္ဘာလုံးဆိုင်ရာကိန်းဂဏန်းအချက်အလက်များက ဖော်ပြနေသည်။ ကျား၊ မ ကွာဟမှုသည် ၂၁၈၆ ခုနှစ်အထိ ဆက်လက်တည်ရှိနေမည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ်က ဆိုထားသည်။

**ရုံးပိတ်ရက်သတ်မှတ်**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင် ကမ္ဘာတစ်ဝန်းရှိ အမျိုးသားများသည် ၎င်းတို့၏မိခင်များ၊ ဇနီးများ၊ သမီးများ၊ မိတ်ဆွေသူငယ်ချင်းများကို အရောင်အသွေးစုံ ပန်းစည်းလှလှလေးတွေအပါအဝင် လက်ဆောင်ပစ္စည်းမျိုးစုံ ပေးကြသည်။ အမျိုးသမီးများအတွက် အမှတ်တရအခမ်းအနားများလည်း ကျင်းပပေးကြသည်။ ထို့အပြင် တချို့သောနိုင်ငံများသည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင် ရုံးပိတ်ရက် သတ်မှတ်ထားသည်။ တချို့သောနိုင်ငံများကမူ ထိုနေ့တွင် အမျိုးသမီးများအတွက် သီးသန့်ရုံးပိတ်ရက်ပေးထားသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာအမျိုးသမီးများနေ့တွင် စဉ်းစားသင့်ပေသည်။

ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများသည် အိမ်မှုကိစ္စများဆောင်ရွက်ရန် အချိန်များစွာပေးဆပ်နေကြရသည်။ အထူးသဖြင့် အမျိုးသမီးများသည် မိသားစုများအတွက် အမျိုးသားများထက် အချိန်နှစ်ဆပေးနေကြရသည်။ မိသားစုတစ်စုတွင် အမျိုးသမီးများသည် လူမမယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအား

> “အမျိုးသမီးများအနေဖြင့်လည်း မိမိကိုယ်ကို အားနွဲ့သည့် မိန်းမသားများအဖြစ် သဘောမထားဘဲ အမျိုးသားများနှင့်အပြိုင် ရင်ပေါင်တန်းကြိုးစား . . .
> မြန်မာအမျိုးသမီးများသည် နယ်ပယ်ပေါင်းစုံတွင် အမျိုးသားများကဲ့သို့ ဦးဆောင်လုပ်ပိုင်ခွင့်ရရှိကြပြီး အောင်မြင်မှုရှိသော စီးပွားရေးလုပ်ငန်းရှင်များ. . .”

ပြုစုစောင့်ရှောက်ရသည့်အပြင် အိမ်မှုကိစ္စများစီမံခန့်ခွဲရသဖြင့် ကိုယ်ပိုင်နားချိန်ပင်မရှိကြပေ။

အစားအသောက်တွင်လည်း အမျိုးသားများကဲ့သို့ ကောင်းကောင်းမွန်မွန်မစားကြရပေ။ အိုးကျန်၊ ခွက်ကျန်လူးပြီး ဖြစ်သလိုစားလိုက်ကြရသည်။ အိမ်ရှင်မအများစုသည် ခင်ပွန်းနှင့် သားသမီးများကိုသာ ဦးစားပေးလေ့ရှိကြသည်။ တချို့သောမိသားစုများတွင် အမျိုးသမီးများသည် မိုးလင်းမိုးချုပ် အလုပ်နှင့်လက်မပြတ်ကြပေ။ တစ်အိမ်လုံး၏တာဝန်မှန်သမျှသည် အမျိုးသမီးများ၏ ပခုံးပေါ်တွင်ရောက်နေတတ်သည်။

**ကျား၊ မ သာတူညီမျှ**

နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်သော အမျိုးသမီးအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်နယ်ပယ်ပေါင်းစုံတွင် ရရှိနိုင်မည့်အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ သာတူညီမျှ ခံစားခွင့်ရရှိနေခြင်းကို ကျား၊ မ သာတူညီမျှ ရှိသည်ဟုခေါ်ဆိုသည်။ ကျား၊ မ သာတူညီမျှရှိမှုသည် လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ အမျိုးသမီးများသည် သက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှ ကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်မှသာလျှင် ကျား၊ မ သာတူညီမျှရှိသည်ဟု ဆိုရမည်ဖြစ်သည်။

မျက်မှောက်ကာလ၌ တိုးတက်ပြောင်းလဲမှုများ မည်မျှပင်ရှိနေစေကာမူ ကမ္ဘာပေါ်ရှိ တချို့သောနိုင်ငံများတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံနေဆဲပင်ဖြစ်သည်။ ထိုနိုင်ငံများတွင် အမျိုးသမီးများကို လိင်ဖျော်ဖြေရေးသက်သက်လောက်သာ သဘောထားနေကြသည်။ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ ထိုနိုင်ငံများရှိ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့သည့် တချို့သောအမျိုးသားများသည် အားနွဲ့သည့်အမျိုးသမီးများကို ပညာသင်ယူခွင့်နှင့် အများပြည်သူများ၏ရှေ့မှောက်တွင် လွတ်လပ်စွာသွားလာခွင့်တို့ကို ကန့်သတ်တားမြစ် ပိတ်ပင်ထားကြသည်။

အထူးသဖြင့် အမျိုးသမီးတစ်ဦးသည် မိမိချစ်ခင်စုံမက်သူကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်မရှိပေ။ ဘာသာရေး၊ လူမျိုးရေး၊ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားပြီး ရောင်းကုန်လိုပင်သဘောထားကာ ခွဲခြားဆက်ဆံခြင်းခံနေကြရသည်။ ထိုနိုင်ငံများတွင် ရုပ်ပစ္စည်းများ မည်မျှပင်တိုးတက်မှုရှိနေစေကာမူ ပြဟ္မစိုရ်တရား ခေါင်းပါးနေဆဲပင်ဖြစ်သည်။

ထိုသို့ ကျား၊ မ ခွဲခြားဆက်ဆံမှုကြောင့် ကမ္ဘာပေါ်တွင် ဆင်းရဲသူ ၁၀ ဦးတွင် ခြောက်ဦးသည် အမျိုးသမီးများဖြစ်သလို ကမ္ဘာ့စာမတတ်သူ သုံးပုံနှစ်ပုံသည်လည်း အမျိုးသမီးများပင်ဖြစ်နေကြသည်။ ကမ္ဘာပေါ်တွင် အမျိုးသားအများစုသည် နိုင်ငံရေးနှင့် တရားရေးဆိုင်ရာနယ်ပယ်များတွင် အဓိကကျသောနေရာများကို လွှမ်းမိုးချုပ်ကိုင်ထားကြသည်။ နိုင်ငံအသီးသီးရှိ ဥပဒေပြုလွှတ်တော်များတွင်လည်း အမျိုးသမီးအမတ်အရေအတွက်သည် ၂၂ ရာခိုင်နှုန်းသာပါရှိသည်။ ထို့အပြင် တရားဥပဒေအများစုသည်လည်း အမျိုးသမီးများကို အကြမ်းဖက်မှုမှ အကာအကွယ်ပေးနိုင်ခြင်း မရှိချေ။

**လူ့အခွင့်အရေးအပြည့်အဝရရှိ**

မြန်မာအမျိုးသမီးအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် နယ်ပယ်ပေါင်းစုံတွင် ရရှိသင့်၊ ရရှိထိုက်သည့် အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ သာတူညီမျှခံစားခွင့် ရရှိနေကြသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများသည် သက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှ ကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိအမျိုးသမီးများသည် လူ့အခွင့်အရေး အပြည့်အဝရရှိနေကြသည်ဟု အခိုင်အမာပြောဆိုနိုင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အမျိုးသမီးများကိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့တွင်လည်း မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများ ကျင်းပပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မြတ်စွာဘုရားလက်ထက်ကတည်းကပင် အမျိုးသမီးများကို အမျိုးသားများကဲ့သို့ တန်းတူအခွင့်အရေးများပေးခဲ့ရာ မျက်မှောက်ကာလအထိပင်ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့် မိမိချစ်ခင်စုံမက်သူကို ရွေးချယ်လက်ထပ်ခွင့်များရှိကြသည်။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုနှင့် ကန့်သတ်ချုပ်နှောင်မှုမရှိသောကြောင့် အမျိုးသမီးများသည် ကြိုးစားလျှင် ကြိုးစားသလောက် ခံစားခွင့်ရှိကြသည်။

အထူးသဖြင့် မျက်မှောက်ခေတ် ဒီမိုကရေစီနိုင်ငံသစ်ကို ချီတက်ရာတွင် အမျိုးသမီးများသည် လွှတ်တော်များတွင် ဥပဒေပြုရေးလုပ်ငန်းများအား ပြည်သူကိုယ်စားပြုအမတ်များအဖြစ် အမျိုးသားများနှင့်အပြိုင် ပါဝင်ဆွေးနွေးလျက်ရှိကြသည့်အပြင် အစိုးရအဖွဲ့ဝန်ကြီးများနှင့် နိုင်ငံ့ကိုယ်စားပြု သံအမတ်ကြီးများအဆင့်ကဲ့သို့ ကြီးလေးသောတာဝန်များကိုပင် အမျိုးသားများနည်းတူ တန်းတူတာဝန်ယူထမ်းဆောင်လျက်ရှိကြသည်။

**အရေးကြီးတာဝန်ထမ်းဆောင်**

ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ သာတူညီမျှ အခွင့်အလမ်းများရရှိလျက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် ကံကောင်းသောအမျိုးသမီးများဟုပင် ဆိုရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ထူးချွန်သောအမျိုးသမီးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှောက်လျက်ရှိသည်။ ထိုအခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ကြိုးပမ်းအားထုတ်သွားရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍတွင်သာမက ကာကွယ်ရေးကဏ္ဍတွင်ပါ ပါဝင်ထမ်းဆောင်ခွင့် ရရှိနေပြီဖြစ်သည်။ အနာဂတ်တွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံတော်၏ အရေးကြီးတာဝန်များကို ထမ်းဆောင်နိုင်ကြတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနယ်ပယ်တွင် ထူးချွန်သောအမျိုးသမီးများ ပေါ်ထွန်းနေပြီဖြစ်သည်။ မျိုးဆက်သစ်မိန်းကလေးများသည် စီနီယာများ၏ ဦးဆောင်လမ်းပြမှုကိုခံယူကာ မြန်မာအမျိုးသမီးထုကြီး တိုးတက်ကြီးပွားရေး၊ ကျား၊ မခွဲခြားဆက်ဆံခံရမှု မရှိစေရေးတို့အတွက် တစ်ဦးချင်းစီ၏ အရည်သွေးများ ဖြည့်ဆည်းသွားရန်လိုအပ်ပါသည်။ အထူးသဖြင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များကဲ့သို့ ထူးချွန်တိုးတက် အောင်မြင်မှုများရရှိအောင် တစိုက်မတ်မတ် ကြိုးပမ်းသွားရန် လိုအပ်ပါသည်။

အမျိုးသားများကလည်း အမျိုးသမီးများကို လုပ်ပိုင်ခွင့်နှင့် ဦးဆောင်ခွင့်အခွင့်အလမ်းများ ပေးသွားရန်လိုအပ်သည်။ ၂၁ ရာစုအမျိုးသမီးများသည် ထမင်းချက်၊ ကလေးထိန်းပြီး အိမ်တွင်းပုန်းလုပ်နေ၍ မရနိုင်တော့ပေ။ အမျိုးသားများနှင့်အပြိုင် ရင်ပေါင်တန်း ကြိုးပမ်းသွားရန် လိုအပ်လာပြီဖြစ်သည်။

ခြုံ၍တင်ပြရလျှင် နှစ်စဉ် မတ် ၈ ရက်သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဖြစ်သည်။ ကမ္ဘာပေါ်ရှိအမျိုးသမီးများ၏ လိုလားတောင့်တချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နှစ်စဉ် ထိုနေ့ကို ကျင်းပခြင်းဖြစ်သည်။ "၂၀၃၀ အမီ ကမ္ဘာကြီးကိုပြောင်းလဲဖို့ အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်မှုမြှင့်တင်စို့" "Women in the Changing, World of Work : Planet 50-50 by 2030" ဆိုသောခေါင်းစဉ်နှင့်အညီ အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်သွားရန် လိုအပ်ပါသည်။ နယ်ပယ်ပေါင်းစုံတွင် အမျိုးသမီးများအား လုပ်ပိုင်ခွင့်နှင့်ဦးဆောင်ခွင့်ပေးကာ လက်တွဲခေါ်သွားကြရန် လိုအပ်ပါသည်။

**ရင်ပေါင်တန်းကြိုးစား**

အမျိုးသမီးများအနေဖြင့်လည်း မိမိကိုယ်ကိုအားနွဲ့သည့် မိန်းမသားများအဖြစ်သဘောမထားဘဲ အမျိုးသားများနှင့်အပြိုင် ရင်ပေါင်တန်း ကြိုးစားသွားရန်လိုအပ်ပါသည်။ အထူးသဖြင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်သွားရန် လိုအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာအမျိုးသမီးများသည် နယ်ပယ်ပေါင်းစုံတွင် အမျိုးသားများကဲ့သို့ ဦးဆောင်လုပ်ပိုင်ခွင့်ရရှိကြပြီး အောင်မြင်မှုရှိသော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာနိုင်ကြပါစေ။ ။

# စွန့်ဦးတီထွင် မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း-ရာဇာ(ဖွံ့ဖြိုးမှုပညာ)၊ သဲနိုင်ဦး(မြန်မာစာ)

၈-၃-၂၀၁၇ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဟန်ဂေရီနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်၊ Tint Tint Myanmar Group of Companies ၏ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်အား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ဒေါ်တင့်တင့်လွင်ရဲ့ ပညာရေးအခြေအနေနဲ့ လုပ်ငန်းခွင်စတင်ဝင်ရောက်ခဲ့ပုံလေးကို ပြောပြပေးပါ။**

ဖြေ။ ၁၉၉၈ ခုနှစ်မှာ ဓာတုဗေဒအဓိကနဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းပြီးခဲ့ပါတယ်။ ကျောင်းပြီးတဲ့အချိန်မှာ အလုပ်တစ်ခုရဖို့အတွက် အလွန်ပဲအခက်အခဲဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဓာတုဗေဒဘာသာရပ်မှာ Tutor တစ်ယောက်ပြန်လုပ်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ အဲဒီလို ရည်ရွယ်ပြီးတဲ့နောက် ဂျာမနီနိုင်ငံမှာ Scholarship ရဖို့အတွက် ဂျာမန်ဘာသာကို စတင်လေ့လာသင်ယူခဲ့ပါတယ်။ အဓိကကတော့ ဂျာမနီမှာ ဓာတုဗေဒဘာသာရပ်ကို Scholarship နဲ့ တက်ဖို့ရည်ရွယ်ခဲ့တာပါ။ ဒါပေမယ့် ကံဆိုးစွာနဲ့ပဲ Scholarship မရခဲ့ပါဘူး။ ဒါပေမယ်လို့ ဂျာမန်ဘာသာစကားနဲ့ဆက်နွယ်ပြီး ဂျာမန်လူမျိုးတို့ရဲ့ စိတ်ဝင်စားဖွယ်ရာဓလေ့နဲ့ ယဉ်ကျေးမှုတွေကို လေ့လာသိရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ဂျာမန်ဘာသာကို ဆက်လက်ကြိုးစားသင်ယူခဲ့ပါတယ်။ အဲဒီအချိန်က ကျွန်မတို့နိုင်ငံမှာ ဂျာမန်ဘာသာကို စနစ်တကျကောင်းကောင်းမွန်မွန်သင်ကြားနိုင်တာ မရှိသေးပါဘူး။ ဒါပေမယ့်လို့ ခက်ခက်ခဲခဲ သင်ယူခဲ့ပြီး ဧည့်လမ်းညွှန်ဘဝကို ခံယူခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာ ဆွစ်-ဂျာမန်ကုမ္ပဏီတစ်ခုမှာ ဧည့်လမ်းညွှန်အဖြစ် စတင်လုပ်ကိုင်ခဲ့ပါတယ်။ ဒါက ကျွန်မရဲ့ ပထမဆုံးအလုပ်ပါ။

**မေး။ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင် တစ်ဦးအဖြစ် ဘယ်လိုအခက်အခဲတွေ ဖြတ်သန်းကျော်ဖြတ်ခဲ့ရတယ်ဆိုတာ ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ကျွန်မရဲ့ ပထမဆုံးအလုပ်နဲ့ နောက်ဆုံးအလုပ်ဖြစ်တဲ့ ဧည့်လမ်းညွှန်အဖြစ်ကနေပြီး အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်အောင် အခက်အခဲမျိုးစုံကို ဖြတ်သန်းကျော်ဖြတ်ခဲ့ရပါတယ်။ ၁၉၉၉-၂၀၀၀ ခုနှစ်မှာ ဆွစ်-ဂျာမန်ကုမ္ပဏီတစ်ခုကနေပြီး လစာတော်တော်မြင့်မားတဲ့ ဧည့်လမ်းညွှန်အလုပ်ကို ရရှိခဲ့ပါတယ်။ တစ်ဖက်မှာလည်း ကျွန်မရဲ့သားလေးကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် အခက်အခဲတွေကြားက ပြုစုပျိုးထောင်ခဲ့ရပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာမှာ ဓလေ့ထုံးစံနဲ့ ရိုးရာအစွဲတွေကြောင့် Single Mother Life ဘဝကို အကောင်းမြင်တဲ့သူနဲ့ အဆိုးမြင်တဲ့သူကြားမှာ ဒါတွေကို ဥပေက္ခာပြုလျစ်လျူရှုပြီး ဦးတည်ချက်တစ်ခုကို ရောက်အောင် အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ အထူးသဖြင့် စာများများဖတ်ပြီး အင်အားတွေကို ရယူခဲ့ပါတယ်။ စာအုပ်ထဲကရတဲ့ အသိပညာတွေကို အကောင်းဆုံး အသုံးချခဲ့ပါတယ်။ မိမိအနေနဲ့ ဘယ်ခရီးအထိ သွားမလဲဆိုတဲ့ ရည်မှန်းချက်ကို ခိုင်ခိုင်မာမာချခဲ့ပါတယ်။ ဒါကြောင့်လည်း Tour ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်ဖို့အတွက် ကြိုးစားခဲ့ပါတယ်။ လေ့လာခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ ဂျာမနီနိုင်ငံက ရွေးချယ်တဲ့ အကောင်းဆုံး ဧည့်လမ်းညွှန်ဆုကို ရရှိခဲ့ပါတယ်။ အဲဒီနောက်မှာ နိုင်ငံအသီးသီးက Tour Operator တော်တော်များများက ဆက်သွယ်လာပါတယ်။ ဒါပေမယ့် သူများနိုင်ငံရဲ့ ဝန်ထမ်းတစ်ယောက်အနေနဲ့ မလုပ်ချင်တဲ့အတွက် မြန်မာပြည်မှာပဲ ဝန်ထမ်းနှစ်ယောက်ပဲရှိတဲ့ Tour ကုမ္ပဏီသေးသေးလေး တစ်ခုကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ Plan A, B, C တွေ ချမှတ်ပြီး အခြားသူတွေမလုပ်နိုင်တဲ့ အစီအစဉ်တွေကို အကောင်အထည်ဖော်ခဲ့ပါတယ်။ တစ်နှစ်အတွင်း ထူးထူးခြားခြားအောင်မြင်လာတဲ့အခါ ဝန်ထမ်း ၁၆ ယောက်နဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယနှစ်မှာ တော်တော်အောင်မြင်လာပါပြီ။ ဒီအချိန်မှာ မြန်မာပြည်ရဲ့ မြစ်တွေဟာ အလွန်ကိုလှပပါတယ်။ အဲဒီ မြစ်ပေါ်မှာ ပြေးဆွဲနေတဲ့ သင်္ဘောအရေအတွက်ဟာလည်း အင်မတန်နည်းပါးတဲ့အပြင် အဲဒီသင်္ဘောကို စီးနိုင်တဲ့သူတွေဟာလည်း ချမ်းသာတဲ့ လူတန်းစားတွေသာများပါတယ်။ ဒါကြောင့်မို့ ကျွန်မအနေနဲ့ တခြားကမ္ဘာလှည့်ခရီးသွားတွေပါ မြန်မာပြည်က မြစ်တွေရဲ့ အလှအပတွေကို တွေ့မြင်နိုင်အောင်လို့ သင်္ဘောအသေးလေးတစ်စင်းနဲ့ ဝန်ဆောင်မှုပေးတဲ့ အစီအစဉ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီ သင်္ဘောသေးသေးလေးဟာဆိုရင် အလွန်ကိုအောင်မြင်ပြီး နော်ဝေဘုရင်ကြီးနဲ့ ဘုရင်မကြီးလာတဲ့ ခရီးစဉ်ထိအောင် လိုက်ပါပို့ဆောင်ပေးနိုင်ခဲ့ပြီး နာမည်တစ်ခု ရလာခဲ့ပါတယ်။

**မေး။ KBZ BANK နဲ့ ဘယ်လို စတင်ချိတ်ဆက်ခဲ့မိတယ်ဆိုတဲ့ အကြောင်းလေး ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ လုပ်ငန်းတစ်ခု အောင်မြင်လာတဲ့အတွက်လည်း ကျွန်မအနေနဲ့ထပ်ပြီး တိုးချဲ့ချင်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်မအနေနဲ့ကလည်း ဘဏ်ချေးငွေဆိုတာတွေကို သိပ်လည်းနားမလည်ပါဘူး။ အဲဒီ အခြေအနေဟာ ဘာနဲ့တူသလဲဆိုတော့ ကိုယ့်မှာလည်း ပန်းတိုင်တစ်ခုရှိတယ်။ အဲဒီပန်းတိုင်ကိုလည်း ကိုယ်က မြင်နေရတယ်။ ဒါပေမယ့် ကိုယ့်ကို နောက်ကနေ ထောက်ပံ့ကူညီပေးမယ့် အဖွဲ့တစ်ခုမရှိတော့ ကိုယ်လည်း ရှေ့ဆက်မလုပ်နိုင်ဘူးပေါ့။ အဲလို ဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ ကံကောင်းစွာနဲ့ KBZ BANK က ဘဏ် လုပ်ငန်းဆိုင်ရာ နားလည်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ ကျွန်မ တွေ့ဆုံခဲ့ရပါတယ်။ KBZ BANK က ပညာရှင်တွေကို ကျွန်မရဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ချဲ့ထွင်ချင်တာတွေ၊ Idea တွေ၊ ထပ်ပြီး လုပ်ချင်တာတွေကို ပြောပြခဲ့ပါတယ်။ အဲဒီနောက်မှာပဲ ကျွန်မအနေနဲ့ ကံကောင်းစွာနဲ့ပဲ ကျွန်မပေးချင်တဲ့ ဝန်ဆောင်မှုတွေကို သင်္ဘောတစ်စင်းပေါ်မှာပဲ အကုန်ပေးနိုင်တဲ့ သင်္ဘောတစ်စင်းကို ရှာတွေ့ပါတယ်။ ကျွန်မ ဝမ်းသာအားရနဲ့ပဲ KBZ BANK ကို အပြေးသွားပြီး ကျွန်မ သင်္ဘောတစ်စင်းတော့ ဝယ်ချင်ပါတယ်။ ကျွန်မအနေနဲ့ ဘဏ်နဲ့ ချိတ်ဆက်ပြီး ဘယ်လို လုပ်လို့ရပါသလဲဆိုပြီး နည်းလမ်းတွေမေးခဲ့ပါတယ်။ ကျွန်မ ချဲ့ထွင်ချင်တဲ့ လုပ်ငန်းတွေ၊ အစီအမံတွေကိုလည်း ချပြခဲ့ပါတယ်။ အဲ့ဒီနောက်မှာ အမြန်ဆုံး ဝန်ဆောင်မှုနဲ့ပဲ KBZ BANK က ချေးငွေရရှိခဲ့ပါတယ်။ ကျွန်မ သင်္ဘောရဲ့ ဝန်ဆောင်မှုဟာလည်း အောင်မြင်ခဲ့ပါတယ်။ လေးလဆိုတဲ့ အချိန်အတွင်းမှာပဲ သင်္ဘောရဲ့ရင်းနှီးငွေတွေကို ပြန်လည်ရရှိခဲ့ပါတယ်။ အခုလိုမျိုး ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ဆက်ပြီးလုပ်နိုင်အောင် ကျွန်မနောက်က ငွေကြေးထောက်ပံ့မှု ကောင်းကောင်းလုပ်ပေးတဲ့ KBZ BANK နဲ့ ပူးပေါင်းပြီး လုပ်ဆောင်ရတဲ့ အလုပ်ကို ကျွန်မအနေနဲ့ အလွန်ကို သဘောကျအားရခဲ့ပါတယ်။

**မေး။ ဘဏ်နဲ့ ချိတ်ဆက်မိပြီး နောက်ပိုင်း လုပ်ငန်းအောင်မြင်မှုအပိုင်းလေးတွေကိုလည်း ဆက်လက်ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ ကျွန်မအနေ JU ဘဏ်ရဲ့ ချေးငွေဝန်ဆောင်မှုအပိုင်းတွေကို အလွန်ကျေနပ်မိပါတယ်။ အဲဒါကြောင့် ကျွန်မအနေနဲ့လည်း ရှေ့ဆက်ပြီး ဘဏ်က ရယူထားတဲ့ ချေးငွေတွေကို ပြန်ပေးဆပ်ဖို့၊ ဆက်လက်ပြီးလည်း လုပ်ငန်းတိုးချဲ့ဖို့အတွက် ဘဏ်က ချေးငွေတွေ ထပ်ယူဖို့ အစီအစဉ်တွေချပြီး ကျွန်မရဲ့ လုပ်ငန်းတွေကို KBZ BANK နဲ့အတူ ရှေ့ဆက်ဖြစ်ခဲ့ပါတယ်။ ကျွန်မတစ်ယောက်တည်းဆိုရင် ဒီလိုမျိုး ရှေ့ဆက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မအနေနဲ့ KBZ BANK နဲ့ပဲ ဆက်လက်ချိတ်ဆက်ပြီး ရှေ့ဆက်သင်္ဘောတွေ ထပ်ပြီး ဝယ်နိုင်ခဲ့တယ်။ ခရီးသွား Program တစ်ခုလုံးကို ဝန်ဆောင်မှုပိုပြီး ပြည့်ပြည့်စုံစုံပေးနိုင်ဖို့အတွက်လည်း ဟိုတယ်တွေ ဆောက်နိုင်ခဲ့တယ်။ ကျွန်မထပ်ပြီး တိုးချဲ့ချင်တဲ့ လုပ်ကိုင်ချင်တဲ့ အစီအစဉ်တွေ၊ လုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဖို့အတွက် KBZ BANK ကို ကျွန်မချိတ်ဆက်တဲ့ အချိန်တိုင်း ကျွန်မရဲ့ ရှေ့ဆက်မယ့်လုပ်ငန်းတွေကို ဆက်လက်တိုးချဲ့လုပ်ကိုင်နိုင်ဖို့အတွက် နောက်ကနေ ကူညီပံ့ပိုးပေးဖို့အတွက် KBZ BANK က အသင့်ဖြစ်နေပါပြီ။ ဒါဟာလည်း ကျွန်မ လုပ်ငန်းရဲ့အောင်မြင်မှုက ရရှိလာတဲ့အကျိုးဆက်တွေပါပဲ။ ဘဏ်အနေနဲ့ကလည်း ကျွန်မရဲ့ လုပ်ငန်းတွေအပေါ်ကို အမြဲမျက်ခြည်မပြတ် စောင့်ကြည့်ပေးပါတယ်။ ကျွန်မလုပ်ငန်းအောင်မြင်မှုတွေကို အမြဲလေ့လာနေပါတယ်။ ဒါ့အပြင် KBZ BANK က ပညာရှင်တွေကိုယ်တိုင် ကျွန်မလုပ်ငန်းတွေကို ချဲ့ထွင်ဖို့ Idea တွေပေးပါတယ်။ KBZ BANK နဲ့ အတူတွဲပြီး အလုပ်လုပ်နေရတဲ့အချိန်တွေမှာ ကျွန်မအနေနဲ့ ဘဏ်နဲ့လုပ်နေတဲ့ Customer တစ်ယောက်အနေနဲ့ မခံစားရဘဲ မိဘနဲ့ သားသမီးအလုပ်အတူတူလုပ်နေတယ်ဆိုတဲ့ ခံစားချက်မျိုးနဲ့ ဘဏ်ရဲ့ချေးငွေကို ဆပ်ဖို့အတွက် ငွေရေးကြေးရေးအရ အလုပ်လုပ်နေတာမျိုးမဟုတ်ဘဲ ကိုယ့်မိဘရဲ့အောက်မှာပဲ လုပ်ငန်းကို ဘယ်လို တိုးတက်အောင်မြင်အောင် လုပ်မလဲဆိုတဲ့အတွေးနဲ့ပဲအလုပ်မှာ အာရုံစူးစိုက်ပြီး ကြိုးကြိုးစားစားနဲ့ ဆက်လက်လုပ်ကိုင်နိုင်ခဲ့ပါတယ်။ အဲဒီလို လုပ်ကိုင်နေတဲ့ အချိန်တွေမှာလည်း တစ်ခါတလေ ကိုယ်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဘဏ်ကို ပြောပြပြီး အကြံဉာဏ်တောင်းတယ်။ ဘဏ်အနေနဲ့လည်း အချိန်နဲ့ တစ်ပြေးညီ ကိုယ့်ကို အခက်အခဲတွေဖြေရှင်းနိုင်ဖို့ အကူအညီတွေပေးပါတယ်။ ဒါဟာလည်း ကျွန်မအတွက် တကယ့်ခွန်အားတစ်ခုကို ရရှိထားသလိုပါပဲ။ ဒါကြောင့်မို့လည်း ကျွန်မ KBZ နဲ့ ချိတ်ဆက်ပြီး လုပ်ငန်းတွေ လုပ်ကိုင်ရလေ ကျွန်မရဲ့ လုပ်ငန်းတွေ ပိုမိုအောင်မြင်ပြီး တိုးတက်လာလေ၊ ကျွန်မအနေနဲ့ကလည်း ဘဏ်ကို ပိုပြီးသဘောကျကျေနပ်လေပဲ ဖြစ်မိပါတယ်။

**မေး။ အစ်မရဲ့ ယခုလက်ရှိအချိန်အထိ တိုးချဲ့ထားတဲ့ လုပ်ငန်းတွေနဲ့ ရှေ့ဆက်တိုးချဲ့ဖို့ စီစဉ်ထားတာလေးတွေကိုလည်း ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ အခု လက်ရှိအချိန်မှာတော့ ကျွန်မတို့ Tint Tint Myanmar Group of Companies အဖြစ် တိုးချဲ့လုပ်ကိုင်နေပါတယ်။ အဲဒီလက်အောက်မှာရှိတဲ့ ကုမ္ပဏီတွေကတော့ Mainly က Hotel & Tourism ဖြစ်ပါတယ်။ ဧရာဝတီမြစ်ပေါ်မှာ သင်္ဘော ငါးစင်းနဲ့ River Cruise လုပ်ငန်းကို လုပ်ပါတယ်။ ပြီးတော့ ဟိုတယ်လုပ်ငန်းကိုလည်း ရှမ်းပြည်နယ်၊ စစ်ကိုင်း၊ မန္တလေးတို့မှာ လုပ်ကိုင်နေပါတယ်။ မြိတ်ကျွန်းစုမှာ ရွက်လှေလုပ်ငန်းကို လုပ်ကိုင်ပါတယ်။ Hotel Uniform စက်ရုံလုပ်ငန်းကိုလည်း လုပ်ကိုင်ပါတယ်။ အခုလောလောဆယ်ကတော့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုကို ထပ်မံ ချဲ့ထွင်ထားပါတယ်။ အဲဒီ စိုက်ပျိုးရေးလုပ်ငန်းပိုင်းမှာ ချဲ့ထွင်လုပ်ကိုင်နိုင်ဖို့အတွက်လည်း KBZ BANK ကပဲ ငွေကြေးပိုင်းဆိုင်ရာ အထောက်အပံ့ပေးပါတယ်။ အတော်အသင့်လည်း အောင်မြင်နေပါပြီ။ အခုအချိန် အထိတော့ ကျွန်မအနေနဲ့ Tourist တွေအတွက် ဧရာဝတီမြစ်ပေါ်မှာ ဝန်ဆောင်မှုကောင်းကောင်း ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်မအနေနဲ့ Local တွေကိုပါ ဝန်ဆောင်မှုပေးနိုင်ဖို့က ကျွန်မရဲ့ အိပ်မက်တစ်ခုပါ။ ဒါကြောင့် ကျွန်မ ရန်ကုန်မြစ်ပေါ်မှာ Water Taxi လုပ်ငန်းလုပ်နိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကလည်း ကျွန်မကို ယုံယုံကြည်ကြည်နဲ့ပဲ တင်ဒါပေးအပ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ Water Taxi လုပ်ငန်းကို နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်ဖို့က ကျွန်မ တစ်ယောက်တည်း အင်အားနဲ့မရပါဘူး။ ဒါကြောင့်လည်း KBZ BANK ကပဲ ငွေကြေးပိုင်းဆိုင်ရာတွေ၊ Idea ပိုင်းဆိုင်ရာတွေ အကူအညီယူရပါတယ်။ KBZ ရဲ့ ကူညီပံ့ပိုးပေးမှုတွေနဲ့ပဲ နောက်ထပ် လအနည်းငယ်အတွင်းမှာ Water Taxi လုပ်ငန်းကို စတင်လုပ်ဆောင်နိုင်တော့မှာပါ။



**Tint Tint Myanmar Group of Companies မှ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်။**

**မေး။ မြန်မာအမျိုးသမီးများနေ့ကို ရည်ညွှန်းပြီး အောင်မြင်တဲ့ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးထုအတွက် ကိုယ်ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ယှဉ်ပြီး ဘာတွေများ လက်ဆင့်ကမ်းအင်အားပေးခဲ့ချင်ပါသေးသလဲ။**

ဖြေ။ ကျွန်မအနေနဲ့ အခုလက်ရှိအောင်မြင်တဲ့ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦး အခြေအနေကိုရောက်အောင် ကျွန်မ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ အခက်အခဲတွေကတော့ တွေးမထင်ထားလောက်အောင်ကို များပါတယ်။ အဓိကကတော့ ကျွန်မက အမျိုးသမီးတစ်ဦး ဖြစ်နေတာပါ၊ ကျွန်မအနေနဲ့ လုပ်ငန်းပိုင်းဆိုင်ရာမှာရော ယဉ်ကျေးမှုပိုင်းဆိုင်ရာမှာပါ အမျိုးသမီးတစ်ဦးအဖြစ်နဲ့ အခက်အခဲတွေ ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ အားလုံးကို ကျွန်မအနေနဲ့ ကျွန်မကိုယ်ကျွန်မ ငါဟာ ယောကျ်ားတစ်ယောက်လည်း မဟုတ်ဘူး။ မိန်းမတစ်ယောက်ပဲလို့လည်း ခံယူမထားပါဘူး။ ငါဟာ စီးပွားရေးလုပ်ငန်းတစ်ခုကို အောင်မြင်အောင်လုပ်ဆောင်နေတဲ့ Leader တစ်ယောက်လို့ပဲ ကိုယ့်ကိုယ်ကိုယ် ခံယူထားပြီး အမြဲတမ်းဖြတ်ကျော်ခဲ့ပါတယ်။ မိန်းမတစ်ယောက်ဖြစ်နေလို့ ဒီအလုပ်ကို သူလုပ်နိုင်မယ်လို့ မထင်ပါဘူးဆိုတဲ့ အတွေးတွေကို ကိုယ်တိုင် ရှေ့ကလုပ်ပြပြီး ပြောင်းလဲပစ်ပါတယ်။ အမျိုးသမီး၊ အမျိုးသားဆိုတာကလည်း ရုပ်ပိုင်းဆိုင်ရာ ကွဲပြားမှုတစ်ခုသာ ဖြစ်ပါတယ်။ အလုပ်တစ်ခုကိုလုပ်နိုင်တဲ့ အရည်အချင်း၊ အရည်အသွေးကို မိန်းမ၊ ယောကျ်ားဆိုပြီး မခွဲခြားထားပါဘူး။ အခုလက်ရှိ တိုးတက်ပြောင်းလဲနေတဲ့အချိန်အခါမှာလည်း မြန်မာနိုင်ငံကြီး တိုးတက်ပြောင်းလဲဖို့အတွက် အရည်အချင်း၊ အရည်အသွေးပြည့်ဝတဲ့ ပြည်သူ ပြည်သားရယ်လို့ပဲ နာမည်တပ်ပြီး အားကြီးတဲ့သူက အားနည်းတဲ့သူကို တွဲခေါ်ပြီးတော့ သွားမယ့် ပန်းတိုင်တစ်ခုရောက်အောင် အတူတကွ ကျား-မ မခွဲခြားဘဲ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံသစ်တစ်ခုစီကို အတူတူ လျှောက်လှမ်းကြစေချင်ပါတယ်။ အမျိုးသမီးတွေအနေနဲ့ မိမိမှာရှိတဲ့ အရည်အသွေးတွေကို ဖော်ထုတ်ဖို့ ရဲရင့်ကြစေချင်ပါတယ်။ ပြီးတော့ မိမိကိုယ်မိမိ ယုံကြည်မှုရှိစေချင်ပါတယ်။ ကိုယ့်ရဲ့ အရည်အချင်းတွေကို ကိုယ်ဖော်ထုတ်နိုင်ရမယ်ဆိုတဲ့ ယုံကြည်ချက်တစ်ခုကို ထားရှိစေချင်ပါတယ်။ မိမိကိုယ်မိမိ ယုံကြည်ချက်ရှိပြီး အခက်အခဲတွေ့ရင် ရှေ့ဆက်ဖို့ အင်အားနဲ့ ပန်းတိုင်ကို ရောက်အောင်သွားဖို့ ဇွဲရှိရှိနဲ့ နေ့ပဲဖြစ်ဖြစ် ညပဲဖြစ်ဖြစ် စိတ်ချလုံခြုံစွာနဲ့ အလုပ်ကို လုပ်ကိုင်နိုင်ပြီးတော့ ပန်းတိုင်ကို ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေလို့ ခွန်အားတစ်ခုအဖြစ် ပေးလိုက်ချင်ပါတယ်။ ။

**(Women's Week-Myanmar ကို ဂုဏ်ပြုဖော်ပြပေးလိုက်ရပါသည်)**

---

## ပြည်မြို့ ခုတင် (၅၀၀) အထွေထွေရောဂါကုဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ပြည် မတ် ၆**

ပြည်ခရိုင် ရဲတပ်ဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလူထုလှုပ်ရှားမှုကို မတ် ၄ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ/အရာခံ အကြပ်တပ်သားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်ခရိုင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ခရိုင် ရဲတပ်ဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရဲစခန်းများမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၈၅ ဦးတို့သည် ဆေးရုံကြီးပတ်ဝန်းကျင်အတွင်း အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး(ယာယီ) မြင့်ကြည်၊ ပြည်မြို့နယ်မှူး(ယာယီ)ရဲမှူးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၁၄၃)

# NEW MOTION
TRAVEL & TOURS

ရွှေလျားသစ်လွင် အတာသင်္ကြန်ခရီးစဉ်များ

အင်္ဂလန်ခရီးစဉ် ဧပြီ (၁၁ – ၂၄) ဥရောပခရီးစဉ် ဧပြီ (၁၁ – ၂၃) ဆပိန်–ပေါ်တူဂီခရီးစဉ် ဧပြီ (၁၁–၂၀)
ဂရိခရီးစဉ် ဧပြီ (၁၁ – ၁၉) သြစတြေးလျခရီးစဉ် ဧပြီ (၁၀–၂၀) အမေရိကားခရီးစဉ် ဧပြီ (၁၁–၂၇)

တရုတ်ပြည်မကြီး (၁၂–၁၉) ဟောင်ကောင် (၁၂–၁၇) ဟောင်ကောင်–တရုတ် (၁၄–၂၀) ဂျပန် (၁၂–၂၁) ဂျပန်(ဟိုကိုင်းဒိုး) (၁၃–၂၀) သီရိလင်္ကာ (၁၂–၁၈) ကိုရီးယား (၁၁–၂၀)
ကက်ရှ်မီးယား (၁၂–၁၉) ထိုင်ဝမ် (၁၄–၂၀) ဗုဒ္ဓဂယာ (၁၃–၂၀) ဒူဘိုင်း (၁၂–၁၈) ဘူတန်(၁၂–၁၉) စင်ကာပူ (၁၂–၁၆) စင်ကာပူ (၁၃–၁၇) စင်း–မလေး (၁၁–၁၈) စင်း–ဘာလီ (၁၂–၁၉)
ဘာလီ (၁၂–၁၈) ဖူးခက် (၁၃–၁၇) ဗန်ကောက် (၁၂–၁၇) ဗန်ကောက်–ဖူးခက် (၁၂–၁၈) ဗီယက်နမ်(ဟနွိုင်း) (၁၂–၁၆) ဗီယက်နမ်–ကမ္ဘောဒီးယား (၁၂–၁၉) ဗန်ကောက်–ကမ္ဘောဒီးယား (၁၃–၁၈)

ESCAPE FROM EVERYDAY LIFE

မုန့်လေးမှထွက်ခွာမည့် ခရီးစဉ်များ
ဂျပန် (၁၁–၂၀) ဘန်ကောက် (၁၂–၁၇)
ကိုရီးယား (၁၁–၂၀) စင်ကာပူ (၁၃–၁၈)
စင်း–မလေး (၁၂–၁၇) ဖူးခက် (၁၃–၁၇)
ဗန်ကောက်–ဖူးခက် (၁၂–၁၈)
တရုတ်ပြည်မကြီး (၁၂–၁၉)

Call Now!
Yangon: No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944~55~66, 09-260792885~6~7
Mandalay: No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443



**ရွှေစံမို** ခရီးသွားလုပ်ငန်း ● ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
မြတ်မော်တင်စွန်း၊ ငွေတောင်ယံကပ်းခြေ
နှင့် ဗုသိမ်မြို့ရှိ တန်ခိုးကြီးဘုရားဖူး ခရီးစဉ် **35000**
အထူးအစီအစဉ် (စား၊ တည်း၊ ငြိမ်း) (၁၀)ဦး ဝယ်လျှင် (၁)ဦး လက်ဆောင်
09-420420761, 09-420420762,09-420420763 ကားမျိုးစုံစီးလုံးငှား



**ရွှေပြည့်သစ်** 09 458482722, 09 448004702, 09 964484702
၁၀-၃-၂၀၁၇
မော်တင်စွန်းဘုရားပွဲတော်ပိတ်ပွဲနှင့် ငွေဆောင်ကမ်းခြေပုသိမ်ဘုရားစုံဖူးထွက်မည်
မြတ်–မဲဘောက် - အိမ်အရောက်အသဲ လက်မှတ်ပို့ပေးသည်။ ကြိုတင်လက်မှတ်ရောင်းသည်။
သောကြာအပတ်စဉ်ထွက်မည်။ ကားအမျိုးမျိုးစီးလုံးငှားရမ်းနိုင်သည်။



# GUSTO COLLEGE
In a Partnership with
UNIVERSITY OF GLOUCESTERSHIRE

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ
March Intake အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင် စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက UK, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။ (နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ***၂၀၁၇ မတ်လတန်းခွဲသစ်*** တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

နယ်မှကျောင်းသားကျောင်းသူများအတွက် အဆောင်စီစဉ်ပေးသည်။

(09) 862 8806, (09) 789 888 222, (01) 504632
အမှတ် (၂၈၃/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။



# (Summer Special Program) Budget Intake




အင်္ဂလန်နိုင်ငံ မှ ချီးမြှင့်မည့် ဒီပလိုမာ၊ ဘွဲ့သင်တန်းများ
- B.Sc (Hons) Business IT, University of Greenwich (UK) (ကွန်ပျူတာ သိပ္ပံဘွဲ့၊ ဒီဂရီ)
- BTEC (Higher National Diploma in Engineering) (အင်ဂျင်နီယာ ဒီပလိုမာ သင်တန်း)
  - Construction & the Built Environment (Civil Engineering)
  - Mechanical Engineering
  - Electrical and Electronic Engineering
- ဆက်သွယ်ရေး အင်ဂျင်နီယာ ဒီပလိုမာ သင်တန်း (MITT)
  - Telecommunication Engineering Diploma

**Opening Date : 20 March 2017**

www.facebook.com/mcc.institute
www.facebook.com/mcc.polytechnic
ကြိုတင်စာရင်းသွင်း အပ်နှံနိုင်ပါပြီ။

MCC.i (Yangon Campus) Ph - 01-246634, 01-245762, 249152
MCC.i (Mandalay Campus) Ph - 09 - 402671562, 011-202113
MCC.i (Naypyitaw Campus) Ph - 09- 31354842, 09-254148940
MCC.i (Yatanarpon Campus) Ph - 09- 960662744, 02-5178112
MCC Polytechnic College (Monywa) - 09-965676777, 09-265333120
MCC Polytechnic College (Pathein) - 09-451 888 373, 09- 773 510 899



STUDY GRANT
S$1500
Application Fee Waive



# HND, NCC, abe ပြီးရင်
“ ဘယ်တက္ကသိုလ်တွေမှာ ဆက်ပြီးလေ့လာကြမလဲ ”

- အသက်မွေးဝမ်းကျောင်းပညာအတွက် Business အပြင် အခြား ရွေးချယ်နိုင်သည့် အထူးပြုဘာသာရပ်များ
- နိုင်ငံတကာတက္ကသိုလ်များကို တက်ရောက်ရန် HND, NCC, abe သင်ယူထားသော မြန်မာကျောင်းသား ကျောင်းသူများ ကြိုတင် ပြင်ဆင်ထားရမည့် ပညာရေးဆိုင်ရာ လိုအပ်ချက်များ
- HND ပြီးထားတဲ့ ကျောင်းသားများအတွက် အချိန်တိုအတွင်း တိုက်ရိုက် တက်ရောက်ရယူနိုင်သည့် အင်္ဂလန် ထိပ်တန်းတက္ကသိုလ်များ၏ Single / Double ဘွဲ့များအကြောင်း
- စင်ကာပူမှတဆင့် သင်ယူနိုင်မည့် အင်္ဂလန်ပညာရေးလမ်းကြောင်းများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။

Register Now : 01 527 838 - 09 450 200 040 - 09 732 732 77

Organized by
CROWN EDUCATION & KAPLAN

Mar 11 (Sat)
2:00 pm - 4:00 pm
NOVOTEL HOTEL (Eureka Room)



**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123



**စံပယ်**
အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-5006848
09-43055374

# ဂုဏ်ထူး မြန်မာစာ ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့် ပညာရေး ဘော်ဒါ

"တက္ကသိုလ်ဝင်တန်းတွင် တစ်နိုင်ငံလုံးမြန်မာစာ ပထမဆုရှင် တပည့်များနှင့် တစ်နိုင်ငံလုံး ဘာသာစုံ ရမှတ်အများဆုံး စာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းခဲ့သည်။"



မြန်မာစာနှင့် ပညာရေးဆိုင်ရာ ... ဂုဏ်ထူးဦးသိန်းနိုင် • ဆရာနေအုပ်(မိန်းဝေါ်)
• ဂုဏ်ထူးဦးအောင်ခိုင် • ပါမောက္ခ ဒေါက်တာထွန်းခင်
• ဒေါက်တာ ညီညီ • ဒေါက်တာ ဇီဇ • ဒေါ်ဆွေညွန့်လှိုင်
• ဆရာ ဇော်လင်းအောင် • ဝိုင်းစိန်မြင့်အောင်

နွေ
• (၀၊၉၊၁၀)သင်ရိုးကုန်တန်းများ
• စာစီစာကုံး အထူးတန်းခွဲများ
အထူးမှတ်ချက်....
နွေ(၃)လတန်းသာ အပြတ်သင်မည်။
နှစ်စနှစ်ဆုံး တန်းခွဲများ မဖွင့်တော့ပါ။
မတ်လ(၉)ရက် ဖွင့်မည်။

- ပညာရေးနှင့်အား အကြီးမားဆုံး ရန်ကုန်မြို့၏ No.1ဆရာများချည်း
- စည်းကမ်းနှင့်အညီ အကြပ်မတ်ဆုံး
- Air con အပြည့် တပ်ဆင်ထားသော စာသင်ခန်းများနှင့် ...
- ...

အတွေ့အကြုံရင့် ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)

စုံစမ်းအပ်နှံရန်... ● ဂုဏ်ထူးမြန်မာစာ နည်းပြ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘော်ဒါ
၁၀၀(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၃၇၂၂၃၇၊ ၀၉၅၀ ၁၂၆၁၁၊ ၀၉၇၆၈၃၁၀၁၂
● မြေအမှတ် ၂၀(A)+၂၀(B)၊ ဝေဠုဝန်လမ်းမကြီး၊ ... (ORANGE SUPER MART ညာဘက်)
သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၉ ၅၀၂၆၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄၂၀၃၀၇၂၇



ကျောင်းသူ/ကျောင်းသားများ စာဖတ်စွမ်းရည်၊ စာရေးစွမ်းရည်မြင့်တက်လာစေရန်ရည်ရွယ်၍ ထုတ်ဝေထားသော STUDENT'S GUIDE Reading Comprehension စာအုပ်များတွင် အသက်အရွယ်အလိုက် သိသင့်သိထိုက်သော ပတ်ဝန်းကျင်ဗဟုသုတများကို Grade အလိုက် Reading Passage ပုဒ်ရေ (50) ကျော်ဖြင့် ထည့်သွင်းပြုစုထားပြီး စာဖတ်စွမ်းရည်ကိုစစ်ဆေးသည့် စာမေးပွဲမေးခွန်းပုံစံအပါအဝင် လေ့ကျင့်ခန်းများနှင့် စာရေးစွမ်းရည်တိုးတက်စေရန်အတွက် စာပိုဒ်ကိုအခြေခံပြီး ကိုယ်ပိုင်အတွေးအခေါ်များဖြင့် ရေးသားနိုင်ရန် Writing ကဏ္ဍကိုလည်း ထည့်သွင်းပေးထားသော.......

# Student's Guide Reading Comprehension
Second Edition
Grade 1 to Grade 8



ထွက်ပြီ

အမှတ် (၃၉)၊ ၄၄-လမ်း။ ဗိုလ်တထောင်မြို့နယ်။ Ph - 01-296110, 398557, 8610088, 09-73001442, 09-780001235



# MOE THAUK PAN ACADEMIC CENTRE
## SUMMER SCHOOL

- English 4 Skills
- Cambridge Exam Prepartion. Starters, Movers, Flyers, KET, PET
- Art & Computer
- Trip
- Age 6 to 14 Years
- Duration- 8[th] March to 22[nd] May

9:00 am to 3:00pm (Monday to Friday)

Junction ဇေနနှင့် သုမင်္ဂလာအိမ်ရာအနီး၊ သုမင်္ဂလာလမ်းမကြီးပေါ်၊ ဆက်သွယ်ရေးရုံးရှေ့။
Tel - 01- 571545, 09-43122883, 09-5126882



ကျွန်ုပ်တို့ အဘိုးအဘွားထံ
ခေတ်မီမြေအုတ်ကိုကိုက်ပါ ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းထိပ်(၂)တောင်ဒဂုံ။



နွေရာသီရေကူးသင်တန်း
သင်တန်းသားများ စတင်လက်ခံ နေပါပြီ
မြန်မာ့လက်ရွေးစင်ဟောင်းများမှ စနစ်တကျ လေ့ကျင့်သင်ကြား ပေးပါသည်။ အင်းယားလမ်း ရေကူးကန် (စိန်းလမ်းစိုပြေပန်းခြံအနီး)
ဖုန်း-၀၉ ၅၃၀၆၂၅၆၊ ၀၉ ၃၂၅၀၇၀၈၈



ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၊ (၂၀၁၄-၁၅/၂၀၁၅-၁၆) ပညာသင်နှစ်တွင် (၂)နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း
● ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ... ●

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၁၀/၂၂၁

# ပညာမြင်းမိုရ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
## ၅တန်းမှ ၁၀တန်းအထိ

အဆောင်မှူး လမ်းညွှန် (Guide) ဘွဲ့ရ အလိုရှိသည်။ (ကျား)

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း...
- စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ...
  နေ့ကျောင်း / ဘော်ဒါ / တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်...
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်...

၈/၉/၁၀ တန်းခွဲ(၁)များ (မတ်လ) နောက်ဆုံးပတ် စမည်...
၈/၉/၁၀ တန်းခွဲ(၂)များ (ဧပြီလ) နောက်ဆုံးပတ် စမည်...
၅/၆/၇ တန်းများ (မေလဆန်း) စမည်...

၂၀၁၇-၁၈ ပညာသင်နှစ် အတွက်ကြိုတင် လက်ခံပြီ
တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။
ကျောင်းကား ကြို/ပို့ ရှိသည်...

အမှတ်(၃၈/၄၀)၊ သီရိဂုဏ်ဘီမ်ရား ဝေဠုဝန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၂၅၉၂၅၅၀၈၄၊ ၀၉ ၉၆၅၀၀၉၆၁၁၊ ၀၉ ၄၄၅၃၄၀၀၈၅၊ ၀၉ ၇၁၀၀၄၅၂၀၊ ၀၁ ၈၅၆၂၈၁၀



TOWARDS THE ENLIGHTENMENT
# ZMA
ZMA ESTD 2014
## Residential Private School
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
Insein , Yangon
အမှတ် ၆၁/B၊သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်။
ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကက-၁၃/၁၀/၁၉၉
Ph: 09-451202121, 09-964202121, 09-793471278, 09-73501055,09-30970004

ဒသမတန်း ပထမအတန်းခွဲ
မတ်လ(၁၅)တွင် ဖွင့်မည်။
သတ်မှတ်ဦးရေ ပြည့်ရန် (၈)ဦးသာလိုတော့သည်။

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

အဋ္ဌမတန်းနှင့် နဝမတန်း
မေလ(၄)ရက် စမည်။
၅၊၆၊၇ အတန်းများ
မေလ(၁၆)နေ့ စမည်။



- အပတ်စဉ် သင်ကြားရေးပြီးဆုံးလျှင် (Week-end) ရောက်တိုင်း မိဘတို့၏ သားသမီးများကို ပြန်လည်ခေါ်ဆောင်နိုင်ပါ၍ အခွင့်အရေး စီစဉ်ပေးထားသည်။
- ...

ကျူရှင်နှင့်ခိုင်း ထပ်မံပူစရာမလို တစ်နေရာတည်းတွင် ပြီးပြည့်စုံအောင် တာဝန်ယူသင်ကြားပေးသည်။

နွေရာသီအင်္ဂလိပ်ဘာသာအထူးသင်တန်း
Special Summer English Classes
အသက် (၉)နှစ်မှ (၁၅)နှစ်အထိ ကလေးများအတွက်
- English (4) skills - Art(painting)
- Music (Guitar and piano) - Computer
Native Speaker Teacher များဖြင့် သင်ကြားပေးသည်။
ထယ်ရီအထူးစီစဉ်ပေးသည်။
မတ်လ (၇)ရက်နေ့ စမည်။ Enroll Now !
အပတ်စဉ် - Mon to Fri

zambudeepaacademy@gmail.com, www.facebook.com/zambudeepaacademy, http://www.zma.education


သက်ရှိ လောက တည်မြဲဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

ASA AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင် – CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI (Official page)
LCCI & ACCA
စာရင်းကိုင်သင်တန်းများ
for 2017, September Exam
Level I, II, III
ခုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
LCCI Approved Centre
အမှတ် – ၂၄၄ (တတိယထပ်)၊ မီးပွိုင့်နှင့်ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း (ထက်)။ Tel: 01-377610, 01-384175, 09-730 66231, 09-730 99752, 09-320 60060

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ
(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ)
IDEAL CLASS EDUCATION CENTRE
ICEC
"စံ" ပညာ့ရိပ်သာ (လှိုင်)
ဌြိအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 3005 9147, 09 3005 9148, 09 7958 86818, 09-2559 65938
"စံပြ" ကျောင်း (တာမွေ)
(5A) လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။
Tel : 09 731 66911, 09 731 62577, 09 2559 65939, 09 7996 43183
"စံမီ" ကျောင်း (လှိုင်သာယာ)
အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09 7852 74023, 09 7998 62303, 09 7904 90781
Website : www.icecprivateschool.com
ICEC "စံပြ" (တာမွေ) ကျောင်းခွဲအား (1.3.2017) မှစ၍ (5-A)၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်သို့ ပြောင်းရွှေ့ကျောင်းအပ် လက်ခံနေပါပြီ။
Tel : 09-73166911
09-73162577
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ICEC ကျောင်းခွဲအားလုံးတွင် ကျောင်းအပ်လက်ခံနေပြီ။

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
လေငန်းဖမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်
Certificate TH06/3966.01




ZD rsdkh rduaw u,fpzD; Nobm0awmaw xefodpG

# MNDAA လက်နက်ကိုင်အဖွဲ့များ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားပြည်သူအားလုံး အကျိုးမဲ့ဖြစ်

## မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးခရီးကို တန်းတူရည်တူ စိတ်တူကိုယ်တူဖြင့် လျှောက်လှမ်းကြရန် တိုက်တွန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်)**

**"ရှမ်းပြည်နယ် လောက်ကိုင်ဒေသအတွင်း တိုက်ခိုက်မှုများနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက်"**

၁။ ယနေ့ အချိန်အခါတွင် ပြည်ထောင်စုဖွား တိုင်းရင်းသူ တိုင်းရင်းသားများအားလုံး ခိုင်မာသော စိတ်ဓာတ်၊ ညီညွတ်သော နှလုံးသားများဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး အောင်မြင်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြရန် အထူး အရေးကြီးလှပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ မကြာသေးခင်ကပင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(United Nationalities Federation Council-UNFC)၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation-DPN)နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး UNFC ၏ အဆိုပြုချက် ၉ ချက် အပေါ် သဘောတူညီချက်များ ရရှိရန် မျှော်လင့်ချက်များ ခိုင်မာစေသည့် ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။

၃။ ထို့အပြင် ငြိမ်းချမ်းရေးကော်မရှင် (Peace Commission-PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation-DPN)တို့အကြား ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သင့် ပါဝင်ထိုက်သည့် အဖွဲ့အစည်းများပါဝင်နိုင်ရေး နှစ်ဖက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။ တိုင်းရင်းသား ပြည်သူများကလည်း ထိုတိုးတက်မှုရလဒ်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြလျက် ငြိမ်းချမ်းရေးမျှော်လင့်ချက် ရောင်နီများလည်း မြင့်တက်လျက်ရှိပါသည်။

၄။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဝမ်းမြောက်ဖွယ်ရာ တိုးတက်မှုများရရှိလာခဲ့ပြီး ပိုမိုကျယ်ပြန့်စွာပါဝင်နိုင်ရေး၊ ပိုမိုခိုင်မာရှင်သန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် MNDAA လက်နက်ကိုင်အဖွဲ့များက ယနေ့နံနက် ၂ နာရီခန့်မှ စတင်၍ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသရှိ လောက်ကိုင် မြို့နှင့် ပတ်ဝန်းကျင်နေရာများသို့ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ပါသည်။ ကနဦးရရှိသောသတင်းများအရ မြို့တွင်းနေရာများသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက ဒေသခံ အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳



# ၂၀၁၇ မန္တလေးသင်္ကြန် မြို့မအလှပြယာဉ်နှင့်အတူ ဖွင့်လှစ်မည်

**မန္တလေး မတ် ၆**

ယခုနှစ် ၂၀၁၇ မန္တလေးသင်္ကြန်ဖွင့်ပွဲကို ကျုံးတောင်ဘက်(၂၆)လမ်း မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့နံနက်ပိုင်း၌ မြို့မအလှပြယာဉ်ဖြင့် သင်္ကြန်ရေကစားသူများနှင့်အတူ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမွန်က ပြောသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

# မကွေးနှင့် ဂျိုဟိုးဒါရူးလ်အသင်း ယနေ့ ကစားမည်

**ရန်ကုန် မတ် ၆**

၂၀၁၇ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် မြန်မာကလပ် မကွေးအသင်းနှင့် မလေးရှားကလပ် ဂျိုဟိုး ဒါရူးလ်အသင်းသည် မတ် ၇ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲ အတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက MFF ရုံး၌ ကျင်းပရာ နှစ်ဖက်အသင်း နည်းပြများနှင့် ကစားသမားများ တက်ရောက်ကြသည်။

မကွေးအသင်း နည်းပြချုပ် ဦးဇော်ဝင်းထွန်းက "ဂျိုဟိုးဒါရူးလ်အသင်းဟာ ၂၀၁၅ ပြိုင်ပွဲမှာ ဗိုလ်စွဲထားတဲ့ အသင်းဖြစ်ပြီး အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ ပြိုင်ပွဲတစ်ခု ယှဉ်ပြိုင်ပြီဆိုရင် ရာသီဥတုအနေအထားတွေ၊ အိမ်ကွင်း၊ အဝေးကွင်းတွေ မရှိတော့ပါဘူး။ ပွဲတိုင်းက အရေးပါလာပါပြီ။ ဂလိုဘယ်အသင်းနဲ့ယှဉ်ပြိုင်ခဲ့တဲ့ ပထမ ပွဲမှာ ကြိုးစားကစားခဲ့ပေမယ့် အဆုံးသတ်ဂိုးသွင်းအားနည်း လို့ ရှုံးခဲ့ရတာပါ။ ဒီပွဲမှာ အမှတ်ရဖို့ သေချာပြင်ဆင်ထား ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ○

**AFC Women's Football Day 2017**
**မတ် ၈ ရက်တွင် ကျင်းပမည်**

စာမျက်နှာ - ၁၁




ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

• စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
• လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော်
ဦးစီးသော...

# UEC
United Education Centre

ကက–၁၃/၂၂/၂၃၅

ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါ နှင့် DAY CAMP



မောင်လွင်မင်းသိန်း
ဆကရ - ၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)

၂၀၁၅–၁၆ ပညာသင်နှစ်ထူးချွန် ကျောင်းသား၊ ကျောင်းသူများ



မောင်လွင်မင်းသိန်း ဆကရ–၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)
မောင်စိုင်းသေဘုန်းမြတ် ဆကရ–၁၄၃၁ (မြန်မာ၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)
မဆေးတော်ခင် ဆကရ–၀၄၀၉ (အင်္ဂလိပ်၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)
မောင်သက်ဝင်းမောင် ဆကရ–၁၄၃၃ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)
မကြည်ဖြူအေးချမ်း ဆကရ–၁၄၁၂ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)

၂၀၁၇ – ၁၈ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ပြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း – English 4-skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များ ပါဝင်သည်။
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှု နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ်အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၏ Air-con တပ်စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာသင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

SIS
Education Services
"Teaching for society"
UK Teaching Qualifications in Myanmar
အမှတ်(၂၀)၊ (၄)လွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ Tel: 09421008412
Diploma in TESOL (16th Batch)
11 March ဖွင့်မည်။
London Teacher Training College (UK) နှင့် SIS Education တို့ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်စာသင်ကြားရေး Diploma ဖြစ်ပါသည်။
International School များတွင် Teacher Training များပေးခဲ့သော Certified TESOL Trainer **ဆရာဦးထင်အောင်ကျော်** B.A (Eng;), Dip-ELTM, M.A (EFL) ကိုယ်တိုင်သင်ကြားပါမည်။
သင်တန်းပြီးဆုံးပါက Diploma in TESOL လက်မှတ်ရရှိပါမည်။ ကြိုတင်ငွေသွင်းအပ်နှံနိုင်ပါပြီ

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

"ပါကေးခင်းမယ်ဆိုရင် သတိရပါ၊ ဆက်သွယ်ပါ။ အိမ်ရှင်တိုင်း စိတ်ချမ်းသာစေရမည်"
UNP
ပါကေးဦးထွန်းမိသားစု
ဆရာလေး ဦးညွန့်ဖုန်း ဖန်တီးသည်
နှစ်အလိုက် အာမခံချက် ပေးပါသည်။
ကျွမ်းကျင်သောဝန်ဆောင်မှု၊ ပြေပြစ်သော ဆက်ဆံရေး၊ နွေးထွေးသော စေတနာ
ကိုယ်ပိုင်စက်ရုံမှ ထုတ်လုပ်၍ ဆန်းသစ်သောပုံစံများဖြင့် မြို့တိုင်းသို့ လိုက်လံဆောင်ရွက်သည်။
ဆိုင် – အမှတ်(၁၀၃၊ ၁၅၀) နေ့တလေးထိန်းကျောင်းဝင်း၊ ကမ်းနားလမ်းကျယ်(အလုံမီးသတ်အနီး)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
စက်ရုံ – ၄၇၂၊ ပတ္တမြားလမ်း၊ စက်မှုဇုန်အပိုင်း(၅)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
နေပြည်တော်ဆိုင်ခွဲ – ၄၇၅/က၊ ဝေါင်းလောင်း(၃)ရပ်ကွက်၊ ရန်ကုန် – မန္တလေးလမ်းဟောင်း၊ နေပြည်တော်။
Hot Line 09-500 4036
ဖုန်း – [illegible]



MNL
# Myat Noe Lay Co.,Ltd.
SMILE
ABC Dry Chemical Powder Type
SMILE 2Kg , 3Kg မီးသတ်ဆေးဘူးများကို
ဈေးများ၊ကျောင်းများ၊ရုံးဌာနများအတွက်
အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။

Fire Services Department
Inspection Certificate

ISO 9001:2008 Cert. No. 685942



3Kg
၃နှစ် အာမခံ
အရောက်ပို့
တပ်ဆင်
ရှင်းပြ

မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို အခမဲ့ဆောင်ရွက်ပေးပါသည်။
(ရန်ကုန်တိုင်းဒေသကြီးအတွင်းသာ)
(ရန်ကုန်) Hot Line: 01 556577,09 5028000, 01 548157
အမှတ်(၄၁)၊ဦးချစ်မောင်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်။

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဧပြီလ ၁၊ ၂ (၇၇) ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မတ်လ ၁၈ ရက်တွင် စတင်လက်ခံ၍ ဧပြီလ ၁၊ ၂ ရက်များတွင် ၇၇–ကြိမ်မြောက် ဦးရေ (၉၇၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀ိ/– ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူလိုက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန – သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ မြည်သာသာ၊ ရန်ကင်း။ (ကျိုက္ကဆံစုပါဝင်၊ တာမွေလေး၊ သလမ်းအနီး) ဖုန်း – ၀၁–၅၄၁၄၉၃၊ ၀၉–၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် – အရှင်စနေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အရစ်ကျ ငွေချေစနစ်နှင့် အငှားမှအပိုင်ဝယ်စနစ်**

PRIME-BOSS

**MX-C300F**
Full Color MFP



Std : Fax/ Network Print/ Color Scan/ PS3

**MX-2614N**
Digital Full Color MFP System
- Std : Feeder/ Duplex
- 7" Color LCD Touchpanel
- Std: A3Color Copy/ Network Print/ Network Color Scan
- USB Memory Print/Scan
- Low Runing Cost (လုပ်ငန်းသုံးရန်သင့်လျော်)






Special Gift
40" LED TV

**AR-6020**
Digital MFP System
Std : A3 Copy/ Print/ Color Scan

Special Price
800,000 KS



**Prime - Boss Company Limited**
* မိတ္တူနှင့်DTP လုပ်ငန်းများ ဆက်သွယ်နိုင်ပါသည်။ *
* All Photos Shown with Option
Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botataung Township, Yangon. Tel : 01 256644, 256508 Hot Line : 09 788888929 Fax -01 256158
Naypyitaw - Tel: 067-421393 Mandalay - Tel: 09-91023841 Email: sales@primeboss.com.mm
Since 1996

# Junction City Yangon ( ဗိုလ်ချုပ်ဈေးသစ်) တွင်ဖွင့်လှစ်မည့် Forever Gems By ရွှေနန်းတော်စိန်ရွှေရတနာဆိုင် ဖွင့်လှစ်မည့် နေ့ရက်ပြောင်းလဲကြောင်းကြေငြာခြင်း

## The Most Exciting Opening Sales

နေ့ရက် – ၂၀၁၇ ခုနှစ်၊ မတ်လ (၂၅) ရက် (စနေနေ့) မှ (၂၈) ရက် (အင်္ဂါနေ့) အထိ
အချိန် – နံနက် (၉း၀၀) နာရီ မှ ည (၁၀း၀၀) နာရီ အထိ

## ဖွင့်ပွဲ နေ့ရက် နှင့် အချိန်

နေ့ရက် – ၂၀၁၇ ခုနှစ်၊ မတ်လ (၂၅) ရက် (စနေနေ့)
အချိန် – နံနက် (၉း၃၀) နာရီတွင် ဖွင့်ပွဲအခမ်းအနား စတင်ပါမည်။
နေရာ – အခန်း (၂၀၁)၊ ပထမထပ်၊ Junction City Yangon (ဗိုလ်ချုပ်ဈေးသစ်)

ယခင်ဖိတ်စာဝေထားသည့်ဆိုင်ဖွင့်ပွဲရက်များတွင် ဖွင့်လှစ်ရန်အဆင်မပြေမှုများစွာရှိသည့်အတွက်
**Customer များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။**
ကံစမ်းမဲနှင့်ရွှေသားလက်ဆောင်ချီးမြှင့်ပေးမည့်အစီအစဉ်၊ စင်ကာပူနိုင်ငံမှကမ္ဘာကျော်တေးဂီတဖျော်ဖြေမှု၊ နိုင်ငံကျော်အနုပညာရှင်များ၊ ဖက်ရှင်ရှိုးများ၊ ယခင်ဖွင့်ပွဲများထက် ပိုမို၍ထူးခြားစမ်းနားဆန်းပြားစွာ ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက်ကြွရောက်ချီးမြှင့် အားပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

# SGH CAR TRADING

**အိမ်သုံးကား၊ Taxi ကားလုပ်ငန်းသုံးကား၊ ခရီးသည်တင်ကား၊ မြေသယ်ကားများကို ဘဏ်နှင့် ချိတ်ဆက်စရာမလိုပဲ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။**



အမှတ်(၄၃၂)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၅၁၀)၊ မာလာမြိုင်လမ်းသွယ်၊ လှည်းတန်း (AGD ဘဏ်ဘေး)၊ ကမာရွတ်မြို့နယ်၊
ဆက်သွယ်ရန်လိပ်စာ 01-220502 , 01-503439, 09-785030336, 09-784551277, 09-965030336

